
www.burmeseclassic.com

# ပြည်ပိုင်မှူးအိမ်

ပေလီကာခရု



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပြည့်ပိုင်မျိုးအိမ်

# ပေလီက

ခရု

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊
ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပြည့်ပိုင်မှူးအိမ်၏ စာအုပ်အမှတ်စဉ် (၂၂)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၇၂၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၆၀၀၇

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | လှကော်သစ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ဒုတိယ(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မပုံနှိပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |


All the world's a stage and all the men and women merely players.

- Shakespeare

ဘော်ဒါတွေက တစ်ယောက်မှမနိုးကြသေး။ ကိုယ်လက်မျက်နှာသန့်စင်ပြီး ဟိုတယ်အခန်းထဲမှထွက်ခဲ့ဖြစ်သည်။

ဟိုတယ်နှင့်ခပ်လှမ်းလှမ်းမှာရှိသော ကမ်းခြေဆီ ကင်မရာဆွဲရင်းရောက်ရှိလာသောသူ့ကို ပင်လယ်ပြင်ကိုဖြတ်သန်းလာသော လေပြည်ညင်းက တိုးဝှေ့တိုက်ခတ်ရင်းကြိုဆိုသည်။

မကြာမီ နေထွက်တော့မည်။

အဲဒီအချိန်အခါကိုစောင့်ရင်း သူဓာတ်ပုံရိုက်မည်။ အရွယ်အစားမတူသောလှေများက ပင်လယ်ထဲမှာလှုပ်လှီလှုပ်လဲ့ဖြင့် လှုးလွန့်ကာနေကြသည်။

အချိန်ကစောသေးသည်မို့လားတော့ မသိ။ ကမ်းခြေမှာလူသွားလူလာ မတွေ့သေး။ ကမ်းခြေ၏သဲပြင်နူးနူးပေါ် ဖိနပ်မပါဘဲလျှောက်ရသောအရသာကို သူခံစားရင်း ဟိုဘက်ဒီဘက်လျှောက်နေဖြစ်သည်။

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်ကိုဖြတ်သန်းတိုက်ခတ်နေသော လေနုအေး၊ အပျိုစင်တစ်ဦး၏ပဝါစဖြူဖြူလေးလို လှုပ်ခတ်နေသောလှိုင်းလုံးများနှင့်အုန်းပင်တို့ အနားသတ်ထားသော ဤသဲသောင်ပြင်ကမ်းစပ်ကို သွားလေရာရာဆွဲယူသွား၍ရလျှင်လည်း ကောင်းသားဟု သူတွေးဖြစ်သည်။

“ဟင်”

လျှောက်လာရင်းက သဲပြင်ပေါ်မှာတွေ့ရသော ဖြူဆွတ်နေသည့်ခရုနှစ်ခုကို ကဗျာဆန်စွာသူတွေ့ရသည်။

ကဗျာဆန်စွာဟု တင်စားရသောအကြောင်းကရှိသည်။ သဲပြင်၏အရောင်နှင့်ဆန့်ကျင်စွာ ဖြူဆွတ်နေသော ခရုခွံနှစ်ခုက ခေါင်းချင်း ဆိုင်ကာ တစ်ခုကိုတစ်ခုမှီနွဲ့နေသလိုမျိုးဖြစ်ကာနေသည်။ ယှဉ်ကာရှိနေခြင်းမျိုးလည်း မဟုတ်။

မြင်ကွင်းကိုသဘောကျသည်မို့ သူ ကင်မရာဖြင့် Angle အမျိုးမျိုးမှနေ ရိုက်ယူဖြစ်သည်။ ပြီး ခရုငယ်အချို့ကိုကောက်ယူကာ ဘေးမှာအသည်းပုံဘောင်ခတ်ပြီး ရိုက်ဖြစ်သည်။ ပြီး ၎င်းခရုဖြူနှစ်ခုကိုကောက်ကာ သူချွတ်ထားခဲ့သောဖိနပ်ဆီယူသွားကာ ကင်မရာအိတ်နှင့်ယှဉ်ကာချထားဖြစ်သည်။

နေလုံးကြီးက တဖြည်းဖြည်းမြင့်တက်လာပြီမို့ သူလိုချင်သောအနေအထားအရောက်မှာ မာတ်ပုံတို့ကို သူဆက်တိုက်ရိုက်ဖြစ်သည်။

ကျေနပ်လောက်အောင်ရိုက်ယူပြီးခါမှ သူ ဟိုတယ်ကိုပြန်ရန် နောက်ကြောင်းလှည့်ဖြစ်သည်။

ကမ်းခြေမှာ အခုတော့လည်း သူတစ်ယောက်တည်းမဟုတ်တော့။ ခရုကောက်သောကောင်မလေးတစ်သိုက်တို့ ရောက်ရှိလို့လာသည်။

အသက်နှစ်ဆယ်စွန်းစွန်းသာရှိသေးဟန်တူသော ကောင်မ





လေးတစ်သိုက်က မူလတန်းကျောင်းသူလေးများလို ဟိုပြေးသည်ပြေးဖြင့် ခရုတို့ကို အလုအယက်လိုက်ကောက်နေကြသည်။

ထိုအထဲကမှ ကောင်မလေးတစ်ယောက်က ခရုကောက်ရင်း သူထားရစ်ခဲ့သော ကင်မရာအိတ်နှင့် ဖိနပ်ရှိရာဘက်ကို တရွေ့ရွေ့သွားနေသည်။

ဖြူလွလွဂါဝန်ကိုဝတ်ဆင်ထားသောကောင်မလေးကိုကြည့်ရင်းက စောစောကကောက်ထားသော ခရုဖြူနှစ်ခုကို သူသတိရလိုက်သည်။ တော်ကြာ သူအမှတ်တရကောက်ယူထားသော ၎င်းခရုဖြူတို့ကိုကောက်ထားသည်ဟုမထင်ဘဲ အမှတ်တမဲ့ကောက်သွားပါက မခက် လား။

သူတွေးမိသည့်အတိုင်း ကောင်မလေးက သူ့ဖိနပ်ချထားရာနေရာမှ ကုန်းကောက်ဟန်ပြင်နေသည်ကို သူအလန့်တကြားမြင်လိုက်ရသည်။

“ဟေ့ - ပိုင်ရှင်ရှိတယ်နော်”

ရုတ်တရက်အော်သော သူ့အသံကြောင့် ကောက်ဟန်ပြင်နေသောကောင်မလေး၏လက်တို့က လေထဲမှာရပ်တန့်ကာသွားသည်။

ထို့နောက်

အော်ရင်းပြေးလာသောသူ့ကို ကြောင်တောင်တောင်ဖြင့်ကြည့်သည်။

“အဲဒါ ပိုင်ရှင်ရှိတယ်”

နောက်တစ်ခေါက်ထပ်ပြောသော သူ့စကားကြောင့် ထိုအဖြူရောင်အရိပ်လေးက ခါးထောက်သည်။ ပြီး

“ကျွန်မ သူခိုးမဟုတ်ဘူး”

ရှက်ဝဲဝဲမျက်နှာပေါ်မှာ ပန်းရောင်ရဲရဲ ရှက်ရိပ်တွေသန်းနေသောကောင်မလေးက နှုတ်ခမ်းကိုအနည်းငယ်စူရင်း မျက်နှာကိုဖြ



www.burmeseclassic.com

www.burmeseclassic.com



လျှက်ဆိုသည်။

လှပသောကောင်မလေးတစ်ယောက် နှုတ်ခမ်းကိုစူတူတူပြု ရင်း ရှက်ဝဲဝဲဖြစ်နေသောဟန်ကို ကြုံတောင့်ကြုံခဲမို့ သူကင်မရာဆီ လက်က မသိစိတ်ဖြင့်ရောက်ကာသွားသည်။ သို့သော်. . မရိုက်ဖြစ်။ ရိုက်ရန်လည်းမသင့်ဟု သူထင်သည်။

“မင်းကိုလည်း ငါက သူခိုးလို့ တစ်ခွန်းမှမပြောသေးဘူး”

“ဒါပေမဲ့ ရှင်ကပိုင်ရှင်ရှိတယ်လို့ အော်တယ်လေ”

“ဟုတ်တယ်လေ. . . မင်းပဲ ယူမလို့လက်လှမ်းနေတဲ့ဥစ္စာ”

သူ့စကားကြောင့် သူမ၏မျက်နှာပေါ်မှ ပန်းရောင်ရှက်ရိပ် တို့က နီရဲရဲအရောင်သို့ ကူးပြောင်းကာသွားသည်။

“ကျွန်မလက်လှမ်းတာက ရှင့်ဖိနပ်အစုတ်ကိုလည်းမဟုတ် ဘူး. . . ကင်မရာအိတ်ခွံအစုတ်ကိုလည်း မဟုတ်ဘူး. . . ဟို ခရုကို ရှင်သိလား”

“သိတယ်”

“ဘာ. . သိတယ် ဟုတ်လား. . . သိရင် ဘာကိစ္စအော်လဲ”

“ပိုင်ရှင်ရှိလို့ပေါ့”

နှုတ်ခမ်းတစ်လန် ပန်းတစ်လန်ဖြင့်ဆိုနေသောကောင်မလေး ကို ချစ်စနိုးဖြင့် သူစ-နေမိသည်။ စကားကိုကတ်သတ်၍ဆိုနေသော သူ့ကိုကောင်မလေးက ခပ်စူးစူးဖြင့်ကြည့်နေစဉ်မှာပင် သူမ၏သူငယ် ချင်းများရောက်ချလာသည်။

“ဘာဖြစ်တာလဲဟေ့. . . ဇာတ်လမ်းရှာနေတာလား”

ပြောင်စိစိမျက်နှာကို စွတ်အတင်းကြီးတည်ထားရဟန်တူ သော သူမ၏သူငယ်ချင်းများက လုပ်ယူကာထားရသောမျက်နှာတည် ကြီးများဖြင့် သူ့ကိုကြည့်ရင်းက သူမကိုဆိုသည်။

“ဒီမှာဟာ. . . ဟိုခရုနှစ်ခုကို ငါကကောက်မလို့ဥစ္စာ. . .





အဲဒါ သူက သူ့ဖိနပ်ကိုယူတယ်ထင်ပြီး ငါ့ကို အဲဒါပိုင်ရှင်ရှိတယ်နော် လို့အော်တယ်”

“ဟင် - ဒါဆို နင်ကနေရင်းထိုင်ရင်းနဲ့ ဖိနပ်သူခိုးဖြစ်သွား တယ်ပေါ့”

“ဒါပေါ့”

“ဒီမှာ သူ့ဖိနပ်သူခိုးမှန်း ရှင်ဘယ်လိုလုပ်သိလဲ”

“ဟဲ့ - မှားနေပြီ”

ထိုအူကြောင်ကြောင်မလေးက ကျွန်တော့်ကိုလှည့်ပြီး ဒေါနှင့် မောနှင့်ရန်ထောင်သည်။ ဖြစ်ချင်တော့ ဒိုင်ယာလော့ခ်ကမှားနေသည်။ ဘေးမှသူငယ်ချင်းများက ‘မှားနေပြီ’ဟု ဝိုင်းပြီးလက်တို့ကြသည်။ အူ ကြောင်ကြားမလေးက ‘ယောင်လို့. . ယောင်လို့’ဟုဆိုပြီး ကျွန်တော့် ဘက်ကိုခါးထောက်၍ မျက်နှာမူသည်။ စတိုင်က ဖွဲတော့မည့်စတိုင်။

“ဒီမှာ ကျွန်မသူငယ်ချင်းက ဖိနပ်သူခိုးမဟုတ်ဘူး. . . သူက မလစ်ရင် ဘာမှမလုပ်ဘူး. . . လစ်မှလုပ်တာ. . . အဲလေ”

“ဟဲ့ - မှားကုန်ပြီ”

အူကြောင်ကြားမလေးကို သူငယ်ချင်းများက ‘မှားကုန်ပြီ’ ဟုဆိုရင်း သူမတို့အဖွဲ့၏နောက်ကိုဆွဲကာသွားသည်။ ထိုကောင်မ လေးက

“ငါပြောဦးမယ်. . . ဒီတစ်ခါ မမှားစေရဘူး”

ဟုအော်ရင်း ယက်ကန်ယက်ကန်ဖြင့် နောက်ရောက်သွား သည်။

နောက်ကောင်မလေးတစ်ယောက်က ရှေ့ထွက်လာသည်။

“ဒီမှာ”

“ဟုတ်ကဲ့ ပြောပါ”

သူလည်း တမင်ပင်ပြန်၍ အူကြောင်ကြောင်လုပ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျွန်သူငယ်ချင်းက သူခိုးမဟုတ်ဘူး"

"အေး - ငါကလည်း မင်းတို့သူငယ်ချင်းကို သူခိုးလို့. . တစ် . . ခွန်း. . မှ မပြောရသေးဘူး"

သူ့စကားကြောင့် ရှေ့ထွက်လာသောကောင်မလေးက ကြောင်သွားသည်။ ထိုအခါမှ ပြဿနာ၏အစဖြစ်သူကောင်မလေးက ရှေ့ကိုမျက်နှာနီစွေးစွေးဖြင့် ထွက်လာပြီး

"သူခိုးလို့မပြောပေမယ့် အဲဒါပိုင်ရှင်ရှိတယ်လို့ပြောတယ် . . . ငါက ခရုကောက်မလို့ဟာကို. . . သူက သူ့ပစ္စည်းတွေယူတယ် ထင်ပြီးတော့ အော်တာ"

ကောင်မလေးက ကလေးတစ်ယောက်လိုနှုတ်ခမ်းစူပြီး သူမ၏သူငယ်ချင်းကိုတိုင်သည်။

"ဟုတ်သားပဲ. . . သူက ခရုကောက်မလို့လုပ်တာကို ရှင်က မမြင်မစမ်းနဲ့ ဘာကိစ္စ ထအော်ရတာတုံး. . . ရှင် ဒီကပြန်ရင် မျက်စိမျက်မှန်လေးဘာလေး စမ်းဦး. . . ကြားလား"

"ဟုတ်တယ်. . . ပြောပစ်လိုက်"

ဘေးမှကောင်မလေးတစ်သိုက်က ရှေ့ထွက်ကောင်မလေး ကို ဝိုင်း၍မြှောက်ပေးကြသည်။ အဖြူရောင်ကောင်မလေးကတော့ သူ့ကိုမျက်စောင်းထိုးသည်။

"ငါကလည်း အဲဒီသူကောက်မယ့်ခရုမှာ ပိုင်ရှင်ရှိတယ်လို့ ပြောတာ"

သူ့စကားကြောင့် အဖြူရောင်ကောင်မလေးက 'ဘာ'ဟု ထအော်သည်။ ကျန်ကောင်မလေးများကပါ ပွစိပွစိတွေဖြစ်ကုန်ကြ သည်။

"ရှင်ပြောသလိုသာဆို ကျွန်မတို့လက်ထဲက တစ်ချိန်လုံး





ကောက်လာတဲ့ခရုတွေပါ ရှင့်ပစ္စည်းလို့ပြောတာနဲ့ ပြန်ချပေးရမလို ဖြစ်နေပြီ. . . ဒီကမ်းခြေမှာရှိတဲ့ခရုတွေအကုန်လုံး အရင်ဦးတဲ့လူ ယူ မှာပဲ"

"ဟုတ်တယ်. . . ယူ. . ယူ. . . သူငယ်ချင်း ယူ"

ရှေ့ထွက်ကောင်မလေး၏စကားအဆုံးမှာ အဖြူရောင် ကောင်မလေးကို ကျန်ကောင်မလေးများက 'ယူ. . ယူ'ဟုမြှောက်ပေး သည်။ ကောင်မလေးကလည်း အယောင်ယောင်အမှားမှားဖြင့် ခရု နှစ်ခုကိုကောက်သည်။

ဖျတ်ဆို ကျွန်တော်က ခရုကိုင်ထားသောကောင်မလေး၏ လက်ကို အပေါ်ကမိုးကိုင်ရင်း 'ငါ့ဟာလို့ ဘယ်နှခါပြောရမလဲ'ဟုဆို ဖြစ်သည်။ လက်အကိုင်ခံရသောကောင်မလေးက ခရုကို မရအရယူ ပြီး ၎င်းလက်ကို နောက်ပစ်ကာထားရင်းက

"ကမ်းခြေပေါ်မှာရှိတဲ့ခရုတိုင်း ရှင့်ခရုလို့ပြောချင်လို့ ဘယ်ရ မလဲ. . . စောစောကသူငယ်ချင်းပြောသလိုပဲ ရှင့်ခရုပါဆိုတာနဲ့ အရင် ကောက်ထားတဲ့ခရုတွေပါ ထားခဲ့ရမလိုဖြစ်နေပြီ"

မျက်စောင်းတခဲခဲဖြင့် အဖြူရောင်ကောင်မလေးကဆိုသည်။ သူမ၏သူငယ်ချင်းအုပ်စုထဲကပဲ 'ဇာတ်လမ်းမရှာနဲ့နော်'ဆိုသောအသံ ကို ကြားလိုက်ရသည်။

"တကယ်ပြောတာ အဲဒီခရုက ငါကောက်ထားတာ"

"ဘာသက်သေရှိလဲ. . . သက်သေရှိရင် ပြန်ပေးမယ်"

အဖြူရောင်ကောင်မလေးက ညစ်ကျယ်ကျယ်ပြုံးရင်းဆို သည်။

"သက်သေ ဟုတ်လား"

"ဟုတ်တယ်. . . ရှင်ကောက်ထားပါတယ်ဆိုတဲ့သက်သေရှိ ရင် ပြလေ. . . ဒီခရုနှစ်ခုပါမကဘူး. . . ကျွန်မတို့အားလုံးကောက်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ခရုတွေပါ. . . ရှင့်ကို Present ပေးခဲ့ဦးမှာ"

"ဟုတ်တယ်"

"မှန်တယ်"

"ထောက်ခံတယ်"

"အပျော်ပေါ့"

အဖြူရောင်ကောင်မလေး၏စကားအဆုံးမှာ ကျန်ကောင်မလေး လေးယောက်က ဝိုင်း၍ခေါင်းညိတ်ထောက်ခံကြသည်။ သူတို့စိတ်ထဲမှာ သူတို့ဘက်ကအသာဟု တွက်ထားပုံရသည်။

"ငါက သက်သေပြလို့ မင်းတို့ကမလိုက်နာရင် ဘယ်လိုလုပ်မလဲ"

"ကျိန်မယ်. . . ဥပမာ ရှင်သက်သေပြနိုင်ရဲ့သားနဲ့ ကျွန်မတို့က ခရုတွေအကုန်လုံးမပေးခဲ့ဘူးဆိုရင် အပျိုကြီးဖြစ်ပါစေ. . . ထိတစ်သက်လုံးမပေါက်ပါစေနဲ့. . . အဲဒါမျိုး"

"သေချာတယ်နော်"

ပြောင်ချော်ချော် သူ့အမေးအဆုံးမှာ ကောင်မလေးများက 'စိန်လိုက်'ဟု ဆောင့်ကြွားကြွားဆိုကြသည်။

သူပြုံးရင်း ကင်မရာ၏ power ကိုဖွင့်ကာ စောစောက သူ Angle အမျိုးမျိုးမှရိုက်ယူထားသော ခရုဖြူနှစ်ခု၏ပုံအပြင် ခရုသေးသေးလေးများဖြင့် အသဲပုံဘောင်ခတ်ကာရိုက်ထားသောပုံကိုပါရှာပြီး ကင်မရာ၏ screen မှာ ပြပေးလိုက်သည်။

"ဟယ်. . ဟုတ်တယ်တော့"

"မှန်းစမ်း. . . အယ် - ဟုတ်နေတယ်. . . ကြည့်စမ်း"

အဖြူရောင်ကောင်မလေးက လုံးဝမကြည့်သေး။ အခြားကောင်မလေးလေးယောက်ကသာ screen မှာလာကြည့်ပြီး မျက်စိပျက်၊ မျက်နှာပျက်များဖြင့် အသီးသီးရေရွတ်ကြသည်။





"တစ်မနက်ခင်းလုံးကောက်ထားတဲ့ ခရုတွေတော့ သဲထဲရေ သွန်ဖြစ်ပါပြီ"

"ဟော့ - မင်းလာကြည့်လေ"

". . . . . ."

သူ၏ ပြုံးစိစိအဆိုကို ကောင်မလေးက ဘာမှပြန်မဆိုဘဲ သူမ၏သူငယ်ချင်းများကို ကြောင်စီစီဖြင့်ကြည့်သည်။ ပြီး သူမ၏ လက်ခုပ်ထဲမှခရုတို့ကို နှမြောတသစွာကြည့်သည်။

"မင်းလာမကြည့်ရင်လည်း ငါလာပြရတာပေါ့"

ပြောပြောဆိုဆိုပင် ခြေလှမ်းနှစ်လှမ်းခန့်သာဝေးသော မျက်နှာချင်းဆိုင်မှာရပ်နေသည့်ကောင်မလေးဆီလျှောက်ရင်း camera screen ကိုပြဖြစ်သည်။ ကောင်မလေးက screen ကို မရဲတရဲဖြင့် ဆတ်ခနဲကြည့်သည်။ ပြီး မျက်စိမျက်နှာပျက်ဖြင့်

"ရော့"

ဖြူဖွေးသော သူမ၏လက်ခုပ်ထဲမှခရုတို့ကို သူမက 'ရော့' ဟုဆိုရင်း ခပ်ဆောင့်ဆောင့်ဖြင့်ပေးသည်။ သူမမျက်နှာတစ်ခုလုံးက စတော်ဘယ်ရီသီးနီနီလို ချိတ်တက်နေအောင် နီရဲကာနေသည်။ သူကလှမ်းယူရန်ပြင်စဉ်မှာပင် သူမက ဆတ်ခနဲလက်ကိုပြန်ရုပ်သည်။

"ရှင် ဘယ်ဟိုတယ်မှာတည်းတာလဲ"

"ဘာဖြစ်လို့လဲ"

ရုတ်တရက်မေးသော သူမ၏အမေးကြောင့် သူကြောင်သွားရသည်။ သူသာမက သူ့သူငယ်ချင်းများပါ ကြောင်သွားကြသည်။

ပြန်၍ပေးသော သူ့အမေးကြောင့် သူမကခေါင်းကိုမော့သည်။

"ရှင်ဖြေမှာသာ ဖြေပါ"

"(---) ဟိုတယ်မှာတည်းတာ. . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် - ငါတို့နဲ့အတူတူပဲတော့"

သူ့အဖြေအဆုံးမှာ သူမ၏သူငယ်ချင်းအူကြောင်ကြားမလေးက ထ၍ဆိုသည်။

"ဒါဆိုရင် အဲဒီဟိုတယ်ရဲ့ဈေးအချိုဆုံးအခန်းတောင် တစ်သိန်းဝန်းကျင်ရှိတယ်ဆိုတာ ကျွန်မသိတယ်. . . ဒီလိုလုပ်ပါလား . . . ဒီခရုတွေကို ကျွန်မဝယ်လိုက်မယ်. . . ဈေးက ရှင်တည်းနေတဲ့အခန်းခကို ကျွန်မတစ်ပတ်စာရှင်းပေးမယ်. . . တကယ်လို့ ရှင်ငါးရက်တည်းတည်းတယ်ဆိုရင်လည်း ပိုနေတဲ့နှစ်ရက်စာကို ဒီပို့စ်စ်တင်ထားတယ်လို့သဘောထားပြီး ထုတ်သွားလို့ရတယ်. . . ကဲ - ဘယ်လိုလဲ"

ဝုန်းခနဲ သူ့ရင်ကို သူမ၏စကားတို့က လာရိုက်ခတ်သည်။ ကြောလှချည်လားဟု။ ပစ္စည်းရှိလူတန်းစား၊ လူကုံထံတို့၏စတိုင်မျိုးချိုးနေသော သူမ၏စကားအဆုံးမှာ သူမ၏သူငယ်ချင်းများက 'ဟဲ့ - ဖြူမဥ္ဇူ'ဟု လှမ်းဟန့်သည်။ 'ဖြူမဥ္ဇူ'တဲ့လားဟု သူတွေးဖြစ်သည်။

"ကဲ - ဘယ်လိုလဲ"

သူမက မျက်ခုံးကိုပင့်ရင်း ခပ်ကြောကြောစတိုင်ဖြင့်ဆိုသည်။

"ဒီလိုလုပ်ပါလား. . . အဲဒီခရုလို ပုံစံတူခရုကို ဒီကမ်းစပ်မှာ မင်းထပ်ရှာပေးနိုင်မလား. . . ဆိုလိုတာက အမှတ်တရဆိုင်မှာပြေးဝယ်တာမျိုးမဟုတ်ဘဲနဲ့ ဒီကမ်းခြေမှာ ခုချက်ချင်းရှာရမှာကိုပြောတာ . . . အရေအတွက်နည်းနည်းပဲရရင် မင်းတို့တစ်အုပ်စုလုံးနေတဲ့အခန်းခအတွက် တစ်လစာကို ငါရှင်းပေးမယ်. . . တစ်ရက်တည်းနေပြီးပြန်တာဆိုရင်လည်း ပိုတဲ့နှစ်ဆယ့်ကိုးရက်စာကို ဒီပို့စ်စ်တင်ထားတယ်လို့ သဘောထားပြီး ထုတ်သွားလို့ရတယ်. . . ငါကျေနပ်လောက်တဲ့အထိ ခရုခပ်များများကို အခုချက်ချင်းရှာပေးနိုင်ရင် အခန်းခ နှစ်လစာဖိုး ငါရှင်းပေးမယ်. . . ဘယ်လိုလဲ ထပ်ရှာပေးနိုင်မလား"





သူ့စကားအဆုံးမှာ သူမက တက်ကိုခပ်ပြင်းပြင်းခေါက်သည်။ ပြီး ခရုတို့ကို သူ့ရှေ့သောင်ပြင်ပေါ်ပစ်ချရင်း

"မုန်းစရာကောင်းလိုက်တာ"

ဟု ခပ်ဆောင့်ဆောင့် အံကြိတ်ကာဆိုရင်း ထွက်ကာသွားသည်။ သူမ၏သူငယ်ချင်းများကပါ သူမလုပ်သလို ခရုတို့ကို သူ့ရှေ့ပစ်ချကြရင်း

"ရုပ်ကိုက မပြောလိုက်ချင်ဘူး"

"မာရေကြောရေနဲ့"

"ဟွန်း - တွေ့ဦးမယ်"

စသည်ဖြင့် တစ်ယောက်တစ်ပေါက်ရေရွတ်ရင်း ထောပနာပြုသွားကြသည်။ ဖြူမဥ္ဇူဆိုသော အဖြူရောင်အရိပ်လေးကတော့ ရှေ့ဆုံးမှနေ ဒေါသကြီးစွာဖြင့် ဆောင့်ကြီးအောင့်ကြီးချီတက်သည်။ ပြီး ခဏခဏနောက်ပြန်လှည့်ကြည့်သည်။ စပ်ဖြီးဖြီးကြည့်နေသော သူ့ကိုတွေ့ရသောအခါ နှုတ်ခမ်းကိုကိုက်ကာ မျက်စောင်းကို ဝုန်းခနဲလှိုင်းပုတ်သလိုလှမ်းထိုးသည်။

သူမပစ်ချခဲ့သော သူ၏ခရုဖြူနှစ်ခုကတော့ သူမ၏သူငယ်ချင်းများပစ်ချခဲ့သော ခရုများကြား၌ ငြိမ်သက်စွာပဲရှိလို့နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"မိုက်လား သူရ"

"ဘာကိုပြောတာလဲ"

"ဩော် - မင်းပြောတဲ့ဆတ်ဆတ်ကဲ့မလေးက ချောလား၊ မိုက်လားလို့မေးတာ"

"မသိဘူးလေ. . . မင်းပြောတဲ့ပုံစံက ငါ့ကိုပဲရန်စနေသလိုလို ဘာလိုလိုနဲ့"

"ကဲပါ - အဲဒါတွေ အသာထားစမ်းပါ. . . မင်းတို့နှစ်ကောင်လုပ်နေတာနဲ့ လိုရင်းကပျောက်တော့မယ်. . . ကဲ ကဲ. . သူရ. . . မင်း ဟိုကောင်ငွေမောင်မေးတဲ့မေးခွန်းကို မဖြေသေးဘူး. . . ဒီတော့ ငါကပါထပ်မေးဦးမယ်. . . မင်းပြောတဲ့ကောင်မလေးက ချောလား"

အေးကိုက သူ့ပခုံးကို ခပ်ဖွဖွပုတ်ရင်းမေးသည်။

"အင်း - ဘယ်လိုပြောရမလဲ. . . ဆွဲဆောင်မှုကတော့ တော်တော်ရှိတာကွ. . . ရုပ်လည်းချောတယ်ဆိုတာထက် နည်းနည်းပိုတယ် . . . ဒါပေမဲ့ ငါမကြိုက်တဲ့အချက်က. . ."

"ရပြီ. . . ဘာမှလာရှင်းပြမနေနဲ့. . . အဲဒီကောင်မလေးက လှလားလို့မေးတာ. . . မင်းရဲ့ကြိုက်တဲ့အချက် မကြိုက်တဲ့အချက်ကို မမေးဘူး"

ပြောလက်စစကားကိုဖြတ်ကာ ပိတ်၍ဆိုသော ငွေမောင်၏ စကားကြောင့် သူနင်တင်တင်ကြီးဖြစ်သွားရသည်။ အေးကိုက





"ပြောပါစေ ငွေမောင်ရာ. . . သူ့စကားကို မင်းကရှေ့ပိတ်ထားတော့ သူ့ခမျာ 'လင်းတ'အစာနင်သလို ဆန့်ငင်ငင်ကြီးဖြစ်နေတယ် တွေ့လား. . . ကဲ ကဲ. . ငါပြောခွင့်ပြုတယ် သူရ. . . ပြော"

အေးကိုစကားကြောင့် ပိုရှုပ်ပြီ အောင့်သက်သက်ကြီးဖြစ်သွားရသည်။ သို့သော်လည်း ကိုယ်ကပြောချင်နေသူမို့ သည်းခံလိုက်ရသည်။

"ဒီလိုကွ"

"အေး - ပြောမှာဖြင့်လည်း တိုတိုနဲ့လိုရင်းပြော. . . နားထောင်မယ့်လူရှိတယ်ဆိုတိုင်း ပိုက်ဆံမကုန်တိုင်း လျှာရှည်မနေနဲ့ဦး . . . ဒီကကောင်တွေက စိတ်ဝင်စားလွန်းလို့ နားထောင်ပေးနေတာ မဟုတ်ဘူး. . . ပေလီခရီးစဉ်တစ်လျှောက်လုံးရဲ့ ကုန်ကျစရိတ်မှန်သမျှကို ဒကာခံထားပေးတဲ့လူမို့လို့ အောင့်အီးသည်းခံပြီးတော့ နားထောင်ပေးရမှာ. . . ကဲ - ပြော"

ငွေမောင်၏စကားအဆုံးမှာတော့ အေးကိုက ခွီးခနဲ ထရယ်သည်။

ငွေမောင်က အီလည်လည်ကြီးဖြစ်သွားသော သူ့ကိုကြည့်ရင်း ရယ်ချင်ပက်ကျိဖြင့်

"ကဲ. . ကဲ. . ပြောလေ"ဟုဆိုသည်။

"တော်ပြီကွာ. . . မပြောတော့ဘူး"

"ဟ - ဒါယောကျ်ားကြီးတန်မဲ့နဲ့ စိတ်ဆိုးသွားတာလား. . . စိတ်တော့ လာမဆိုးနဲ့ ဆရာ. . . ပေလီခရီးစဉ်ရဲ့ဒကာဆိုပြီး ချော့မယ်လို့တော့ မထင်နဲ့. . . ဆောင့်ကန် . . လိုက် . . မှာ"

လူရွှင်တော်စတိုင်ဖြင့် အိုဇာအကျ်ဳတင်တွေပေးပြီး ဆိုသော အေးကို၏စကားကြောင့် ငွေမောင်ရောသူပါရယ်ဖြစ်ကြသည်။

"ကဲပါ - ပြော ပြော"



www.burmeseclassic.com

www.burmeseclassic.com



အေးကိုက ရုပ်ကိုပြန်တည်ရင်း အပီနားထောင်ပေးတော့မည့်အထာဖြင့်ဆိုသည်။ ဒွေးမောင်ကပါ ခေါင်းညိတ်သည်။ ပြီး

"ကောင်မလေးမှာ မင်းမကြိုက်ဘူးဆိုတဲ့အချက်က ဘာလဲ"

ဟု စကားစကို ပြန်ကောက်ပေးသည်။

"ငွေစကားပြောတာကို မကြိုက်ဘူး. . . သူ့စိတ်ထဲမှာ ငွေနဲ့ပေါက်ရင် ဘာမဆိုရတယ်ဆိုတဲ့စိတ်တွေ ဝင်နေပုံရတယ်"

"ဒါနဲ့ပဲ မင်းက သူတစ်ပတ်စာရှင်းပေးမယ်ဆိုတဲ့ Hotel ခကို တစ်လစာ. . . ဒါမှမဟုတ် နှစ်လစာရှင်းပေးမယ်လို့ပြောပြီး ချိုးခဲ့တာပေါ့ ဟုတ်လား"

"အေး"

ဒွေးမောင်၏အမေးကို သူကျေနပ်စွာခေါင်းညိတ်ရင်း ဖြေဖြစ်သည်။

"မတော်လို့ ဟိုက ဒီလောက်တောင်လေကြီးလှတာဆိုပြီး လိုက်ရှာလို့ အဲဒီခရုသွားတွေ့ရင်တော့ ငါတို့ကောင်'သူရ'တော့ မွဲပြီ"

အေးကို၏အဆိုကြောင့် သူပြုံးဖြစ်သည်။ ပြီး ခေါင်းကိုခါပြဖြစ်သည်။

"သူ့မျက်လုံးတွေထဲမှာ မာနအရောင်တွေ သိပ်တောက်ပြောင်နေတာကိုကြည့်ပြီး မြင်ပြီးကတည်းက သူ့မာနကို ကလိရမယ့်စကားကို ငါ့ဘက်ကပြင်ပြီးသားပါ. . . ကဲ ကဲ. . နေ့လယ်စာစားဖို့ အချိန်တန်ပြီကွ. . . ဟိုရောက်မှ ဆက်ပြောရအောင်. . . အခန့်သင့်ရင် အဲဒီဖြူမဥ္စုဆိုတဲ့ ဆတ်ဆတ်ကြဲနဲ့တောင် တွေ့ချင်တွေ့နေဦးမှာကွ"

"ချစ်ခြင်းအစ ခရုလုခြင်းကဇာတ်လမ်းပေါ့ ဟုတ်လား"

အေးကိုက မချိုမချဉ်ဖြင့်ဆိုသည်။

"သွားစမ်းပါကွာ. . . မိဘချမ်းသာတိုင်း ကိုယ်ပိုင်အရည်





အချင်း ဘာမှမရှိဘဲနဲ့ အခြောက်တိုက်ဘဝင်မြင့်ပြီး အောက်ခြေလွတ်တာလောက် ကြည့်မရတာ ဘာမှမရှိဘူး"

"အေးပါ - ဒါပေမဲ့ မတော်လို့ မင်းနဲ့သူဖူးစာပါနေတယ်ဆိုရင်ကောကွာ"

ဒွေးမောင်က ဇွတ်ကြီးကိုပေးစားနေတော့သည်။

"ငါကိုယ်ငါ သတ်သေလိုက်မယ်ကွာ. . . ကဲ"

သူ့အဖြေကြောင့် သကောင့်သားနှစ်ကောင်ကရယ်သည်။ ပြီး အေးကိုက

"အေး - မင်း အဲဒီလိုဖြစ်နေလို့လားတော့ မသိဘူး. . . အဟုတ်ကြီးညားမှာမြင်ယောင်သေးတယ်"

ဟု နှိပ်ကွပ်သည်။

"တဲကွာ. . . မတော်လို့ မင်းနဲ့ညားတော့မှ သူ့အချိုးတွေပြောင်းသွားရင်ကောကွာ"

ဒွေးမောင်က ဒုတိယမှိုက္ကနှံ့လာပြန်သည်။

"မင်းတို့နှစ်ကောင်က ငါ့ဆို အတော်နှိပ်ကွပ်ချင်ကြတာပဲကွ. . . ဘယ့်နှယ့် ငါ့ကိုဇွတ်အတင်းကြီးကို ညားခိုင်းနေတာလဲ. . . ငါပြောပြီးသား. . . အဲဒီလိုမောက်မာတဲ့မိန်းမနဲ့သာ ညားလို့ကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မှာ"

"အေး - အဲဒါကြောင့် ညားကိုညားဦး. . မှာ. . . ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အကြောင်းမရှိအကြောင်းရှာပြီးတော့ကို ညားဦးမှာ"

အေးကိုက ဇွတ်ကြီးဆိုသည်။

"ကြည့်ရတာ မင်းတို့ငါ့ကို အရှုတ်သေစေချင်ပုံရတယ် ဟုတ်လား"

သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က တခွိခွိဖြင့် ရယ်သည်။ ဒွေးမောင်က



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ပြီးရိုဝ်မိသွားတာလဲ"

ဟု ပြန်နောက်သည်။

အေးကိုက Hotel ၏စားသောက်ခန်းမဆီ ဖုန်းခေါ်သည်။

"ကျွန်တော်တို့ အခန်း(--)ကပါ. . . စောစောက ကျွန်တော်တို့ မှာထားတာတွေ ပြင်ထားလိုက်တော့နော်. . . ဟုတ်ကဲ့. . ဟုတ်ကဲ့ . . . အခုပဲလာတော့မှာ. . . ဟုတ်ကဲ့"

စားသောက်ခန်းမဆီခေါ်၍ ဖုန်းချအပြီး သူတို့ဘက်လှည့်ကာ 'သွားရအောင်'ဟုဆိုသည်။

သုံးကောင်သား အခန်းထဲမှအထွက် ငွေမောင်က အခန်း Lock ကိုချသည်။ ပြီးမှ အလန့်တကြားဖြင့်

"ဟိုက် - ပြဿနာပဲ"

"ဘာဖြစ်တာလဲ. . . မင်းအမြီး ငါနင်းထားလို့လား"

"ဘယ်ကလာ. . . အခန်းကို Lock သာချလိုက်တယ်. . . သော့ယူမလာမိဘူး. . . သော့က အခန်းထဲမှာကျန်ခဲ့ပြီ"

"အာ - ဒါဆို ညော်ကြိုကိုအကြောင်းကြားမှ ဖြစ်မှာပေါ့. . . ညော်ကြိုမှာသာ စပယ်ယာ Key မရှိလို့ကတော့ ပြဿနာပဲ. . . သော့ပိုမရှိလို့ဖျက်ရရင်တော့ သော့ဖိုးလျော်ရပြီသာမှတ်"

အေးကိုက ခေါင်းကိုတဗျင်းဗျင်းကုတ်ရင်း ဆိုသည်။

"ငွေမောင်ဆိုတဲ့ကောင် ဘာလုပ်လုပ်အရမ်းချည်းပဲ"

"ဟ - ငါက မင်းတို့တစ်ယောက်ယောက်ယူသွားပြီထင်ပြီး Lock ချလိုက်တာလေကွာ. . . နောက်တော့မှ ငါ့ခေါင်းအုံးဘေးမှာ ချခဲ့မှန်း သတိရတာ"

"အေး ကောင်းတယ်. . . လာ - အစားကနောက်မှလုပ် . . . ညော်ကြိုကို အရင်သွားပြောရအောင်"

ပြောပြောဆိုဆို အေးကိုက ရှေ့မှချီတက်သည်။ သုံးကောင်





သား ညော်ကြိုကောင်တာဆီချီတက်လာကြရင်းက မြင်လိုက်ရသော မြင်ကွင်းကြောင့် သူအံ့အားသင့်သွားရသည်။ တစ်ဖက်မှနေ ညော်ကြိုကောင်တာဆီလာနေသော ဆတ်ဆတ်ကြဲမလေးတို့အုပ်စုကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

"ဟကောင်တွေ. . . ငါတို့ရှေ့လာနေတာ ငါပြောတဲ့အဖွဲ့ပဲ . . . ရှေ့ဆုံးက လိမ်ကျစ်လိမ်ကျစ်နဲ့လာနေတဲ့တစ်ယောက်က ငါပြောတဲ့ ဖြူမဥ္စူဆိုတာပဲ"

ငွေမောင်နှင့်အေးကိုကို လက်အသာတို့ရင်းဆိုသော သူ့စကားအဆုံးမှာ ငွေမောင်က

"အကုန်လုံး အလန်းတွေချည်းပါလား. . . တော်တော်ညံ့တဲ့သူရကွာ. . . ချစ်ကြည်ရေး ရအောင်လုပ်မထားဘဲ ပြဿနာရှာထားရတယ်လို့"

အံ့ကြီးကြိတ်ကာဆိုသော ငွေမောင်၏စကားကြောင့် သူပြုံးဖြစ်သည်။ နှစ်ဖွဲ့စလုံး ကောင်တာရှေ့မှာဆုံသောအခါ သူမတို့အုပ်စုက သူ့ကိုမြင်သွားသည်။ ပြီး အချင်းချင်းလက်တွေတို့ကုန်ကြသည်။

"ဘာများကူညီရမလဲခင်ဗျ"

"သော့ကျန်ခဲ့လို့"

'သော့ကျန်ခဲ့လို့'ဆိုသောစကားကို ပြိုင်တူပြောမိသွားကြသည်မို့ သူမက သူ့မျက်နှာကို စူးခနဲကြည့်သည်။

"လာမရိုနဲ့နော်"

ဒေါကြီးမောကြီးနှင့်ဆိုလာသည်မို့ သူရယ်ချင်သွားရသည်။

"ဟောဗျာ"

"ဘာဟောဗျာလဲ. . . ရှုးချင်ယောင်ဆောင်မနေနဲ့. . . ကျွန်မပြောတဲ့စကားကို လိုက်မပြောနဲ့"

"အံမာ - ဖြစ်ချင်းဖြစ် မင်းကသာ ငါပြောမှလိုက်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်မယ်"

တစ်ယောက်တစ်ခွန်း စကားများနေစဉ်မှာပင် ဧည့်ကြိုမှ *ချာတိတ်က 'ခဏလေး'ဟု ဝင်၍လက်ကာပြသည်။*

"ခဏလေးခင်ဗျ. . . တကယ်တော့ နှစ်ယောက်စလုံး ပြိုင်တူပြောကြတာပါ. . . ဒီကိစ္စအတွက်နဲ့တော့ မပူပါနဲ့. . . ကျွန်တော်တို့ရဲ့အခန်းတိုင်းမှာ 'အရံသော့'ရှိပါတယ်. . . ဘယ်သူ့ကြောင့်ပဲ သော့ပျောက်ပျောက် တစ်ယောက်နဲ့တစ်ယောက်သည်းခံပေါ့"

"ဘာ"

ကြည့်ရသည်မှာ နည်းနည်းရိုးအပုံရသော ဧည့်ကြိုမှ ချာတိတ်က သူတို့နှစ်ယောက်ကို တစ်ခန်းတည်းဟုထင်နေဟန်တူသည်။ ၎င်းပြောလိုက်သောစကားကြောင့် သူမက 'ဘာ'ဟူသော အာမေဍိတ်အသံကိုပြုသည်။ ချာတိတ်က

"ဘာဖြစ်လို့အော်တာလဲဟင်"

မျက်လုံးလေးကလယ်ကလယ်နှင့် မရဲတရဲမေးသောချာတိတ်ကို သူမက

"ဘာဖြစ်ရမှာလဲ. . . မင်းက သူနဲ့ငါနဲ့ကို တစ်ခန်းတည်းထင်နေလို့လား"

"နို့ မဟုတ်လို့လား"

"ဘာရယ်"

သူမမျက်နှာက ရှက်ဒေါသတို့ဖြင့် နီချိတ်ကာသွားသည်။ 'ဘာရယ်'ဟုအော်လိုက်သော သူမအသံကျယ်ကြီးကိုကြားတော့မှ ချာတိတ်က ရုတ်တရက်သဘောပေါက်ပြီး

"ဟာ - sorry အစ်မ sorry. . . ကျွန်တော်က ခွင့်ယူထားပြီး အခုမှဂျူတီ စ-ဝင်တာ. . . ဘာ List မှမကြည့်ရသေးလို့. . . sorry နော် အစ်ကို. . . ကျွန်တော်တောင်းပန်ပါတယ်"





ချာတိတ်က သူ့ကိုပါလှည့်ပြီးတောင်းပန်သည်။ သူသည်လည်း အနည်းနှင့်အများတော့ မျက်နှာပူသလိုလိုရှိသွားသော်လည်း ဒေါသတကြီးဖြစ်သွားသော သူမကိုမြင်ရသည့်ခဏ ရယ်ချင်စိတ်တို့ဖြင့် မျက်နှာပူရမည်ကို မေ့သွားသည်။

"ရပါတယ် ညီလေးရာ. . . လူဆိုတာ မှားတတ်ကြပါတယ် . . . အဲ - မှားပြီဆိုရင်တော့ ညီလေးလိုပဲ ကိုယ့်အမှားကိုယ်ဝန်ခံပြီး တောင်းပန်တတ်ဖို့တော့ လိုတာပေါ့ကွာ. . . ကိုယ့်အမှားကို ကိုယ်ဝန်မခံတတ်တဲ့လူတွေနဲ့ဆုံတာများတော့ ကိုယ့်အမှားကိုယ်ဝန်ခံပြီး တောင်းပန်တဲ့ညီလေးကို အစ်ကိုလေးစားတယ်. . . ဒီတော့ ညီလေးစိတ်ထဲမှာ ဘာမှမထားနဲ့ ဟုတ်ပြီလား"

"ဒီမှာ"

"ဗျာ"

ချာတိတ်ကိုပြောသလိုလိုနှင့် သူမကိုဖွဲ့နေသည်မှန်း သိသည်မို့ သူမက 'ဒီမှာ'ဟု ဒေါသတကြီးဖြင့် သူ့ကိုခေါ်သည်။ သူက ပြောင်ချော်ချော်ဖြင့် 'ဗျာ'ဟု ထူးဖြစ်သည်။

"ယောကျ်ားကြီးတန်မဲ့နဲ့. . . ရှင် စောင်းမပြောပါနဲ့"

"မပြောပါဘူး. . . ငါ ဒီညီလေးကိုပြောတာပါ"

သူမ၏စကားကို သူဆင်ခြေတက်ဖြစ်သည်။

"ဒါပေမဲ့ ရှင့်မျက်လုံးက ကျွန်မကိုကြည့်နေတယ်လေ. . . ဒီတော့ စောင်းပြောတာမဟုတ်လို့ ဘာလဲ. . . ဒီမှာ - မနက်ခင်းတုန်းကလည်း မတောင်းပန်ခဲ့ဘူး. . . အခုလည်း မတောင်းပန်နိုင်ဘူး. . . နောက်လည်း မတောင်းပန်ဘူး. . . ရှင်နားလား"

"မင်းတောင်းပန်တာ၊ မတောင်းပန်တာ ပြဿနာမရှိပါဘူး . . . အဲဒါက မင်းရဲ့သိက္ခာနဲ့ပဲဆိုင်တယ်. . . ကဲ ကဲ. . . Lunch သွားစားလိုက်ဦးမယ်. . . တာ့ တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သမျှတို့ကိုစွတ်ပြောရင်း စကားစကို တိခနဲဖြတ်ကာ လှည့်ထွက်ခဲ့သော သူ့နောက်ကျောမှ သူမ၏တုက်ခေါက်သံခပ်ပြင်းပြင်းက ကပ်၍ပါလာသည်။ ထို့အတူ ဒွေးမောင်တို့နှစ်ကောင်သည်လည်း ကပ်၍ပါလာသည်။

"မင်းကလဲကွာ. . . ငြိမ်းချမ်းရေး ချစ်ကြည်ရေးအတွက် မလုံးပမ်းဘူး. . . ယောကျ်ားကြီးလုပ်ပြီးတော့ မိန်းမကောင်းရန်တွေ့သွားလုပ်နေတယ်"

အေးကိုက သူ့ကိုအပြစ်တင်သည်။

"ငါ ဒီကောင်မလေး ဒေါသထွက်တာကိုမြင်ချင်လို့ကွ. . . သူ့ဒေါသထွက်နေတဲ့ပုံစံကို မင်းမမြင်ဘူးလား. . . ချစ်စရာလေး"

လွှတ်ခနဲထွက်သွားသော သူ့စကားကြောင့် အေးကိုနှင့်ဒွေးမောင်က သူ့ကို မျက်လုံးပြူးကြီးများဖြင့်ကြည့်ကြသည်။

"ဘာ ပြူးကြည့်နေကြတာလဲကွ"

"ဟ - မင်းဟာက အပြောင်းအလဲမြန်လှချည်လားကွ. . . စောစောကပဲ မင်းပြောတော့ အဲဒီလိုမောက်မာတဲ့မိန်းကလေးနဲ့သာညားရင် ကိုယ့်ကိုယ်ကိုယ်သတ်သေမလို့ဆို"

"အေးလေ. . . ငါပြောခဲ့တယ်လေ. . . အဲဒါ ဘာဖြစ်တုံး"

"ဒါဖြင့် ဘာကိစ္စဒေါသထွက်နေတဲ့ပုံစံကို ချစ်စရာလေးတွေ ဘာတွေပြောနေတာတုံး. . . ငါ့အထင်တော့ မင်းရဲ့မသိစိတ်မှာ အဲဒီကောင်မလေးကို မင်းငြိနေပြီထင်တယ်"

သံသယမျက်လုံးဖြင့်ကြည့်ကာဆိုသော အေးကို၏စကားကြောင့် သူတစ်ချက်တွေသွားဖြစ်သည်။ သို့သော် မျက်လုံးစုံမှိတ်ပြီး 'မဟုတ်ဘူး'ဟု သူဆိုဖြစ်သည်။ ရင်ထဲမှာတော့. . . ဘာလိုလိုကြီးဖြစ်ကာနေသည်။

* * *

'ဗော'ငှားသောဆိုင်လေးမှာ အုန်းရည်ပါတွဲ၍ရောင်းသည်။ ပင်လယ်ထဲမဆင်းခင် သဲသောင်ပြင်မှာထိုင်ရင်း သုံးယောက်သား အုန်းရည်သောက်နေခိုက် သူမတို့အုပ်စု 'ဗော'ငှားရန်ရောက်လာကြသည်။

ခပ်လှမ်းလှမ်းမှနေ သူ့ကိုမြင်သောအခါ သူမခြေလှမ်းတို့ ရပ်တန့်ကာသွားသည်။ ပြီး ဘာကိုမှဂရုမစိုက်ဟန်ဖြင့် ခေါင်းကိုမော့ပြီး 'ဗော'ဆိုင်ဆီကိုသွားသည်။ ထိုအချိန်မှာ 'ဗော'ငှားသည့် ချာတိတ်မလေးက သူတို့သုံးကောင်ဆီသို့ အုန်းရည်လာချပေးပြီး 'ဗော'ဆိုင်ဘက်သို့ ပြန်သွားရန်ပြင်နေချိန်ဖြစ်သည်။ ဖျတ်ခနဲအကြံရသည်မို့ ချာတိတ်မလေးကို သူလှမ်းခေါ်လိုက်သည်။

"ဘာလိုလို့လဲ အစ်ကို"

"သမီးရေ - သမီးဆိုင်ကဗောတွေအကုန်လုံး အစ်ကိုငှားမယ် သိလား. . . တခြားလူတွေကို မငှားနဲ့တော့ ကြားလား"

"ဟုတ်"

"ဟ - ဘာကြောင်တာလဲ သူရ. . . မင်းပြဿနာရှာပြန်ပြီလား"

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အေး - ကြည့်မရလွန်းလို့ပါကွာ"

"မင်းကတော့ကွာ"

အေးကိုတို့နှစ်ယောက်က သူ့ကိုရေရွတ်ကြသည်။ ထိုအချိန်မှာပင် သူမတို့အုပ်စု 'ဗော'ဆိုင်ကကောင်မလေးနှင့် စကားတွေပြောနေကြသည်။ 'ဗော'ဆိုင်ကချာတိတ်မလေးက သူတို့သုံးယောက်ရှိရာ လက်ညှိုးထိုးပြနေသည်ကို သူမြင်လိုက်ရသည်မို့ ကြိတ်ပြုံးရင်း ဌေးမောင်တို့နှစ်ကောင်ဆီကို လက်မထောင်ပြဖြစ်သည်။

သိပ်ကြာကြာမစောင့်လိုက်ရ။ သူမတို့တစ်သိုက် သူတို့ဆီလျှောက်လာကြသည်။ သူ့ရှေ့အရောက်မှာ သူမကခြေစုံကိုရပ်သည်။ ပြီး နေကာမျက်မှန်ကို ခပ်ကြမ်းကြမ်းဆွဲချွတ်သည်။ သူကတော့ နေကာမျက်မှန်ကို ခေါင်းပေါ်အထိ စိမ်ပြေနပြေတွန်းတင်ဖြစ်သည်။

"ရှင် သိပ်တရားလွန်လာပြီနော်"

"မင်း ဘာတွေလာပြောနေတာလဲ... ငါလည်း နားမလည်ပါလား"

ပခုံးတွန့်ရင်း အိုဗာအက်တင်ဖြင့်ဆိုသော သူ့စကားကြောင့် သူမဆွေ့ဆွေ့ခုန်လုမတတ် ဒေါသထွက်ကာသွားသည်။

"ရှင် ရှုးချင်ယောင်ဆောင်မနေနဲ့... 'ဗော'ဆိုင်တွေ တစ်ဆိုင်နဲ့တစ်ဆိုင် အဝေးကြီးမို့လို့ ရှင်တမင်လုပ်တာမဟုတ်လား ... လူသုံးယောက်တည်းနဲ့ 'ဗော'ဆိုင်တစ်ဆိုင်လုံး ငှားစရာလား"

"ငါ့ဘာသာငါ 'ဗော'ဆိုင်တစ်ဆိုင်လုံးမကလို့ ဒီပေလီကမ်းခြေမှာ ရှိရှိသမျှ'ဗော'တွေ အကုန်ငှားတော့ရော မင်းအပူလား ... မင်းငါ့ကို ဇွတ်အတင်းကြီးကို လိုက်ပတ်သက်နေပါလား"

"ဘာပြောတယ်"

"လာပါ ဖြူမငြူရာ... သွားရအောင်... ပြောမနေနဲ့"

သူမ၏သူငယ်ချင်းတစ်ယောက်က သူမကိုခေါ်သည်။





"တောက် - လူပါးကို ဝတယ်"

သူ့ကို စူးရဲစွာကြည့်ရင်း 'လူပါးဝတယ်'ဟုဆိုလာသောသူမကို သူ တမင်ပင်ပါးဖောင်းပြလိုက်သည်မို့ သူမ၏ဒေါသ ပိုထွက်သွားဟန်တူသည်။ လက်သီးနှစ်ဖက်ကို ကျစ်နေအောင်ဆုပ်ပြီး ချာခနဲလှည့်ထွက်ကာသွားသည်။

"ဟေ့ - အုန်းရည်လေးသောက်သွားကြပါဦးလား"

အေးကိုက ကချော်ကချွတ်ဖြင့် လှမ်း၍အော်သည်။ ကောင်မလေးများက နောက်သို့လှည့်ကြည့်ပြီး မျက်စောင်းထိုးသွားကြသည်။

"မင်းတို့တော့မသိဘူး... ငါတော့ သူတို့လေးတွေကို မြင်ပါများတော့... ချစ်ကြည်ရေးလမ်းဖောက်ချင်လာတယ်"

ဌေးမောင်က ကောင်မလေးများကို လိုက်ငေးရင်းဆိုသည်။

"အေးကွာ - တကယ်ဆို သူတို့လေးတွေနဲ့ စိုပြည်နေရမယ့်ကိစ္စ... ဒီရန်လုံဆိုတဲ့ကောင်က ကိုက်ဖို့ကြီး(ချည်း)ပဲ ချောင်းနေတော့ ငါတို့နှစ်ကောင်မှာ နေရင်းထိုင်ရင်းနဲ့ ဘူပိတ်နေတယ်"

အေးကိုကပါ အပြစ်တင်ရင်း သူ့နားရင်းကို ခပ်ဖွဖွရိုက်သည်။

"မင်းက ငါ့ကိုရန်လုံဆိုပြီးတော့ ခွေးနဲ့နှိုင်းတယ်ပေါ့... ကြည့်စမ်း... မ-ဘက်လိုက်ပြီး မိုက်ဘက်ပါနေလိုက်တာကွာ... ကိုယ့်ဘော်ဒါအရင်းခေါက်ခေါက်ကြီးကိုတောင် ဒီလိုပြောရက်နေပြီပေါ့... ငါ ထပြီးဆောင့်ကန်လိုက်ရ"

"တွေ့လား... အမြဲတမ်း မာန်ဖီနေတာပါလို့ဆို"

"ဘာကွ - မင်းတော့လား"

သူကြိမ်းနေစဉ်မှာပင် အေးကိုက ထပြီးပြေးသည်။ သူက 'မိလို့ကတော့ အသေပဲ'ဟုဆိုရင်း နောက်မှလိုက်ဖြစ်သည်။

"ဘေးကို ဘေးကို"

ရှေ့မှသွားနေသော ဖြူမငြူတို့အုပ်စုက တန်းစီကာဖြန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လျှောက်သလိုဖြစ်နေသည်မို့ အေးကိုက ကမန်းကတန်းအော်ရင်း ပြေးသည်။ အလယ်ကောင်မလေးများက ဘေးကိုရှဲပေးသည်။ အေးကိုက သူမတို့အုပ်စုကြားမှ အရှိန်ဖြင့်ဖြတ်ပြေးသည်။ နောက်မှလိုက်လာသော သူကလည်းအရှိန်ဖြင့်လိုက်သည်။ သို့သော် တစ်ယောက်သောကောင်မလေးက ခြေထိုးခံလိုက်သဖြင့် သူ ကိုးယိုးကားယားဖြင့် သဲသောင်ပြင်ပေါ် မှောက်ရက်ကြီးလဲကျသွားသည်။

"အွတ်"

အွတ်ခနဲ မြည်သွားသည်အထိ မှောက်ရက်ကြီးလဲသွားသောသူ့ဘေးမှာ ခြေထိုးခံလိုက်သောကောင်မလေးက 'နာသွားလား'ဟုမေးရင်း ထိုင်သည်။ ကြည့်လိုက်တော့ ထိုကောင်မလေးက ဖြူမဥ္စူဖြစ်နေသည်။

လူကို မေးထောက်ကာကြည့်ရင်း ပြုံးစိစိကြီးလုပ်နေသောသူမကိုကြည့်ရင်း ဒေါသတို့က ဝုန်းခနဲဆောင့်တက်သည်။

"မင်း တော်တော်ညစ်ပတ်ပါလားကွ. . . လူတစ်ယောက်လုံး အရှိန်နဲ့ပြေးနေတာကို ခြေထိုးခံရသလား. . . မတော်လို့ ကျိုးသွားရင် ဘယ်လိုလုပ်မလဲ"

"ကျိုးသွားရင် ကုပေးမှာပေါ့ရှင်. . . ရှင်ကလဲ ယောကျ်ားကြီးတန်မဲ့နဲ့ နူနေလိုက်တာ. . . သဲသောင်ပြင်ပေါ် ဖြည်းဖြည်းလေး ကျတာကိုများ"

"ဘာကွ - မင်းကန်းနေလား. . . ဒီလောက်အရှိန်ကြီးနဲ့ ပစ်ကျတာ 'အွတ်'ခနဲတောင်နေတဲ့ဟာကို မင်းမမြင်ဘူးလား. . . တမင်လည်း ခြေထိုးခံသေးတယ်"

သူ ဒေါသထွက်ထွက်ဖြင့် ကမန်းကတန်းထထိုင်ရင်း အော်ဖြစ်သည်။ ဒွေးမောင်နှင့်အေးကိုက မယောင်မလည်ဖြင့် ဘေးမှာရပ်နေသည်။





"ရှင် လာပြီးမစွပ်စွဲနဲ့နော်. . . ကျွန်မက ဖြည်း. . ဖြည်း. . လေး အညောင်းဆန့်လိုက်တာ"

"ဘာကွ. . . ဖြည်း. . ဖြည်း. . လေး အညောင်းဆန့်လိုက်တာ. . . မင်း တော်တော်လည်းစကားတတ်ပါလား. . . အား ကျွတ်ကျွတ်. . . ဟာ - ဒီမှာ သွေးတောင်စို့လာပြီ. . . ကြည့်စမ်း. . . တောက် - ဒီအတိုင်းသာဆို ပင်လယ်ထဲဆင်းရင် စပ်တော့မှာပဲ"

တံတောင်ဆစ်မှ စို့နေသောသွေးတို့ကိုကြည့်ရင်း သူဆိုဖြစ်သည်။

"စပ်မှာကြောက်ရင်လည်း မဆင်းနဲ့ပေါ့. . . ဗောတွေ အများကြီးငှားထားတာ အလကားမဖြစ်အောင်. . . အဲဒီဗောတွေနဲ့ သောင်ပြင်မှာ ငွေလှိမ့်တမ်းကစားနေပေါ့ရှင်. . . ဟုတ်ဘူးလား"

ပြောပြီး သူမက တခွိုးခွိုးဖြင့်ရယ်သည်။ သူမဘော်ဒါများကပါ သူ့မျက်နှာအီလည်လည်ကြီးကိုကြည့်ရင်း ဝိုင်းရယ်ကြသည်။ ပို ဆိုးတာက ဒွေးမောင်တို့နှစ်ကောင်ကပါ လိုက်ရယ်နေသောကြောင့် ဖြစ်သည်။

"မင်းတို့နှစ်ကောင်က ဘာလိုက်ရယ်တာလဲ"

'ကုလားမနိုင် ရခိုင်မဲ'ဆိုသလို ကောင်မလေးများကိုဟောက်ရန် မဖြစ်သည်မို့ သကောင့်သားနှစ်ကောင်ကို လှမ်း၍မာန်ဖြစ်သည်။

"ကဲ ကဲ. . ဘာပဲဖြစ်ဖြစ် ကျွန်မကြောင့် ရှင်လဲသွားတာဆိုတော့ ကျွန်မစိတ်မကောင်းပါဘူး. . . ဒီတစ်ခါတော့ ကျွန်မ အသေအချာကိုတောင်းပန်ပါတယ်. . . sorry နော်. . သွားတော့မယ်. . . တာ့ တာ"

ရှုံးရှုံးရှဲရှဲဖြစ်နေသောသူ့ကိုကြည့်ရင်း ဖြူမဥ္စူဆိုသော ငတိမလေးက ပြုံးဖြီးဖြီးဖြင့် တမင်ကလိသွားလိုက်သေးသည်။

လမ်းကိုဆတ်တောက်ဆတ်တောက်ဖြင့် တမင်လုပ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေသော သူမကိုလိုက်ကြည့်ရင်း ဒေါ်သတို့က အလိပ်လိုက်ထွက်လာသည်မို့ တက်ကိုသာ ခပ်ပြင်းပြင်းခေါက်ဖြစ်သည်။

"ဟကောင် - သူရ"

"ဘာလဲကွာ"

နာနေရသည့်ကြားထဲ လာခေါ်နေသောဒွေးမောင်ကို သူ ခပ်ဆောင့်ဆောင့် ထူးဖြစ်သည်။

"ဒီကောင်မလေးကိုကြည့်ရတာ အရင်တစ်ခေါက်ကထက် ပျော့ပြောင်းလာတယ်ကွ"

"ပိုလီယိုဖြစ်လာလို့ နေမှာပေါ့. . . ကြည့်ရတာ သူ့မိဘတွေ ကာကွယ်ဆေးမှန်မှန် မတိုက်ခဲ့ဘူးနဲ့တူတယ်"

ဒွေးမောင်၏စကားကို သူ ဘုပြောဖြစ်သည်။

"ငါ အတည်ပြောနေတာကွ. . . ဒီကောင်မလေးရဲ့မျက်လုံးတွေထဲမှာ မင်းကိုကြည့်တဲ့အကြည့်က အရင်ရက်ကနဲ့မတူဘူး. . . ကြည့်ရတာ မင်းနဲ့ ချစ်ကြည်ရေးရချင်နေပုံပဲ"

"ရချင်မှာပေါ့ကွာ. . . ငါတို့ကောင်က ရုပ်ပါကဖြူးတော့ ကောင်မလေးတွေက သူ့မြင်ရင် ခင်ချင်ချစ်ချင်ရတာ အမော. . . ဒီကောင်မလေးလည်း ဒီလိုပဲနေမှာပေါ့"

"မင်းပြောသလိုဆိုရင်လည်း ကောင်းသားပဲ အေးကိုရာ"

ဟု သူ့စိတ်ထဲမှာဆိုဖြစ်သည်။ သူသည်လည်း ၎င်းကောင်မလေးကို. . . .။

* * *

"ဟုတ်တယ်ဟ. . . တော်တန်ရုံလူသာဆို နင် ဒီလိုခြေထိုးခံလို့ လဲတဲ့ကိစ္စကို ဒီလောက်နဲ့ ဘယ်ပြီးပါ့မလဲ. . . အခုတော့ သူ့ကိုကြည့်ရတာ နာကျင်နေတဲ့ကြားက ကြိတ်ပြီးကျေနပ်နေတယ်ထင်တာပဲ"

"ငါလည်း အဲဒီလိုပဲမြင်တယ်"

ကြည်ပြာနှင့် သက်နွယ်က ဆရာမကြီးများအသံဖြင့် ဆိုသည်။

"တော်စမ်းပါဟာ. . . ဒီလူ့မျက်နှာကြည့်ရတာ မာရေကြောရေနဲ့ လူမြင်ရင် အစိမ်းလိုက်ဝါးစားတော့မယ့်အတိုင်းပဲ. . . ငါလည်း ခပ်ချဉ်ချဉ်ရှိတာနဲ့ ခြေထိုးခံပစ်လိုက်တာ. . . သူတော့ မသိဘူး. . . ငါ့ခြေထောက်တော့ အခုထိနာနေတုန်းပဲ"

"အမှတ်တရဒဏ်ရာပေါ့ဟာ. . . ဟုတ်ဘူးလား"

ပြုံးပြုံးဝေက သူမစကားကို အထအနကောက်သည်။

"ဘာပြောပြော ရုပ်ပါကတော့ အတော်ဖြောင့်တာနော်. . . ငါကတော့ အဲဒီလူနဲ့ ဖြူမဉ္ဇူကိုသဘောတူတယ်. . . သူတို့နှစ်ယောက်က လိုက်တယ်"

ထားထားက မချိုမချဉ်ပြုံးရင်းဆိုလိုက်သောစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာ ပူခနဲဖြစ်သွားရသည်။

"သွားစမ်းပါ. . . အဲဒီ ဦးဒေါသကို သူ့အသံကြားတာနဲ့တင် ကြောက်လွန်းလို့"

"ဒါနဲ့များ သွားပြီးခြေထိုးခဲ့သေးတယ်နော်. . . ကြောက်များ မကြောက်လို့ကတော့ မပြောတော့ဘူး"

"မပြောနဲ့ပေါ့"

"မပြောတော့ဘူး"

ဟုဆိုရင်း သူမကိုပြုံးဖြီးဖြီးဖြင့်ကြည့်နေသော သက်နွယ်ကို

"မပြောနဲ့ပေါ့"

ဟုဆိုရင်း မျက်စောင်းထိုးဖြစ်သည်။

ဘာရယ်မဟုတ်သော်လည်း မျက်မှောင်ကြီးကုတ်ကာ ဒေါသထွက်တတ်သော ရယ်စရာကောင်းဆည့် ဦးဒေါသ၏ခပ်ဖြောင့်ဖြောင့်ရုပ်ပါကို သူမ ဖျတ်ခနဲမြင်ယောင်မိသည်။ သူ့ခရုကို သူမ မသိဘဲ ကောက်ယူမိစဉ်က ခပ်တည်တည်ကြီးလုပ်ကာအော်သော ထိုလူကို စ-မြင်လိုက်ကတည်းက ဆွဲဆောင်မှုညို့အား အတော်ပြင်းသောလူ တစ်ယောက်မှန်း သူမသိခဲ့သည်ပဲဖြစ်သည်။

"ဟိုတစ်နေ့က Camera မေ့ခဲ့လို့ ရေသူမရုပ်နားမှာ ဓာတ်ပုံ မရိုက်ခဲ့ရဘူး. . . ဒီနေ့တော့ ရိုက်ဖြစ်အောင်ကို သွားရိုက်မယ်. . . ဘယ်လိုလဲ"

စကားလမ်းကြောင်းလွှဲသော သူမ၏စကားအဆုံးမှာ ကြည်ပြာတို့က 'OK' ဟု ထအော်ကြသည်။

"သွားမှာဖြင့်လည်း နေမတက်ခင်သွားရအောင်ဟာ. . . ဖော်ကြာ နေပူလာရင် ရေကစားဖို့ပဲကောင်းတော့မှာဟ. . . ကဲ ထ ထ. . . သွားကြမယ်"

သက်နွယ်က ဦးစွာမတ်တတ်ရပ်ရင်း ဆော်ဩသည်။ သူမ





တို့အားလုံး အသီးသီး ပြင်ကြဆင်ကြဖြင့် အခန်းထဲမှထွက်လာကြသည်။

Hotel ထဲမှထွက်လာကြရင်း သဲသောင်ပြင်ပေါ် ပြေးကြလွှားကြဖြင့် ရေသူမရုပ်ရှိရာဘက် ထွက်ခဲ့ကြသည်။

"နေကြဦး"

ရေသူမရုပ်ဆီလှမ်းကြည့်ရင်း 'နေကြဦး'ဟု ရုတ်တရက်ဆိုကာ ထားထား၏ခြေလှမ်းတို့ ရပ်တန့်ကာသွားသည်။

"အဲဒီမှာ စတွေ့တာပဲ"

ပြုံးပြုံးဝေက ရေသူမရုပ်ပေါ်မှာ ဓာတ်ပုံတွေတဖျပ်ဖျပ်ရိုက်နေကြသော ဦးဒေါသနှင့် သူ၏ဘော်ဒါနှစ်ယောက်ကိုကြည့်ရင်း ရေရွတ်သည်။

ဘာရယ်မဟုတ်။ ဦးဒေါသကိုတွေ့သောအခါ သူမရင်ထဲ လှပ်ခနဲဝမ်းသာသွားသလို ကိုကြီးဖြစ်သွားသည်။ သို့သော် သူမ ထိုနေရာကို မသွားတော့ဖို့ဆုံးဖြတ်လိုက်သည်။

"ငါမလိုက်တော့ဘူးဟာ. . . နင်တို့ပဲ သွားတော့"

"အာ - ဘာဆိုင်လဲ. . . သူတို့ရှိလို့ သူတို့ဆီလာတာမှ မဟုတ်တာ. . . ရေသူမဆီလာတာပဲဥစ္စာ. . . ဂရုစိုက်မနေနဲ့. . . လာ သွားမယ်"

ပြောပြောဆိုဆို ကြည်ပြာက ရှေ့ဆုံးမှနေ ချီတက်သည်။ ထားထားတို့သုံးယောက်ကပါ 'ဟုတ်တယ်'ဟုဆိုကြရင်း နောက်လိုက်သွားကြသည်။ သူမတစ်ယောက်တည်း ကျန်ခဲ့ရန်ကလည်းမဖြစ်သည်မို့ နောက်ကလိုက်ခဲ့ရတော့သည်။

"ငါတစ်ခုတော့ ပြောထားမယ်နော်"

"ဘာလဲ ပြော"

"သူတို့ရေသူမရုပ်ဆီကခွာတော့မှ ငါတို့သွားမယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ကမ်းစပ်မှာပဲ ငါတို့နေရအောင်”

“ပြီးရော”

သူမ၏စကားကို သက်နွယ်က ‘ပြီးရော’ဟုဆိုသည်။ သူမတို့အုပ်စု ကမ်းစပ်မှာ မယောင်မလည်လျှောက်ရင်း ဦးဒေါ်သတို့ ရေသူမရုပ်ဆီမှ အခွာကိုစောင့်နေဖြစ်ကြသည်။

* * *

“သူရရေ”

“ဘာလဲကွ”

ရေသူမရုပ်ဆီ လှိုင်းလှမ်းအပုတ်ကို အမိအရဓာတ်ပုံရိုက်နေသော သူ့ကိုလှမ်းခေါ်သည့် အေးကိုကို စိတ်မရှည်စွာသူထူးဖြစ်သည်။

“ဟိုမှာ မင်းရဲ့ဆတ်ဆတ်ကြမလေးတို့အုပ်စု ဒီဘက်လာနေတယ်”

“သူ့ဘာသာသူ လာလာပေါ့ကွ”

နှုတ်ကသာ ဂရုမစိုက်သလိုဆိုလိုက်ရသော်လည်း ရင်ထဲမှာ လှုပ်ခနဲဖြစ်သွားမိသည်ကတော့ အမှန်ပဲဖြစ်သည်။ ရုတ်တရက်လှည့်ကြည့်လိုက်ပြန်လျှင်လည်း ဆရာသမားများက နှိပ်ကွပ်ကြလိမ့်ဦးမည်။

“ကြည့်ရတာ ရေသူမဆီလာကြတာဖြစ်မယ်. . . ငါတို့ ရှောင်ချင်ယောင်ဆောင်ပြီး ဖယ်မပေးဘဲနေရအောင်”

“အေး - ကောင်းတယ်”

စချင် နောက်ချင်စိတ်က မွေးကတည်းကတွဲကာပါလာသူမို့ ဆိုဖြစ်သော သူ့အကြံကို ဌေးမောင်တို့နှစ်ကောင်က ‘ကောင်းတယ်’ ဟု ထောက်ခံကြသည်။ ပြီး သုံးကောင်သား ရေသူမရှိရာကျောက်ဆောင်တစ်ဝိုက်မှာပင် ဟိုဘက်ကူးလိုက်၊ သည်ဘက်ပတ်လိုက်ဖြင့်

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေလှည့်ရိုက်နေဖြစ်သည်။

"ကမ်းစပ်မှာ ရစ်သီရစ်သီလုပ်နေကြတယ်ကွ. . . ဖွဲ့တော့ တော်တော်ကောင်းတာပဲ. . . လှည့်ပြန်သွားမယ်ထင်နေတာ. . . မပြန်ဘူး. . . မလာရဲကြဘူးနဲ့ တူတယ်"

အတန်ကြာသည်အထိ ဖွဲ့ကောင်းနေသော သူမတို့ကိုကြည့်ရင်း ဧှေးမောင်ကဆိုသည်။

"ဟကောင် - စကားကို ကုန်အောင်မပြောသေးနဲ့ဦး. . . ဘာမလာရဲရမှာလဲ. . . ဟိုမှာ လာနေပြီ တွေ့လား"

အေးကို၏စကားကြောင့် သူကမ်းစပ်ဘက်လှမ်းကြည့်ဖြစ်သည်။ မှန်သည်။ သူမတို့အုပ်စု သူတို့သုံးကောင် တန်းစီထိုင်နေသော ရေသူမရုပ်ဆီ လာနေကြသည်။

"ဟကောင်တွေ. . . ချစ်ကြည်ရေးပဲ လုပ်နော်. . . ဒါပဲ"

ဧှေးမောင်က ခပ်တည်တည်ဖြင့်ဆိုသည်။ အတော်ကြီးကို သူမတို့အဖွဲ့နှင့် အလွမ်းသင့်ချင်နေသောအေးကိုက သူ့ကိုကြည့်ရင်း

"ကြားတယ်နော်"

ဟုဆိုသည်။

"မင်းတို့ပဲ ဖယ်မပေးဘဲနဲ့နေမယ်ဆို"

"အဲဒါ စောစောက. . . အခုမဟုတ်တော့ဘူး"

ဧှေးမောင်က သူ့စကားကိုချေပသည်။

"ရှင်တို့က ရေသူမနားကကို မခွာတော့ဘူး. . . ဘာလဲ ဒီမှာ ဥစ္စာစောင့်လို ထိုင်စောင့်နေကြမလို့လား"

"မဟုတ်ပါဘူး"

ဟု တုံ့ပြန်သော အေးကို၏စကားမဆုံးခင်မှာပင်

"ဘာမဟုတ်ဘူးလဲ. . . ကျွန်မတို့လာမယ်မှန်းသိလို့ တမင်ညစ်ပြီးထိုင်နေကြတာမဟုတ်လား. . . ဟိုကူးလိုက် ဒီကူးလိုက်နဲ့





ရေသူမက အရုပ်မို့လို့ပေါ့. . . သက်ရှိသာဆို မျက်စိနောက်လို့ အမြီးနဲ့ရိုက်ချတာ ကြာပြီ"

အဖွဲ့ထဲမှ အစွာဆုံးဖြစ်ဟန်တူသောကောင်မလေး၏ အဆိုကြောင့် သုံးယောက်သား အောင့်သက်သက်တွေဖြစ်သွားရသည်။ သို့သော် ဧှေးမောင်ကသွက်သည်။

"အာ - တစ်မျိုးမထင်ပါနဲ့. . . ညီမလေးတို့ကို တမင်စောင့်နေကြတာပါ"

"ဘာ - ဘာပြောတယ်"

ထိုကောင်မလေးကပင် ခါးထောက်ကာဆိုသည်။ ရေက ဒူးလောက်ရှိနေသည်မို့ ပင်လယ်မှလှိုင်းကလာသောအခါ လှိုင်းရိုက်သောအရှိန်ကြောင့် လူကောင်သေးသော ၎င်းကောင်မလေးက နောက်လန်လဲတော့မလိုဖြစ်သွားသည်မို့ နောက်မှ သူငယ်ချင်းများက သူမကို ကမန်းကတန်းတွန်းထားပေးရသည်။ ရယ်စရာမြင်ကွင်းမို့ ဟားတိုက်ရယ်လိုက်ချင်သော်လည်း မရယ်ဖြစ်။ ရယ်လိုက်ပါက ချစ်ကြည်ရေးလမ်းဖောက်မည့်ကိစ္စ အဟန့်အတားဖြစ်သွားနိုင်သည်ကိုး။ ဧှေးမောင်က

"ဒီလိုပါ. . . အစ်ကိုတို့သုံးယောက်စလုံး ဒီရေသူမရုပ်လေးနဲ့ ဓာတ်ပုံအမှတ်တရရိုက်မလို့ဥစ္စာ. . . ရိုက်ပေးမယ့်သူမရှိဘဲဖြစ်နေတယ်. . . လာတဲ့သူကို အကူအညီတောင်းမယ်လုပ်တော့လည်း ဘယ်သူမှမလာကြဘူး. . . ညီမလေးတို့ကို လာမှာလားမသိဘူးဆိုပြီး ကြည့်လိုက်တော့လည်း ကမ်းစပ်မှာလေညှင်းခံနေကြတော့. . . "

"ပြောပြောကစောရောပေါ့. . . ကျွန်မတို့က ရှင်တို့တမင်ညစ်နေတယ်ထင်လို့ မလာတာ. . . လေညှင်းခံနေကြတာမဟုတ်ဘူး . . . ဒီကိုလာမလို့ စောင့်နေကြတာ"

"ဩော် ဖြစ်မှဖြစ်ရလေ. . . ကဲ ကဲ. . အစ်ကိုတို့သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဓာတ်ပုံနှစ်ပုံလောက် ရိုက်ပေး. . . ပြီးရင် အစ်ကိုတို့သွားမှာပါ”

ငွေးမောင်၏ဖောလုံးကြောင့် သူရောအေးကိုပါ ပါးစပ်ကြီးတွေ ဟသွားရသည်။ ကောင်မလေးများကလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။

“ရတယ်လေ. . . ပေး ပေး. . . camera”

“ဟကောင် ပေးလိုက်လေ”

ငွေးမောင်က camera လွယ်ထားသော သူ့ကိုလက်တို့ရင်းဆိုသည်။

“ပေး ပေး”

ဟုဆိုရင်း လက်လှမ်းနေသောကောင်မလေးဆီ သူလည်ပင်းမှ ကင်မရာကိုချွတ်ရင်းပေးဖြစ်သည်။

တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ ထိုင်နေသော သူတို့သုံးယောက်ကို ကောင်မလေးက

“ပြုံးပြုံးလေးနော်”

ဟုဆိုရင်း သုံးပုံလောက်ဆက်တိုက်ရိုက်ပေးသည်။

“ရော့ - အဆင်ပြေလား ကြည့်လိုက်. . . မပြေရင် ပြန်ရိုက်ပေးမယ်”

ကောင်မလေးက ကင်မရာကို သူ့ဆီလှမ်းပေးရင်းဆိုသည်။ သူပြန်ကြည့်လိုက်တော့ ပုံထွက်အားလုံးတ good နေသည်။

“တကယ့် Pro လက်ရာအတိုင်းပဲ. . . မိုက်တယ်. . . Thank You နော်”

သူဆိုသော ကျေးဇူးစကားနှင့် ချီးမွမ်းစကားကြောင့် ကောင်မလေးရှက်ဝဲဝဲဖြစ်သွားပြီး သူမနောက်မှ ဖြူမညှိုဆီ ဖျတ်ခနဲလှမ်းကြည့်သည်။ ပြီး ‘ရပါတယ်’ဟုဆိုသည်။

“ကဲ - ဒါဆို အစ်ကိုတို့ ဂိုး(Go) ပြီနော်”





အေးကိုကပြောပြောဆိုဆိုဖြင့် ကျောက်ဆောင်ပေါ်မှဆင်းသည်။ သူနှင့်ငွေးမောင်ပါ လိုက်ဆင်းသည်။ သူတို့သုံးယောက်ဆင်းသည်နှင့် သူမတို့အုပ်စု ရေသူမရုပ်တုရှိသောကျောက်ဆောင်ပေါ် အလုအယက်တက်ကြသည်။ သို့သော် ယောကျ်ားများကဲ့သို့ ကျော်ခွတက်၍မရဘဲ ချော်နေကြသည်။ ကောင်မလေးတစ်ယောက် ခပ်လှမ်းလှမ်းရောက်နေသော သူတို့ဘက်ကြည့်ကာ

“ဒီမှာ ဒီမှာ”

ဟုလှမ်းခေါ်သည်။ သူတို့လှည့်ကြည့်သောအခါ အားတုံ့အားနာဟန်ဖြင့်

“တစ်ယောက်ယောက် ဒီကျောက်ဆောင်ပေါ်တက်ပြီး ဆွဲတင်ပေးပါလား. . . တက်ရခက်နေလို့”

ဟုဆိုသည်။

ကောင်မလေး၏စကားအဆုံးမှာ သူတို့သုံးကောင်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်ကြသည်။

“သူရ - မင်းက ဝလကောင်းတယ်. . . မင်းသွား”

“ဟုတ်တယ်. . . ပေး ပေး. . . camera ပေးခဲ့”

ငွေးမောင်၏စကားကို အေးကိုကထောက်ခံကာ ရေစိုမည်စိုး၍ လက်မြှောက်ကာကိုင်ထားသော camera ကို သူ့ဆီမှ ဆတ်ခနဲယူသည်။ ငြင်းလျှင်လည်း မကောင်းတော့သည်ကတစ်ကြောင်း သူကိုယ်၌ကလည်း ခပ်ကူညီချင်ချင်ဖြင့် သူကျောက်ဆောင်ပေါ် လွှားခနဲတက်ဖြစ်သည်။

တစ်ယောက်ပြီးတစ်ယောက် သူဆွဲတင်ပေးနေစဉ်မှာ လှမ်းကြည့်တော့ သူမက ရှက်ရွံ့နေဟန်ဖြင့် ခေါင်းကြီးငုံ့ကာထားသည်။ နောက်ဆုံး သူမအလှည့်ရောက်သောအခါ သူမက လက်ကိုမရဲတရဲလှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာဆွဲနော်. . . သယ်ဂျင်း"

သူမတို့အုပ်စုထဲမှ ကောင်မလေးတစ်ယောက်က သူမကို လှမ်းနောက်သည်။ ဘာရယ်တော့မဟုတ်။ ရေစိုနေသော နူးညံ့သည့် သူမ၏လက်ကလေးကိုဆွဲယူရသည်မှာ ရင်ခုန်စရာတော့ အတော် ကောင်းသည်။ သူမ၏လက်နှစ်ဖက်စလုံးကိုဆွဲရင်း ဆွဲတင်လိုက်ရာ သူမပါကျောက်ဆောင်ပေါ်ရောက်လာသည်။

သို့သော် တစ်ယောက်ပြီးတစ်ယောက် ရေစိုအဝတ်ဖြင့်တက် ထားကြသည်မို့ ချော်နေသောကျောက်ဆောင်ပေါ်မှာ သူမရပ်နေရာ က ဟန်ချက်ပျက်ပြီး အောက်ချော်ကျမည်ပြုသည်။

"အမေ့"

ယိုင်ခနဲလဲကျသွားသော သူမက 'အမေ့'ဟု အာမေဍိတ်သံ ပြုသည်။ ဖျတ်ခနဲလှမ်းထိန်းပေးလိုက်သောကြောင့် သူမပြုတ်ကျ မသွား။ သို့သော် သူ့ရင်ခွင်ထဲကိုတော့ အိခနဲ သူမ၏ကိုယ်လုံးလေး ရောက်ရှိ၍လာသည်။ ခပ်ဖွဖွဖက်ထားကာ ထိန်းထားပေးသော သူ့ကို သူမက ရှက်ရှက်ဖြင့်ဆောင့်တွန်းသည်။ လျှပ်တစ်ပြက်အတွင်း တွန်း လိုက်သည်မို့ သူ့လက်ကမလွှတ်မိ။ နှစ်ယောက်စလုံး ဟန်ချက်ပျက် ကာ ရေထဲပြုတ်ကျကာသွားသည်။

"ဟော့တော်"

"ဖြုံမဥ္ဍ"

ရင်စို့လောက်သာရှိသော ရေထဲပြုတ်အကျမှာ ထိတ်ခနဲလန့် သောစိတ်ဖြင့် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ထားဖြစ် ကြသည်။ သို့သော် ရေထဲကျသွားသောအခါ၌မူ တစ်ယောက်ကိုတစ် ယောက် အလိုလိုလွှတ်မိရင်း ကားယားယားကြီးကျသွားကြသည်။

ရေအောက်ကြမ်းပြင်မှာ အသီးသီးရပ်ပြီးသွားသောအခါ ကြွက်စုတ်ရေမွှမ်းသလိုဖြစ်နေကြသော နှစ်ယောက်သား တစ်ယောက်





ကိုတစ်ယောက်ကြည့်ဖြစ်ကြသည်။

အားနာစွာကြည့်ဖြစ်သော သူ့အကြည့်ကို သူမက ဒေါကန် နေသောအကြည့်ဖြင့် တုံ့ပြန်သည်။

"လာ လာ. . သယ်ဂျင်း. . . ကိုယ်ဆွဲတင်ပေးမယ်. . . သယ်ဂျင်းကိုကြည့်ရတာ အတော်လန့်သွားပုံရတယ်. . . လန့်မယ်ဆို လည်း လန့်စရာပဲလေ. . . ရေထဲပြုတ်ကျတာဆိုတော့ အဟမ်း. . အဟမ်း. . . ရပြီနော် အစ်ကို. . . ကျေးဇူး. . . သူ့ကို သမီးပဲဆွဲတင် လိုက်တော့မယ်. . . ထပ်ပြုတ်ကျနေမှာစိုးလို့"

သူမတို့အုပ်စုထဲမှ တစ်ယောက်၏ ဘာလိုလိုဖြစ်သော ပြောင် ချော်ချော်စကားကြောင့် သူမမျက်နှာပေါ်၌ ရှက်ဝဲဝဲအရိပ်တို့ စွန်း ထင်းကာသွားသည်။

"ကြည်ပြာ - နင်တစ်ယောက်တည်းဆို ဆွဲတင်နိုင်မှာမဟုတ် ဘူး. . . ပြုံးပြုံးရေ - နင်ကော လက်ပေး"

သူမ၏လမ်းကြောင်းလွှဲသောစကားကြောင့် စောစောက လှမ်းနောက်လိုက်သူမှာ ကြည်ပြာဟု သူသိလိုက်ရသည်။ ပြုံးပြုံးဆို သောကောင်မလေးက

"ရတယ်လေ"

ဟုဆိုရင်း လက်ကိုကမ်းသည်။

ငွေမောင်နှင့်အေးကိုက သွားရအောင်ဟူသောအမူအရာ ဖြင့် မေးလွှဲပြသည်မို့ သူ ရေထဲမှကမ်းစပ်ဘက်ထွက်ခဲ့ဖြစ်သည်။ နောက်မှ ဆူညံသောအသံတို့ကြောင့်လှည့်ကြည့်ဖြစ်သည်။ ရေထဲမှာ ရှိနေသောသူမက ကျောက်ဆောင်ပေါ်မှနေ ဆွဲတင်ပေးနေသော သူမ ၏သူငယ်ချင်းနှစ်ယောက်ကို ရေထဲအတင်းဆွဲချနေသောကြောင့် ဆွဲ အချခံနေရသော သူငယ်ချင်းနှစ်ယောက်က ငယ်သံပါအောင်အော် နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူမဥ္စူ - နင်မယုတ်မာနဲ့နော်. . . အား - ကျတော့မယ် . . . မဆွဲနဲ့ဟာ. . . ငါ ရေမကူးတတ်ဘူး"

"ပြောမနေနဲ့. . . သူ့ကိုသာ ရအောင်ဆွဲတင်စမ်းပါ. . . အီး . . . သူ့ကိုယ်လုံးက လေးလှချည်လား"

ဆွဲတင်သောနှစ်ယောက်က တောင့်ထားသည်မို့ ရေထဲမှာရှိနေသော သူမကဆွဲချ၍မရဘဲရှိနေသည်။

"သက်နွယ် - ဘာလုပ်နေတာလဲ. . . သူတို့နှစ်ယောက်ကို ဂလိထိုးလိုက်လေဟာ"

ရေထဲမှနေ သူမက ညစ်ကျယ်ကျယ်ဖြင့်လှမ်းအော်သည်။ အအော်ခံရသော သက်နွယ်ဆိုသည့်ကောင်မလေးက 'အေး အေး'ဟုဆိုရင်း ရေထဲမကျအောင် တောင့်ထားကြသောကောင်မလေးနှစ်ယောက်ဆီ ဂလိထိုးရန်လက်လှမ်းသည်။

"မလုပ်နဲ့နော်. . . ငါတို့ကျရင် နင့်ကိုပါဆွဲချမှာ"

ကြည်ပြာဆိုသောကောင်မလေးက သက်နွယ်ဆိုသောကောင်မလေးကို စကားလှည့်အပြော၊ ရေထဲမှသူမက ဆောင့်အဆွဲမှာ ရေထဲပြုတ်ကျသည်။ ဟန်ချက်ပျက်သွားသော ပြုံးပြုံးဆိုသည့်ကောင်မလေးကပါ ဟန်ချက်ပျက်သွားသည်မို့ ဂလိထိုးရန်လက်လှမ်းနေသော သက်နွယ်၏လက်ကိုလှမ်းအဆွဲ မထိန်းနိုင်တော့ဘဲ တစ်ပြုံလုံး ရေထဲကိုကျသည်။

အော်သံရယ်သံတွေညံနေသော ရေထဲမှကောင်မလေးများကိုကြည့်ရင်း သူတို့သုံးကောင်သား လိုက်ပြုံးဖြစ်သည်။

"ဖြူမဥ္စူက အကျင့်ကိုမကောင်းဘူး. . . ကဲ ဟာ. . ကဲဟာ"

"ရေနဲ့မပက်နဲ့. . . ငါပြန်ပက်မှာနော်"

ကလေးငယ်များလို တစ်ယောက်ကိုတစ်ယောက် ရေပက်နေကြသော သူမတို့ကို ကျောက်ဆောင်ပေါ်မှာ တစ်ယောက်တည်းကျန်





သောကောင်မလေးက ဓာတ်ပုံတွေတဖျတ်ဖျတ်ရိုက်သည်။

"ဟော့ - ထားထား. . . နင်လည်း ကင်မရာထားခဲ့ပြီး ဆင်းခဲ့ . . . မဆင်းလာလို့ကတော့ ကျောက်ဆောင်ပေါ်အထိတက်လာပြီး ဆွဲချမှာနော်"

ရေထဲမှအုပ်စု၏ကြိမ်းဝါးသံကြောင့် ကျောက်ဆောင်ပေါ်မှ ကောင်မလေးက ရေသူမရုပ်ကို မဆီမဆိုင်လှမ်းဖက်သည်။ ပြီး

"ဟဲ့ - ငါပါရေစိုသွားရင် ဓာတ်ပုံ ဘယ်သူရိုက်ပေးမှာလဲ . . . ပြဿနာမရှာကြနဲ့နော်. . . ဒါပဲ"

ထိုကောင်မလေး၏စကားကြောင့် ကြည်ပြာဆိုသောကောင်မလေးက သူတို့သုံးယောက်ရှိရာဆီ ချာခနဲလှည့်ကြည့်သည်။ ပြီး

"အစ်ကိုတစ်ယောက်လောက် ဓာတ်ပုံလာရိုက်ပေးပါလား . . . Please"

ထိုကောင်မလေး၏အော်သံကြောင့် ခရုကောက်သလိုလို လမ်းလျှောက်သလိုလိုဖြင့် ကမ်းစပ်တွင် ယောင်ပေပေလုပ်နေသော သူတို့သုံးကောင်သား တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ဖြစ်ကြသည်။

ဌေးမောင်နှင့်အေးကိုက သူ့ကိုဝိုင်းကြည့်ကြရင်း ကောင်မလေးများဘက်လှည့်ကာ

"ရတယ် ရတယ်"

ဟုလှမ်းအော်သည်။

"ငါမသွားဘူးနော်. . . မင်းတို့နှစ်ကောင်ထဲက တစ်ကောင်သွား"

သူ့ကို 'သွားလေ'ဟူသောသဘောဖြင့် မေးငေါ့ပြနေသော သကောင့်သားနှစ်ကောင်ကိုကြည့်ရင်း ပျာပျာသလဲဖြင့် သူငြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောက်ဆောင်ပေါ်မှပြုတ်ကျထားသော မျက်နှာပူမှုက ခုထိ အရှိန်သေသေးသည်မဟုတ်။

"ဟ - မင်းမသွားလို့ မရဘူးလေ. . . camera နဲ့ပတ်သက်လာရင် မင်းက ဆရာကြီးပဲဥစ္စာ. . . ကဲ - သွားပါ. . . သွား သွား"

နှစ်ကောင်သား အတင်းတွန်းလွှတ်ကြသည်မို့ သူမျက်နှာပူပူဖြင့် ရေထဲဆင်းရပြန်သည်။

"အစ်ကို - ညီမတို့ကို အဲဒီကျောက်ဆောင်ပေါ်ကနေ ရိုက်ပေး. . . ပြီးတော့ အဲဒီကင်မရာကိုင်ထားတဲ့ကောင်မလေးကို ကျေးဇူးပြုပြီး ရေထဲတွန်းချပေး"

ပြုံးပြုံးဆိုသောကောင်မလေးက လှမ်း၍ဆိုသည်။ ကျောက်ဆောင်ပေါ် တွယ်တက်ပြီးရောက်လာသောသူ့ကိုကြည့်ရင်း ကျောက်ဆောင်ပေါ်မှကောင်မလေးက

"တွန်းတော့ မချပါနဲ့. . . ရေထဲဆင်းဆို ဆင်းပါ့မယ်. . . ခရော့ ရော့ camera"

ဟုဆိုကာ camera ကိုလှမ်းပေးသည်။

ထို့နောက် ရေထဲကိုဆင်းရန် မဝံ့မရဲဟန်ဖြင့် ကျောက်ဆောင်စပ်မှနေ တရွှေ့ရွှေ့လုပ်နေသည်မို့ ရေထဲမှကောင်မလေးများက 'ဟေး' ခနဲအော်ရင်း ဗိုင်းဆွဲချကြသည်။

"အောင်မလေး"

အသံကျယ်ကြီးဖြင့်အော်ရင်း ၎င်းကောင်မလေး ရေထဲသို့ ဝုန်းခနဲကျသည်။ တဟီးဟီးတဟားဟားဖြင့် ရယ်မောပျော်ရွှင်နေကြသော သူမတို့အုပ်စု၏ပုံများကို သူတစ်ပုံပြီးတစ်ပုံရိုက်ပေးဖြစ်သည်။ မရိုက်ခိုင်းသေးသော်လည်း သဘာဝအလျောက် ပျော်ရွှင်နေသောပုံများမို့ ရိုက်ပေးဖြစ်ခြင်းဖြစ်သည်။

"ကဲ - အစ်ကိုရေ. . . ရိုက်ပေးတော့. . . လှလှလေးနော်"





ကျောက်ဆောင်ငယ်ပေါ်မှနေ တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ ရပ်နေကြသောသူမတို့ကို ဓာတ်ပုံများရိုက်ပေးဖြစ်သည်။

"အစ်ကို - အချိန်ရှိသေးရင် ညီမတို့ကို ရေသူမရုပ်နဲ့ရိုက်ပေးပါဦး. . . ဖြစ်မလား အစ်ကို"

"ဖြစ်ပါတယ်"

"ဖြစ်ရင် ဆွဲတင်ပေးပါဦး"

ထိုကောင်မလေးကပင် လက်လှမ်းနေသည်မို့ ကျောက်ဆောင်ငယ်ပေါ်မှနေ သူဆွဲတင်ပေးဖြစ်သည်။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက်ဆွဲတင်ပေးဖြစ်သည်။ နောက်ဆုံးမှာ သူမတစ်ယောက်သာကျန်သည်။

"အစ်ကို - ကင်မရာပေးထားဦး. . . အစ်ကိုက ဖြူမဥ္စူကို ဆွဲတင်ရင်း ပြုတ်ကျတတ်တော့ ကင်မရာရေစိုသွားမှာစိုးလို့"

မချိုမချဉ်လုပ်ရင်း camera လှမ်းတောင်းနေသော ကောင်မလေးကို ရှက်ဝဲဝဲဖြင့် လည်ပင်းမှာလွယ်ထားသော camera ကို လှမ်းပေးဖြစ်သည်။

ဒီတစ်ခါတော့ အခက်အခဲမရှိ သူမကျောက်ဆောင်ပေါ် ရောက်လာသည်။ ကျောက်ဆောင်ငယ်ပေါ်မှာ သူမတို့အားလုံးရောက်ကြသောအခါ camera ကို သူပြန်ယူပြီး အခြားရေထဲမှကျောက်တုံးငယ်ပေါ် ကူးသွားဖြစ်သည်။ ပြီး ရေသူမရုပ်တုဘေးမှာ pose အမျိုးမျိုးပေးနေကြသော သူမတို့ကို အုပ်စုလိုက်ပုံတွေကော တစ်ယောက်ချင်းပုံတွေပါ ရိုက်ပေးဖြစ်သည်။

အားလုံးရိုက်၍ပြီးသွားသောအခါ

"ရပါတယ်. . . ကျေးဇူးပဲနော် အစ်ကို. . . နောက်တစ်ခါဆုံရင်တော့ ရန်မဖြစ်ကြေး"

camera လှမ်းယူသောကောင်မလေး၏ ရယ်ရင်းမောရင်းဆို



www.burmeseclassic.com

www.burmeseclassic.com



သောစကားကြောင့် သူမမျက်နှာကို ဖျတ်ခနဲလှမ်းကြည့်ရင်း သူရှက်ရယ်ရယ်ဖြစ်သည်။

"ကဲ - အစ်ကိုသွားတော့မယ်"

"ကျေးဇူးနော် အစ်ကို"

"ရပါတယ်"

သူမတို့အုပ်စုကိုနှုတ်ဆက်ရင်း ကမ်းစပ်မှနေ မချိုမချဉ်မျက်နှာပေးတွေနှင့် စောင့်နေကြသော အေးကိုတို့နှစ်ကောင်ဆီ ပြန်လာဖြစ်သည်။

"ဘာပြုံးစိပြုံးစိလုပ်နေကြတာတုံး"

မလုံမလဲဖြင့် ရှက်ရယ်ရယ်ရင်း ဆိုဖြစ်သော သူ့အမေးကြောင့် ဌေးမောင်တို့နှစ်ကောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ ဌေးမောင်က ဟက်ခနဲရယ်လိုက်ရင်းက

"မင်းအပြောင်းအလဲမြန်တာကို ရယ်ချင်လို့ပါ. . . ဟို ရှေ့ရက်တွေတုန်းကတော့ မင်းတို့တွေ ငါတွေလုပ်နေပြီးတော့. . . အခုကျတော့လည်း အစ်ကိုတွေဘာတွေဖြစ်လို့. . . ငါတို့ကပဲ နားကြားမှားတာလားတော့ မသိဘူး. . . လေသံ လှိုင်းသံတွေနဲ့ဆိုတော့"

ခပ်ရိသဲ့သဲ့ဆိုရင်း ခွီးခနဲရယ်သော ဌေးမောင်၏စကားကြောင့် သူပါလိုက်ရယ်ဖြစ်သည်။

"ဟ - ဒါကတော့ 'သင်ကောင်းလျှင် ကျွန်ပ်မဆိုးပါ'ဆိုတဲ့ ဆောင်ပုဒ်လိုပေါ့ကွ. . . သူတို့ဘက်က ချိုချိုသာသာဆိုရင် ငါကလည်း ချိုချိုသာသာပေါ့ကွာ. . . ဒါပဲပေါ့"

သူ၏တုံ့ပြန်စကားကြောင့် သကောင့်သားနှစ်ကောင်က

"အေးပါ. . အေးပါ"

ဟု စပ်ဖြီးဖြီးဖြင့်ဆိုသည်။

"ဖြူမညိုရဲ့ လက်ကလေးဆွဲနေတဲ့အချိန်ရယ်. . . ရေထဲကျ





သွားမှာစိုးလို့ ဖက်ထားတဲ့အချိန်ရယ်မှာ မင်းရင်တွေ ဝုန်းဒိုင်းကျဲခုန်နေတယ် မဟုတ်လား"

"အာ - ခုန်စရာလား"

အေးကို၏စွပ်စွဲမှုကို သူရှက်ရမ်းရမ်းကာ ငြင်းဖြစ်သည်။

"အေးပါ - အေးပါ. . . မခုန်ဘူးပဲထားပါ. . . ဒီလောက်လှတဲ့ကောင်မလေးကို ရင်ထဲထည့်ပြီးဖက်ထားရတာတောင် ရင်မခုန်ရင် မင်းမှာ နှလုံးမရှိလို့နေမှာပေါ့"

"မခုန်ဘဲနေမလား. . . ခုန်တော့ ခုန်တာပေါ့ကွာ. . . ဒါပေမဲ့ ငါခုန်တဲ့ရင်ခုန်သံက အထိတ်တလန့်နဲ့ ရေထဲပြုတ်ကျလို့ လန့်ပြီးခုန်တဲ့ ရင်ခုန်သံမျိုးကွ"

မျက်နှာကြီးနီကာ ဆိုဖြစ်သော သူ့စကားကြောင့် အေးကိုတို့နှစ်ကောင်က စပ်ဖြဲဖြဲကြီးတွေနှင့်

"အေးပါကွာ. . အေးပါ"

ဟု ပြောင်ချော်ချော်ဖြင့်ဆိုသည်။

တကယ်တော့ ဝန်မခံ၍သာရှိသည်။

ရေစိုဝတ်ဖြင့် နူးညံ့အိထွေးနေသော နတ်သမီးတစ်ပါးကို ရင်ခွင်ထဲမှာထားပြီး ရင်မခုန်ဘဲ သူမနေပါ။

ခုပြန်တွေးရင်တောင်. . . ခုရင်ခုန်၍ကောင်းတုန်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

Hotel မှ ချာတိတ်တစ်ယောက်ကို အုန်းလက်ခြောက်နှင့် ထင်းအချို့ရှာခိုင်းပြီး Hotel နှင့် ခပ်လှမ်းလှမ်းမှ သောင်ပြင်တွင် မီးဖိုကာ ၎င်းမီးဖိုအောတွင် သုံးကောင်သား ဂစ်တာနှစ်လက်ဖြင့် သီချင်းတွေတစ်ပုဒ်ပြီးတစ်ပုဒ် ညည်းဖြစ်ကြသည်။

ပင်လယ်ပြင်ကိုဖြတ်သန်းကာ တိုက်ခတ်လာသော လတ်ဆတ်အေးမြသည့်လေပြည်ကိုရှူရှိုက်ရင်း ကမ်းစပ်ကိုရိုက်ခတ်နေသော လှိုင်းတို့၏ခတ်သံကို နားထောင်ရင်းက မဆီမဆိုင် သူမကိုမကြာခဏ ဆိုသလို သတိရသည်။

"ငါတို့သုံးကောင်တည်းကျင်းပနေတဲ့ မီးပုံပွဲတော့ ဒီထက် စိုပြည်တော့မယ်ထင်တယ်"

လရောင်အောက်မှာ ကမ်းခြေ၌လမ်းလျှောက်ကာ သူတို့ ဘက်ဆီဦးတည်ရင်းလာနေသော ကောင်မလေးအုပ်စုကိုကြည့်ရင်း အေးကိုကဆိုသည်။

"ဘာလဲ - မင်းက ဟိုအုပ်စုလို့ထင်လို့လား"

"အေး"

ဒွေးမောင်က အေးကိုကြည့်နေသောအုပ်စုဘက်ကို လှမ်းကြည့်ရင်း မေးသည်ကို ဆရာသမားက 'အေး'ဟု ဝမ်းသာအားရသံ





ဖြင့်ဖြေသည်။

"ဟကောင်တွေ - ဘာကြံကြဦးမလို့လဲ"

"ဘာကြံရမှာလဲကွ. . . ငါတို့မီးပုံပွဲမှာ လာရောက်ပူးပေါင်းဖို့ ဖိတ်ခေါ်ရမှာပေါ့. . . ခဏကြာရင် စားပွဲထိုးယူလာမယ့်အစားအသောက်တွေက ငါတို့သုံးယောက်တည်းစားလို့ ကုန်မှာမှမဟုတ်တာ . . . ပြီးတော့ လိုတာရှိရင်လည်း အဲဒီစားပွဲထိုးနဲ့ ပြန်မှာလိုက်လို့ရတာပဲဥစ္စာ"

သူ့အမေးကို ဒွေးမောင်က ခပ်သွက်သွက်ဖြေသည်။

"တိတ်တိတ်နေကြစမ်း. . . ဟိုမှာ နီးလာနေပြီ. . . ငါ ဂစ်တာတီးပြီး ဖိုသံပေးလိုက်ဦးမယ်"

အေးကိုက သူတို့နှစ်ယောက်ကိုကြိမ်းမောင်းရင်း သီချင်းတစ်ပုဒ်ကိုတီးကာ ညည်းသည်။

"သူပြောတော့ ဖိုသံတဲ့. . . ငါ့နားထဲမှာတော့ ခွီးသံပဲကြားတယ်. . . ဆိုးလိုက်တဲ့အသံ"

ဒွေးမောင်က သူ့နားမှာကပ်ကာ အေးကိုကို ရယ်စရာဆိုရင်း နှိပ်ကွပ်နေသည်မို့ သူ ဟက်ခနဲရယ်ဖြစ်သည်။

သူတို့ကသာ ဝေဖန်ရေးတွေ၊ လေကန်ရေးတွေ လုပ်နေသော်လည်း အေးကိုကတော့ မှဒ်အပြည့်ဖြင့် ဆိုလက်စသီချင်းကိုသာ ဆက်၍ညည်းကာနေသည်။ ၎င်းသီချင်းဆုံးသည်နှင့် ကောင်မလေးများ သူတို့ရှိရာ မီးပုံဆီသို့ရောက်လာချိန်နှင့်က အံကိုက်ဖြစ်သည်။

"ဟောတော့ - ဘယ်သူတွေများလဲလို့. . . အစ်ကိုတို့ပါလား . . . သုံးယောက်တည်း မီးပုံပွဲလုပ်နေကြတယ်ပေါ့"

ကောင်မလေးတွေအုပ်စုထဲမှ အသွက်ဆုံးဖြစ်သောကြည်ပြာက သူတို့သုံးယောက်ကိုကြည့်ရင်းဆိုသည်။

"ဟုတ်တယ်. . . အစောပိုင်းတုန်းကတော့ ညီမတို့ကို ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမလို့ပဲ. . . ဒါပေမဲ့မကြုံကြိုက်မှာစိုးတာနဲ့ အားနာပြီးမဖိတ်ဖြစ်တော့တာ"

အေးကိုက ဂစ်တာကိုပိုက်ထားရင်းက ဆိုနေစဉ်မှာပင် စားပွဲထိုးနှစ်ဦးက စားပွဲပုတစ်လုံးနှင့် အစားအသောက်များကို လာ၍ခင်းကျင်းပေးနေသည်။

"အစ်ကိုတို့က အစ်ကိုတို့အစားအသောက်တွေယူစားမှာမို့လို့မဟုတ်လား. . . အစ်ကိုတို့မဖိတ်ပေမယ့် ညီမတို့ကဖိတ်တယ်. . . ညီမတို့လည်း Hotel ရှေ့တည့်တည့်ကသောင်ပြင်မှာ မီးပုံလုပ်ခိုင်းထားတယ်. . . ဒီကအပြန်လောက်ဆို အံကိုက်ပဲ. . . အချိန်ရတယ်ဆိုရင် လာခဲ့ပေါ့. . . ညီမတို့မှာက ဂစ်တာမပါတော့ ပျင်းခြောက်ခြောက်ကြီးဖြစ်နေတာ"

ကြည်ပြာ၏စကားအဆုံးမှာ အေးကိုက ဆတ်ခနဲမျက်လုံးကြီး မသိမသာပြူးသွားသည်။ ပြီး သူနှင့်ဌေးမောင်ဘက်ကိုလှည့်ကြည့်သည်။ ဘယ်လိုလဲဆိုသည့်သဘော။

"ဒီလိုဆို ပိုကောင်းတာပေါ့. . . ညီမတို့မီးပုံဆီ အစ်ကိုတို့လာခဲ့မယ်. . . အစ်ကိုတို့လည်း သုံးယောက်တည်းဖြစ်နေလို့ ပျင်းနေတာနဲ့ အတော်ပဲ. . . နော် သူရ"

ဌေးမောင်က ကြည်ပြာတို့အုပ်စုကိုလှမ်းပြောရင်း သူ့ကိုပါ 'နော်. . သူရ'ဟုဆိုသည်မို့ အယောင်ယောင်အမှားမှားဖြင့် သူခေါင်းညိတ်ပြဖြစ်သည်။

"ဒါဆို ညီမတို့သွားနှင့်မယ်နော်"

ပြောရင်းဆိုရင်းနှင့်ပင် သူမတို့အုပ်စုက Hotel ဘက်သို့ပြန်ကာသွားသည်။ အေးကိုက စားပွဲကိုပြင်ပေးနေသော စားပွဲထိုးကိုလှမ်း၍ခေါ်သည်။

"ညီလေး"





"ဗျာ - အစ်ကို"

"အဲဒါတွေဆက်မခင်းနဲ့တော့. . . ခင်းပြီးသားတွေပြန်သိမ်း လိုက်. . . အစ်ကိုတို့ မင်းတို့ Hotel ရှေ့ကို ရွှေ့မယ်"

"အစ်ကို စောစောကပြောတော့ Hotel နဲ့ဝေးဝေးမှာပြင်မယ်. . . ဂစ်တာတီးရင် အခြားဧည့်သည်တွေကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ဆို"

"အာ - မင်းကလဲ. . . အခြေအနေဆိုတာ အချိန်အခါအရပြောင်းလဲနေတာကွ. . . ကဲပါကွာ - သိမ်းပြီးသယ်ခဲ့တော့. . . ဒီမီးပုံကိုလည်းသိမ်းပြီး တစ်လက်စတည်း သန့်ရှင်းရေးလုပ်ခဲ့ပါဦးကွာ. . . ဟိုနှစ်ကောင်. . ဘာကြောင်တောင်တောင်ကြည့်နေကြတာလဲ. . . လာ ထ. . သွားမယ်"

အေးကို စားပွဲထိုးများကိုဆိုရင်း သူတို့နှစ်ကောင်ဘက်လှည့်ကာ အော်သည်။

"မဟားတရားကြီးကို တက်ကြွနေပါလား"

"တက်ကြွတော့ ဘာဖြစ်လဲကွာ. . . ငါက ကူညီချင်လို့ပါကွ. . . ဟိုမှာ သူတို့အဖွဲ့ခမျာ ဂစ်တာမရှိလို့ ပျင်းခြောက်ခြောက်ကြီးဖြစ်နေတယ်လို့ ညည်းနေတာ မကြားဘူးလား. . . မသွားရင် အားနာစရာကြီး"

ဌေးမောင်၏စကားကို အေးကိုက

"ကူညီချင်လို့ပါ"

ဟုဆိုရင်း တုံ့ပြန်သည်။ ပြီး ဂစ်တာကိုထမ်းထားရင်းက ဌေးမောင်ဘက်လှည့်ကာ

"ဘာလဲ - မင်းက လိုက်ရမှာပျင်းနေလို့လား. . . ရတယ်လေ. . . ငါနဲ့သူရနှစ်ယောက်တည်း သွားလိုက်ပါ့မယ်. . . မင်းမလိုက်ချင် နေခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး - ငါကမလိုက်ချင်ပါဘူး. . . ဒါပေမဲ့ ဂစ်တာတီးရတာ မင်းတစ်ယောက်တည်းဆို မြိုင်မှာမဟုတ်ဘူး. . . ဒီတော့ မင်းရဲ့တီးခတ်မှုတွေ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွားအောင် ကူညီချင်လို့ လိုက်ခဲ့မှာ"

ဌေးမောင်၏ချေပမှုကို အေးကိုက မျက်နှာကြီးရှုံ့သည်။

"တော်စမ်းပါ ဌေးမောင်ရာ. . . မင်းမလိုက်လည်း 'သူ'ရ'ပါသားပဲ. . . သူရက မင်းထက်တောင် ဂစ်တာတီးကျွမ်းသေး"

"ဒါပေမဲ့လည်း လက်ညောင်းရင် လက်ပြောင်းတီးဖို့ လူလိုတယ်လေ. . . ကူညီချင်လို့ပါကွာ. . . လိုက်ခဲ့ပါ့မယ် အဟဲ"

အေးကိုနှင့်ဌေးမောင် တစ်ယောက်တလဲ စကားနိုင်လုနေသည်ကိုကြည့်ရင်း သူရယ်ဖြစ်သည်။ သိပ်အခင်ကြီးလည်းမဟုတ်ပါဘဲ သူမတို့ဆီသွားရမည်မို့ နည်းနည်းတော့ရှိန်းတိမ်းတိမ်းကြီးခံစားနေရသည်။

ဌေးမောင်နှင့်အေးကိုကတော့ ငြင်းရင်းခုံရင်းဖြင့် Hotel ဘက်ဆီ အသော့နှင်နေကြသည်မို့ နောက်မှအမီလိုက်နေရသည်။

Hotel နှင့်မလှမ်းမကမ်း သောင်ပြင်မှာ သူမတို့အုပ်စု၏ မီးပုံကိုလှမ်းမြင်နေရသည်။

"ဟာ - အစ်ကိုတို့ရောက်ပြီလား. . . လာ ထိုင်. . . ဒါနဲ့ စကားမစပ် အယ်လ်ဆိုင်းဇီယီချင်းတွေ ရလားဟင်"

"ရတာပေါ့"

ကြည်ပြာ၏ကြိုဆိုရင်းမေးသောအမေးကို ဌေးမောင်က ခပ်သွက်သွက်ဖြေရင်း ပေါ့ပေါ့ပါးပါးပင် လွတ်နေသောနေရာ၌ဝင်ကာ ထိုင်သည်။ အထာက လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ခင်မင်ရင်းစွဲရှိနေပြီးသားပုံစံမျိုး။

"ဟိုအစ်ကိုနှစ်ယောက်လည်း ထိုင်လေ. . . တစ်ယောက်နဲ့တစ်ယောက် မိတ်မဆက်ပေးရသေးတော့ နာမည်ကလည်းမသိဘူး





ဖြစ်နေတယ်. . . ကဲ ကဲ. . အစ်ကိုတို့က စပြီးမိတ်ဆက်"

သူမတို့မပြောသေးသော်လည်း သူမတို့တစ်ယောက်နှင့်တစ်ယောက် ခေါ်နေကြသည့်အခေါ်အဝေါ်တို့ကိုနားထောင်ရင်း အပြည့်အစုံဟုတ်မဟုတ်မသိရသော Short Name ဟုယူဆရသောနာမည်များကိုတော့ သူတို့တီးမိခေါက်မိရှိပြီးဖြစ်သည်။ ယခု သွက်သွက်လက်လက်ဖြင့် နှုတ်ဆက်နေသူကိုတော့ ကြည်ပြာဟုအကြမ်းဖျင်းသိထားပြီးဖြစ်သည်။ ကြည်ပြာ၏အဆိုကြောင့် အေးကိုက သူ့ကိုယ်သူမိတ်ဆက်ရန် ချောင်းကိုဟန့်သည်။

"အဟမ်း - အစ်ကို့နာမည်က အေးကို. . . ခင်မင်ရင်းစွဲရှိပြီးသားလူတွေကတော့ အစ်ကို့ကို ကိုရီးယားက Rain နဲ့တူလို့ ရိန်းလို့ပဲခေါ်ကြတယ်"

အေးကို၏အဆိုကြောင့် ကောင်မလေးများက ရယ်ကြသည်။ ကြည်ပြာက

"ရန်ကုန်အိမ်ပြန်ရောက်တာနဲ့ အခန်းထဲက Rain ပိုစတာတွေ ဆွဲခွာပစ်မှဖြစ်တော့မယ်"

"အိမ်ကပူစီလေးကို Rain လို့နာမည်ပေးထားတာ. . . ဒီလိုသာဆို နာမည်ပြောင်းရတော့မလိုတောင်ဖြစ်နေပြီ"

ပြုံးပြုံးဟု သူမတို့အချင်းချင်းခေါ်နေကြသော ကောင်မလေးကပါ အရယ်တစ်ဝက်ဖြင့်ဆိုသည်။

"အဟွန်း. . အဟွန်း"

ဌေးမောင်က သူ့ကိုယ်သူမိတ်ဆက်ရန်အလို့ငှာ ချောင်းကိုဟန့်သည်။ ပြီး အင်္ကျီကော်လံကို လူရွှင်တော်များစတိုင်ဖြင့် ထောင်သည်။

"အစ်ကို့နာမည်က ဌေးမောင်. . . အွန်စောက အစ်ကို့ရဲ့နာမည်ကို အဖျားစွတ်ပြီးတော့ မောင်လို့ခေါ်တယ်. . . မခေါ်နဲ့တား



www.burmeseclassic.com

www.burmeseclassic.com



လည်း မရဘူး. . . မတတ်နိုင်ဘူးလေ. . . သူစိတ်ချမ်းသာရင် ပြီးရောဆိုပြီးတော့ ပေးခေါ်ထားလိုက်တယ်"

ကောင်မလေးအုပ်စုထံမှ ချောင်းလုပ်ဆိုးသံတွေကော တခွီးခွီးရယ်သံများပါ ဆူညံနေအောင်ထွက်လို့လာသည်။ ကောင်မလေးတစ်ယောက်က

"ကြာပြီလား"

ဟု ထမေးသည်။

"ဘာကိုလဲ. . . ဪ - အွန့်စောက အစ်ကို့ကို မောင်လို့ခေါ်တာကိုပြောတာလား. . . ကြာပြီပေါ့. . . အင်း - သုံးနှစ်လောက်တော့ရှိရော့မယ်"

"အဲဒါကိုပြောတာမဟုတ်ဘူး. . . ဆေးမသောက်ဖြစ်တာကို မေးတာ ကြာပြီလား. . . လို့"

ကောင်မလေး၏ချေပမှုကြောင့် ငွေမောင်တစ်ကောင် မျက်နှာကြီးရှုံ့မဲ့ကာသွားသည်။ ပြီးမှ ရှက်ရှက်ဖြင့် ချော်လဲရောထိုင် သဘောမျိုးလုပ်ကာ ကောင်မလေးအုပ်စုဖြင့်ရော၍ရယ်သည်။

"ကဲ - နောက်ဆုံးကျန်တဲ့ အစ်ကိုကရော. . . နာမည်လေး"

ကြည်ပြာဆိုသောကောင်မလေးက သူ့ကိုကြည့်ရင်းမေးသည်။

ဘာရယ်မဟုတ်။ သူမဆီ ဖျတ်ခနဲလှမ်းကြည့်ဖြစ်သည်။ သူမက ကြိတ်ပြီးပဲနားစွင့်နေသည်လားတော့ မသိ။ ခေါင်းကိုငုံ့ကာ တုတ်တစ်ချောင်းဖြင့် သဲသောင်ပြင်ကိုခြစ်ကာနေသည်။

"ဟကောင် - မင်းနာမည်ကိုမေးနေတယ်လေ. . . ဖြေလိုက်လေကွာ. . . 'ဝိုင်းလုံ'လို့"

အေးကိုက သူ့ပခုံးကိုတို့ရင်း နောက်သည်။ ကောင်မလေးများက တခွီးခွီးဖြင့်ရယ်ကြသည်။ သူမကို အမှတ်မထင် ဖျတ်ခနဲလှမ်း





ကြည့်ဖြစ်တော့ ခေါင်းငုံ့ရင်း ခပ်ဖွဖွရယ်နေသည်ကိုတွေ့ရသည်။ ဒီလို ဆိုပြန်တော့လည်း သူမသည်စွာလွန်းသည့် ဆတ်ဆတ်ကြဲမလေး တစ်ယောက်မဟုတ်တော့ဘဲ နူးညံ့စွာနေတတ်သော ဣန္ဒြေရှင်မလေး တစ်ယောက်ပုံပေါက်နေပြန်သည်။

"ဟကောင် ဝိုင်းလုံ - ဘာရှက်နေတာလဲကွ. . . မင်းနာမည် ပြောပြလိုက်ဦးလေကွာ"

ကောင်မလေးများ ဝိုင်းရယ်သည်မို့ မျက်နှာကြီးနီကာ ရှက်အမ်းအမ်းဖြစ်နေသောသူ့ကို ငွေမောင်ကနောက်ပြန်သည်။

"အစ်ကို့နာမည်က သူရ"

ရှက်ရှက်နှင့်ပင် ရယ်နေသောကောင်မလေးများဘက်လှည့်ပြီး ရယ်ကျဲကျဲဖြင့်ဆိုဖြစ်သည်။

"ကဲ ကဲ - အစ်ကိုတို့ကတော့ မိတ်ဆက်ပြီးသွားပြီ. . . ညီမတို့ဘက်က မိတ်ပျက်ဖို့ပဲကျန်တော့တယ်. . . အဲလေ - ယောင်လို့ . . . မိတ်ဆက်ဖို့ပြောတာ. . . ဘာတွေပြောမိမှန်းလဲ မသိဘူး"

ငွေမောင်၏ပြောင်ချော်ချော်အဆိုကြောင့် ကောင်မလေးများက တဝါးဝါးဖြင့်ရယ်မောကြပြန်သည်။

"အဟမ်း - ဒီငါးယောက်အဖွဲ့ထဲက ရုပ်အချောဆုံး၊ အသွက်လက်ဆုံးနဲ့ အထက်မြက်ဆုံးကို စပြီးမိတ်ဆက်ပေးရရင်တော့ ကျွန်မကိုယ်ကျွန်မမိတ်ဆက်ပေးရမှာပါ. . . ကျွန်မနာမည်က မကြည်ပြာလို့ခေါ်ပါတယ်"

ကြည်ပြာဆိုသောကောင်မလေး၏အဆိုကြောင့် အားလုံး ရယ်ဖြစ်ကြသည်။ ငွေမောင်က ထပြီး

"ဒါဆို ကြည်ပြာမှာ ကြည်သာဆိုတဲ့မောင်ရှိမှာပေါ့"

ငွေမောင်၏အကြောင်ကြောင်အမေးကြောင့် ကြည်ပြာ ကြောင်၍သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကကြည်သာလဲ"

"ဩော် - ကြည်ပြာရယ်. . . ကြည်သာဆိုတာ နီလာဆိုတဲ့ဆိုင်မှာ ဘီယာအမြဲသောက်တဲ့ကောင်လေ. . . စကားမစပ် သီတာနဲ့တွေ့ဖြစ်ရင် ပြောလိုက်ပါဦး. . . ထီလာကဂျစ်မတွေ ရောက်နေပြီလို့"

ငွေးမောင်၏ ကာရံဖြင့်ဆိုသော ရွှတ်နောက်နောက်စကားဆုံးတော့မှ နောက်နေမှန်း ကြည်ပြာသိကာသွားသည်။

"ကျွန်မတို့အိမ်မှာ ကြည်သာတော့မရှိဘူး. . . ပီပါပဲ ရှိတယ်"

ပြောရင်း ကြည်ပြာကရယ်သည်။ အတန်ကြာအောင်ရယ်ပြီးမှ ကြည်ပြာကပင်

"အဲဒါနဲ့ပဲ ကျန်တဲ့လူတွေမိတ်မဆက်ပေးမိဘဲနေတော့မယ် . . . ဒီတစ်ယောက်က ထားထားတဲ့. . . သူ့ဘေးကတစ်ယောက်က သက်နွယ်. . . ဒီတစ်ယောက်က ပြုံးပြုံးဝေ. . . သူ့ဘေးကတော့ ကျွန်မတို့အဖွဲ့မှာ အအေးဆုံး ဖြူမငြူတဲ့"

အအေးဆုံးဟု ဂုဏ်ပုဒ်အတပ်ခံရသော သူမက ကြည်ပြာကိုလှမ်း၍ ရှက်ဝဲဝဲဖြင့်မျက်စောင်းထိုးသည်။

"ကဲ ကဲ - အားလုံးလည်း မိတ်ဆက်ပြီးကြပြီဆိုတော့. . . ဒီအချိန်ကစပြီး မိတ်ဖျက်ကြတာပေါ့. . . ဒီတော့မိတ်ပျက်ပြီလို့ သဘောထား. . . ဟုတ်ပြီလား. . . အဲလေ"

အေးကိုက လူရွှင်တော်အထာဖြင့်ဆိုသောစကားကြောင့် အားလုံးရယ်ဖြစ်ကြပြန်သည်။

"အစ်ကို စောစောကပြောတယ်နော်. . . အယ်လ်ဆိုင်းဇီ သီချင်းတွေ တီးလို့ရတယ်လို့"

"ရတယ်လေ"

ကြည်ပြာ၏အမေးကို ငွေးမောင်က 'ရတယ်လေ'ဟုဆိုသည်။

"ဒါဆိုရင် ဟိုသီချင်းအေးအေးလေး ဖြူဖြူကျော်သိန်းရဲ့





'အတွင်းကြေ'ပဲတီးပေးတော့"

"ဟေ့- ဘယ်လိုလုပ် အယ်လ်ဆိုင်းဇီကနေ ဖြူဖြူကျော်သိန်းကို ရောက်သွားရတာတုံး"

"အို - အစ်ကိုကလဲ. . . အယ်ဆိုင်းဇီနဲ့ ဖြူဖြူကျော်သိန်းက သိပ်ကွာတာမှမဟုတ်တာ"

"အေးပါ - ကြည်ပြာ့ကျမှပဲ အယ်ဆိုင်းဇီရဲ့ 'မလွမ်းရဲသေးဘူး မောင်ရယ်'ကို ဖြူဖြူကျော်သိန်းရဲ့အသံနဲ့ဆိုပြီး. . . ဖြူဖြူကျော်သိန်းရဲ့ 'အတွင်းကြေ'ကို အယ်လ်ဆိုင်းဇီသံနဲ့ဆိုတော့"

ငွေးမောင်၏အပြောကြောင့် ကောင်မလေးတွေ ဝါးခနဲရယ်ကြပြန်သည်။

"ဒါနဲ့ စကားမစပ်ပေါ့. . . မနက်ဖြန် သံတွဲမှာရှိတဲ့ဘုရားတွေ လျှောက်ဖူးကြမလို့. . . အဲဒါ ညီမတို့လိုက်ကြဦးမလား"

စကားဖြတ်ကာ ဝင်၍ဆိုသောသူ့စကားကြောင့် သူမတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ပြုံးပြုံးက

"ညီမတို့လည်း သွားမလို့တိုင်ပင်နေကြတာ. . . ဆံတော်ဘုရားတို့၊ အံတော်ဘုရားတို့၊ နံတော်ဘုရားတို့ကိုပြောတာ မဟုတ်လား"

"ဟုတ်တယ် - သံတွဲဈေးထဲ လျှောက်လည်ကြရင်းပေါ့"

"လိုက်ကြမယ်မဟုတ်လား"

ပြုံးပြုံးက သူမဘေးမှသူငယ်ချင်းများကို ဝမ်းသာအားရဆိုသည်။ ကောင်မလေးများက ခေါင်းညိတ်ပြကြသည်။ သို့နှင့်သွားကြမည့်အစီအစဉ်များ ဆွဲဖြစ်ကြသည်။ နောက် မီးပုံဘေးမှာ သီချင်းတွေဟိုတစ်ပုဒ် ဒီတစ်ပုဒ်ဆိုဖြစ်ကြရင်း နောက်လိုက်ပြောင်လိုက်ဖြင့် သူတို့နှစ်ဖွဲ့ ပို၍ခင်သွားကြသည်။

သူမတို့အုပ်စု နောက်သုံးရက်နေပြီး ပြန်ကြတော့မည်ဟုသိရ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူ့ရင်ထဲမှာ ဟာတာတာကြီးဖြစ်လို့နေသည်။

လသာသာ သောင်ပြင်၌ မီးပုံပွဲမှာရှိနေသော အလှနတ်သမီးဖြစ်သည့် သူမကိုခိုးခိုးကြည့်ရင်း ရင်ခုန်ခဲ့သောဒီညကို သူမမေ့နိုင်တော့မည်မထင်။

* * *

Hotel မှ နံနက်ရှစ်နာရီမှာ သူတို့အားလုံး ဟိုတယ်မှစီစဉ်ပေးသည့်ကားဖြင့် သံတွဲမြို့ပေါ်ရှိ ဘုရားများကိုဖူးရန်ထွက်ခဲ့ကြသည်။

ရွှေဆံတော်ဘုရားနှင့် ရွှေနံတော်ဘုရားတို့ကို ပတ်ဖူးကြပြီးနောက်ဆုံး ရွှေအံတော်ဘုရားပေါ်သို့ရောက်လာကြသည်။ တောင်ပေါ်မှ လှမ်း၍မြင်ရသောရှုခင်းတို့က စိမ်းညို့ကာနေသည်။

"မင်းတို့ ဒီရွှေအံတော်ဘုရားရဲ့ သမိုင်းအကျဉ်းကိုသိလား"

"မင်းကရော သိလို့လား"

သူ၏အမေးကို ဒွေးမောင်က ဘုတောရင်းပြန်မေးခွန်းထုတ်သည်။

"သိတာပေါ့ကွာ. . . ဒီလိုကွ - မဟာသက္ကရာဇ် တစ်ရာနှစ်ဆယ့်သုံးခုနှစ်မှာ ဘုရားမြတ်စွာ စိန္တေယျာဟာ အဲဒီတုန်းက ဒွါရာလို့ခေါ်တဲ့မြို့ကိုရောက်တဲ့အချိန်မှာ ဒီတောင်ယံမှာ ငါဘုရားရှင်နုစဉ်အခါဘဝက မြွေငန်းဖြစ်ခဲ့ဖူးတယ်လို့မိန့်တယ်. . . ငါဘုရား လွန်လေပြီးတဲ့အချိန်ကျရင် ဒီနေရာမှာ အံတော်ကိုဌာပနာပြီး စေတီတည်လို့ကိုးကွယ်ကြလိမ့်မယ်လို့ ဗျာဒိတ်စကားမိန့်တော်မူခဲ့တယ်တဲ့. . . သာသနာတော် သက္ကရာဇ် ၂၃၆ ခုနှစ်မှာ အံတော်ဓာတ်တော်အစစ်နဲ့ ဧည၀တီခေတ်က ဓမ္မသူရအမတ်ကြီးက တည်ထားခဲ့တယ်တဲ့"

သူ့စကားအဆုံးမှာ ကောင်မလေးများအုပ်စုထဲမှ ထားထားက

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကိုသူရက ဒီအကြောင်းတွေသိနေပုံထောက်တော့ ပေလီခဏခဏရောက်ဖူးတယ်နဲ့တူတယ်"

ဟုဆိုသည်။

"ဒီတစ်ခေါက်ပဲ ရောက်ဖူးသေးတာပါ"

"ဒါဖြင့် ဒီအကြောင်းတွေ ဘယ်လိုလုပ်သိနေတာတုံး"

ပြုံးပြုံး၏အမေးကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။

"စာစောက မော်ကွန်းကျောက်စာသွားဖတ်ထားတာလေ"

"အာ - အကောင်းမှတ်လို့"

ရယ်ကြဲကြဲဖြင့်ဆိုသော သူ့စကားကြောင့် ကောင်မလေးများက တခွီးခွီးဖြင့်ဝိုင်းရယ်ကြသည်။ ငွေမောင်တို့နှစ်ကောင်ကပါ လိုက်ရယ်သည်။

"ထင်တော့ထင်သားပဲ. . . မင်းမှာ ဒီလောက်ဗဟုသုတမရှိပါဘူးလို့"

အေးကိုက ဆရာကြီးစတိုင်ဖြင့် နှိပ်ကွပ်သည်။

"အေးပါကွာ. . . ငါက ဗဟုသုတမင်းလောက်မရှိတော့ ပင်လယ်ထဲရေဆင်းကူးရင် ဝင်ကြေးပေးရကောင်းမှန်းမသိဘူး"

သူ့စကားကြောင့် ငွေမောင်က ခွီးခနဲရယ်သည်။ အေးကိုကတော့

"ဟကောင် - ဟကောင်. . . မင်း မဟုတ်ကဟုတ်ကတွေ လျှောက်မပြောနဲ့"

ဟု မျက်နှာနီကြီးနှင့်ဆိုသည်။

"ဝင်ကြေး. . . ပင်လယ်ထဲ ရေဆင်းကူးတာဝင်ကြေးပေးရတယ် ဟုတ်လား. . . မကြားဖူးပါဘူး"

ကြည်ပြာက ခေါင်းကိုကုတ်ရင်း သူ့ကိုမေးသည်။

"ဒီလိုဟ - ရှေ့ရက်က ငါတို့သုံးကောင် ရေဆင်းကူးကြတော့





ဒီကောင်က သူ့ဘောင်းဘီထဲမှာ ပိုက်ဆံငါးထောင်ပါလာတာကို သတိမရဘဲနဲ့ မေ့ပြီးရေဆင်းကူးတယ်. . . ရေကူးပြီး တော်တော်ကြာမှ သတိရလို့နှိုက်ကြည့်တော့ ပိုက်ဆံက အိပ်ကပ်ထဲမှာမရှိတော့ဘူး. . . အဲဒါနဲ့ ရေထဲပြန်လိုက်ရှာတော့ ဟိုတစ်ရွက်ဒီတစ်ရွက်နဲ့ လေးထောင်ပဲပြန်ရတယ်. . . အဲဒါ ငါတို့ကောင်တွေက ဝိုင်းနောက်နေကြတာ ပေလီကမ်းခြေမှာ ရေလာကူးသမျှလူတွေ ပင်လယ်ထဲဝင်ကြေးပေးရတယ်လို့ မကြားဖူးဘူးလို့. . . မင်းကျမှ ကျီးထူလို့ ပင်လယ်ကဝင်ကြေး တစ်ထောင်ယူထားတာလို့ စ-နေကြတာ"

သူ့စကားအဆုံးမှာ ကောင်မလေးများက ပြုံးစိစိတွေနှင့် အေးကိုကိုဝိုင်းကြည့်ကြသည်မို့ သကောင့်သားက ရှက်ရယ်ရယ်ရင်း ခေါင်းကိုကုတ်သည်။

ရယ်ရင်းမောရင်းဖြင့် သူတို့အားလုံး ရွှေအံတော်ဘုရားရှိရာ တောင်ပေါ်မှ သံတွဲဈေးထဲလည်ကြရန် ဆင်းခဲ့ကြသည်။

"ရခိုင်လူမျိုးတွေက ဆပ်ပြာကို သူပုန်လို့ခေါ်တယ်ဆိုတာ ဟုတ်လား အစ်ကို"

သူ့အမေးကြောင့် ကားဆရာကပြုံးရင်း ခေါင်းညိတ်သည်။

"စောင်ကို ပုဆိုး. . . ပုဆိုးကို စောင်လို့ခေါ်တာရော ဟုတ်လား"

အေးကို၏အဆိုကြောင့် ကားဆရာကရယ်သည်။

"နောက်ပြီး မေးရဦးမယ်ဗျ. . . ညီမလေးဆိုရင် ဘယ်လိုခေါ်လဲ"

ငွေမောင်က ကားဆရာကိုလက်တို့ရင်းမေးသည်။

"အပုချေ(ရှည်)"

"အပုချေလား. . . အပုရှည်လား"

"အင်း - အပုချေ(ရှည်)"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာ၏အသံက ကြားသံဖြစ်သည်။ ချေနှင့်ရှည်သံ ကြားမှာဖြစ်သည်။ ငွေမောင်က ကောင်မလေးများဘက်ကိုလှည့်သည်။ တကယ်တော့ ကားဆရာ၏လေယူလေသိမ်းက 'ချေ'လိုလို၊ 'ရှည်'လိုလိုကြီးဖြစ်သည်။

"ကဲ ကဲ - အပုချေတွေ သံတွဲဈေးမှာ သိပ်မကြာကြနဲ့နော် . . . နေ့လယ်စာစားချိန်တော့ ရောက်နေပြီ. . . Hotel မှာပြန်စားမလား. . . မြို့ထဲမှာပဲ စားမလား"

"ရတယ် - အပုချေတွေက ဘယ်မှာစားစားဖြစ်ပြီးသား"

ငွေမောင်၏စကားကို ကြည်ပြာကပြန်နောက်သည်။ သံတွဲဈေးတွင် ကားရပ်သောအခါ ယခုကားရပ်သောနေရာတွင် ပြန်ဆုံမည်ဟုဆိုပြီး အလျှိုလျှိုဖြင့်ဆင်းသွားကြသည့်ကောင်မလေးများကိုကြည့်ပြီး အေးကိုက သူနှင့်ငွေမောင်ကို/မျက်လုံးပြူးပြသည်။

"ဘာလဲကွ"

"ဟ - လိုက်သွားကြမယ်လေကွာ"

သူ့အမေးကို အေးကိုကဖြေသည်။ ငွေမောင်က ကားပေါ်မှဆင်းနေသော အေးကိုကို ဘုန်းခနဲဆောင့်ကာကန်သည်။

"ဟ - ဘာကိစ္စကန်တာလဲကွ"

"အလိုက်ကန်းဆိုးမသိလို့ ကန်တာ. . . ဟိုကမိန်းကလေးတွေ ဘာဝယ်မှာမှန်းမသိ ဘာမသိညာမသိနဲ့ မင်းကလိုက်သွားရအောင် လုပ်နေတယ်. . . ကားမှာပြန်ဆုံမယ်ဆိုပြီး အမြန်ထွက်သွားကြတာ မတွေးမိဘူးလား တစ်ခုခုပဲဆိုတာ"

ငွေမောင်၏စကားကြောင့် အေးကိုက

"အေးကွ"

ဟုဆိုရင်း ခေါင်းကိုတဆတ်ဆတ်ညိတ်သည်။ ထို့နောက် သူတို့သုံးကောင်သား ယောင်ပေယောင်ပေဖြင့် ဈေးထဲသို့လည်ဖြစ်





ကြသည်။

"ဟကောင် - ဟိုမှာမဲ့လေးနဲ့ အထည်ဆိုင်ကကောင်မလေးကို တွေ့လား. . . တော်တော်မိုက်တယ်ကွ"

အေးကိုပြရာဆီ သူနှင့်ငွေမောင်လိုက်ကြည့်ဖြစ်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ထိုဆိုင်မှကောင်မလေးက မဲ့လေးနှင့် အတော်ဆွဲဆောင်မှုရှိသည်။

"လာကွာ. . . ပုဆိုးသွားဝယ်ရအောင်"

ငွေမောင်ကပြောပြောဆိုဆိုပင် ဖင်းဆိုင်ဘက်ကိုထွက်သွားသည်။ သူနှင့်အေးကိုက ဆရာသမားကိုမီအောင် အတော်ကြီးလိုက်ယူရသည်။

"ညီမလေး ပုဆိုးလိုချင်လို့. . . ရခိုင်ပုဆိုးရှိလား"

ငွေမောင်၏အမေးကိုကို ကောင်မလေးကခေါင်းညိတ်ပြသည်။ ပြီး ပုဆိုးများကိုယူ၍ ရှေ့သို့ချပေးသည်။

"ဒီ့ထက် အကွက်ကြီးတာရှိသေးလား"

"မရှိ"

ကောင်မလေးကခေါင်းခါရင်း 'မရှိ'ဟုဆိုသည်။ ဒေသခံများ စကားဆိုရာ၌ 'ဘူး'တစ်လုံးမပါတတ်။ ဉပမာ မကောင်းဘူးဟုဆိုလျှင် 'မကောင်း'ဟုသာဆိုပြီး 'မသိဘူး'ဆိုလျှင်လည်း 'မသိ'ဟုသာပြောသည်။ နားထဲမှာ နားထောင်နေကျမဟုတ်သည်မို့ တစ်မျိုးဆန်းကာ ချစ်စရာကောင်းနေသည်။ အခုလည်းကောင်မလေးက 'မရှိ'ဟုသာ ချစ်စဖွယ်ဆိုသည်။

"ဒါဆို ဒီအဆင်ထဲကအနီရောင်လေးရှိဦးမလား"

"မရှိ"

ကောင်မလေးက ရှက်ဝဲဝဲပြုံးရင်း 'မရှိ'ဟုဆိုသည်။ ပြီး ပြုံးစိစိဖြင့် ငွေမောင်ကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ပုဆိုးစည်းတတ်လို့လား"

"ဘယ်လို"

"ပုဆိုးဝတ်တတ်လို့လားလို့ မေးတာ"

ကောင်မလေးက ဟက်ခနဲရယ်ရင်း စကားကိုပြန်ပြင်ပြော သည်။

"ဩော် - ပုဆိုးဝတ်တာကို ပုဆိုးစည်းတာလို့ပြောတာလား"

အေးကို၏အမေးကို ကောင်မလေးက ရှက်ဝဲဝဲဖြင့်ရယ်ရင်း ခေါင်းညိတ်သည်။ ဒွေးမောင်က နံ့သာရောင်ရခိုင်ပုဆိုးကိုယူသည်။ အေးကိုက နီညိုရောင်တစ်ထည်ယူသည်။

ပုဆိုးဝယ်သွားသော်လည်း သကောင့်သားနှစ်ကောင်က ဆိုင်မှမခွာချင်သေး။ ဟိုမေးဒီမေးမဟုတ်လုပ်နေသေးသည်။

"ညီမလေး - ဒီတစ်ဝိုက်မှာ ဘယ်ထမင်းဆိုင်က စားကောင်းလဲ"

"မသိ"

ကောင်မလေးဖြေလိုက်တာက ရှင်းသည်။ 'မသိ'တဲ့။ နောက်ဆုံးတော့ ဟိုဟိုဒီဟာဒီတွေ စပ်စပ်စုစုလျှောက်မေးရင်း သုံးကောင်သားဆိုင်ရှေ့မှခွာခဲ့ဖြစ်သည်။

"တောက် - သံတွဲသားတောင် ဖြစ်လိုက်ချင်တယ်ကွာ"

"ဒါဖြင့် ငါတို့ပြန်ရင် မင်းကျန်ခဲ့လေ"

အေးကို၏အဆိုကို ဒွေးမောင်ကနောက်သည်။ ထိုစဉ်မှာပင် ဟိုရှာဒီရှာပုံစံဖြင့် လူကြဲနေဟန်တူသော ဖြူမဥ္စူကို သူတွေ့လိုက်ရသည်။

"ဟကောင်တွေ. . . ကြည့်ရတာ ဖြူမဥ္စူတော့ လူကွဲနေတယ်နဲ့တူတယ်"

လွှတ်ခနဲထွက်သွားသော သူ့စကားအဆုံးမှာ ဒွေးမောင်က





လက်ဖျစ်တီးသည်။

"ဟကောင် - အဲဒါ ဂွင်ပဲ. . . သွား သွား. . . မင်းသွားပြီး ရောလိုက်. . . ငါတို့နှစ်ကောင်ကိုမေးရင် ဟိုဘက်သွားတယ်လို့ ဖြီးလိုက်"

ပြောပြောဆိုဆိုဖြင့် ဒွေးမောင်က အေးကိုကုတ်ကိုဆွဲကာ ခြေရာဖျောက်သည်။ သူတို့ကိုမမြင်သော ဖြူမဥ္စူကတော့ ဟိုရှာဒီရှာဖြင့် သူရှိရာဘက်ဆီရောက်လာသည်။

"ဟာ - ကိုသူရပါလား"

သူ့ကို ဖျတ်ခနဲတွေ့သွားသောအခါ သူမက ရုတ်တရက်ဝမ်းသာအားရလှမ်းနှုတ်ဆက်သည်။ ပြီးမှ ရှက်ဝဲဝဲဖြင့်

"လူကွဲသွားလို့"

ဟု ခေါင်းငုံ့ရင်းဆိုသည်။

"ဟုတ်လား - အစ်ကိုလည်း ဟိုနှစ်ကောင်ကိုလိုက်ရှာနေတာ . . . အတော်ပဲ အဖော်ရတာပေါ့"

ခေါင်းငုံ့ထားသောသူမကို ငုံ့ကြည့်ကာဆိုဖြစ်ရင်း သူ့ရင်တွေခုန်နေဖြစ်သည်။ ကြည့်စမ်း - ဘယ်လောက်တောင် ချစ်စရာကောင်းတဲ့ကောင်မလေးပါလိမ့်။ လက်နှစ်ဖက်ကိုပွတ်ရင်း ဘာမှမဟုတ်ဘဲ အရှက်သည်းကာနေသည်။ ကျို့ကျို့လေးလုပ်နေသော ပခုံးနှစ်ဖက်ကို သူ့စိတ်ထဲမှဆွဲယူဖက်ထားဖြစ်နေသည်။

"ကားဆီသွားမယ်လေ. . . ညီမလေး ဝယ်စရာရှိသေးလား"

လွှတ်ခနဲထွက်သွားသော 'ညီမလေး'ဆိုသောအခေါ်ကြောင့် ကိုယ့်ကိုယ်ကိုယ်တော့ အတော်ကြီးမလုံမလဲဖြစ်သွားရသည်။

"ဝယ်စရာတော့ မရှိပါဘူး. . . ဒါပေမဲ့ လျှောက်လှည့်ကြည့်ချင်တယ်"

ကလေးတစ်ယောက်လိုအမူအရာဖြင့် မရဲတရဲဆိုသောသူမ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ရင်း ချစ်မိသွားပြီဖြစ်ကြောင်း ရင်ခုန်သံတို့က သက်သေပြနေသည်။ တဝုန်းဝုန်းလှိုက်ဆူနေသော ရင်ခုန်သံများကြောင့် လူပင်ထူထူ ပူပူဖြစ်လာသလားအောက်မေ့ရသည်အထိ။

"ဒါဖြင့် လျှောက်ကြည့်ကြမယ်လေ. . . လာ"

သူနှင့်အတူ ဘေးမှာပါလာသောသူမနှင့် အတတ်နိုင်ဆုံး နီးနိုင်သမျှနီးအောင် သူလျှောက်ဖြစ်သည်။ အထမ်းသမားတို့ ဘာတို့နှင့် ဆုံလျှင် ရှောင်ပေးသလိုလို ဘာလိုလိုဖြင့် သူမပခုံးကို သူ့ပခုံးဖြင့် မသိမသာထိခွင့်ရနေသည်က သူ့အတွက်တော့ ရင်ပိုခုန်ချင်စရာဖြစ်လို့နေသည်။ တစ်ခါ ပခုံးဖြင့်တိုးမိတိုက်မိတိုင်း 'sorry'ဟု သူဆိုဖြစ်သည်။

နှစ်ခါက သုံးခါ ပခုံးချင်းထိမိပြီး 'sorry'ဟု သုံးကြိမ်သုံးခါ ပြောပြီးသွားသောအခါ သူမက 'သိနေတယ်နော်'ဟူသောသဘောဖြင့် သူ့ကိုကွက်ခနဲကြည့်သည်မို့ သူရှက်အမ်းအမ်းတော့ဖြစ်သွားရသည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသလို ဘာမှမသိလိုက်သလိုဟန်ဖြင့် ရိုးသားသလိုပုံစံလုပ်ပြီး ရှူးချင်ယောင်ဆောင်နေပစ်လိုက်သည်။

"ဈေးက လူစည်သားပဲနော်"

လူအရှောင်အတိမ်းများနေသယောင်ယောင်ဖြင့် ဆိုသောသူ့စကားကို သူမကအငြင်းမပွားလိုဟန်ဖြင့် ခေါင်းညိတ်သည်။

"ဘာရယ်မဟုတ်ဘူး. . . ပြန်ရတော့မယ်ဆိုတော့လည်း ပင်လယ်ကို မခွဲချင်သေးဘူး. . . တစ်မျိုးကြီးပဲ"

သူမက ဆံပင်ကိုသပ်တင်ရင်းဆိုသည်။

"အစ်ကိုလည်း တစ်မျိုးကြီးပါပဲ ညီမလေးရာ. . . ညီမလေးတို့ ပြန်တော့မယ်ဆိုတော့ မခွဲချင်သေးဘူး. . . မခွဲချင်တော့ဘူးဆိုရင် ပိုမှန်မယ်"

ဟု စိတ်ထဲမှာဆိုဖြစ်နေသည်။





"အစ်ကိုတို့ရော ဘယ်နေ့ပြန်မှာလဲ"

"ညီမတို့ပြန်ပြီး နှစ်ရက်လောက်ကြာမှ ပြန်မှာ"

သူမအမေးကို သူဖြေဖြစ်သည်။

"အဟင်း"

လမ်းလျှောက်နေရာက သူမရယ်သည်။

"ဘာသဘောကျလို့လဲ"

သူ့အမေးကို သူမက ချက်ချင်းမဖြေသေး။ အတန်ကြာအောင် တခိခိဖြင့်ရယ်ပြီးမှ

"အစ်ကိုနဲ့ညီမနဲ့ ခရုလုရင်း ရန်ဖြစ်တာကိုသတိရလို့"

သူမ၏ရယ်ဖွဲ့ဖွဲ့စကားကြောင့် သူနည်းနည်းတော့မျက်နှာပူသွားမိသည်။ ဘာရယ်မဟုတ်။ ဟက်ခနဲလိုက်ရယ်ဖြစ်သည်။

"အဲဒီတုန်းက အစ်ကိုက ကလေးကြီးကျနေတာပဲ. . . 'အဲဒါပိုင်ရှင်ရှိတယ်'ဆိုပြီးတော့ မျက်မှောင်ကြီးကုတ်ထားလိုက်တာ. . . ခုပြန်တွေးရင် ရယ်ချင်နေတုန်းပဲ"

သူမ၏နောက်ဆက်တွဲစကားကြောင့် သူမျက်နှာပိုပူသွားဖြစ်သည်။

"ညီမလေးဆိုလိုချင်တာက အစ်ကိုကဆိုးတယ်ပေါ့. . . အဲဒီလိုလား"

"ဒါပေါ့. . . အစ်ကိုက ဆိုးတယ်. . . ညီမလေးဆို ဘယ်လောက်လိမ္မာလဲ. . . သူများပစ္စည်းကို ဘာပြဿနာမှမရှာဘဲနဲ့ အေးအေးဆေးဆေးပဲ ပြန်ပေးခဲ့တာမဟုတ်လား"

ပြောပြီး သူမကတခွိခွိဖြင့်ရယ်သည်။

"ညနေခင်းကျရင် အဲဒီခရုတွေ ညီမကိုပေးမယ်လေ"

"တကယ်လား"

သူ့စကားကြောင့် သူမပျော်သွားပုံရသည်။ 'တကယ်လား'ဟု



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို လက်ညှိုးထောင်ရင်းမေးသည်။

ခေါင်းညိတ်ပြသော သူ့ကိုကြည့်ရင်း သူမက

"ဒီလိုကျတော့လည်း အစ်ကိုက ခင်ဖို့ကောင်းသွားပြန်ရော . . . ဒါပေမဲ့ ခရုနှစ်ခုစလုံးတော့မယူပါဘူး. . . တစ်ခုပဲယူမယ်"

လက်ညှိုးတစ်ချောင်းထောင်ရင်း သူမဆိုပြန်သည်။ ထိုစဉ် မှာပင် ရှေ့မှာခါးတွေအသီးသီးထောက်ကာ စောင့်နေကြသော ကြည်ပြာတို့လေးယောက်ကို တွေ့လိုက်ရသည်။

"အောင်မာ မာ. . . သူပျောက်လို့ ငါတို့မှာတော့ ရှာလိုက်ရတာ. . . ကိုဌေးမောင်တို့နှစ်ယောက်လည်း ကိုသူရပျောက်လို့ လိုက်ရှာနေတယ်တဲ့. . . တွေ့မယ့်တွေ့တော့လည်း တစ်ယောက်ချင်းမဟုတ်ဘဲနဲ့ အတွဲလိုက်ကြီးပါလား"

ကြည်ပြာက ပြုံးစိစိဖြင့်ဆိုအည်မို့ သူမမျက်နှာနီခနဲဖြစ်ကာ သွားသည်။ ပြီး ရှက်ရမ်းရမ်းနေသောပုံစံဖြင့်

"နင်တို့ပဲ ငါ့ကိုထားခဲ့ပြီးတော့"

"မထားပါဘူးနော်. . . နင့်ဘာသာနင် ကျန်ခဲ့တာ. . . အေးပေါ့လေ. . . အေးပေါ့"

"ဘာအေးပေါ့လဲ"

ကြည်ပြာ၏ပြောင်ချော်ချော်အဆိုကို သူမကရှက်ရှက်ဖြင့် 'ဘာအေးပေါ့လဲ'ဟုဆိုသည်။

"ဩော် - အပြစ်တင်တော့လည်း ခံရတော့မှာပေါ့လို့ ပြောမလို့ပါ. . . အဟမ်း - အဟမ်း. . . ရေကူးတာများလို့ ထင်တယ် . . . ချောင်းတွေဆိုးချင်နေတယ်. . . အ. . ဟမ်း"

တမင်ချောင်းလုပ်ဆိုးနေမှန်းသိသာသည်မို့ သူမက ကြည်ပြာကိုမသိမသာလိမ်ဆွဲသည်။ ကြည်ပြာက 'အားလားလား'ဟု ထအော်သည်။

တော်ဝင်မြို့မ စာအုပ်တိုက်



"ဟဲ့ - ဘာဖြစ်တာလဲ"

ထားထားတို့က ကြည်ပြာ၏အော်သံကို အကြောင်းပြု၍ မေးသည်။ သူမကပြောရဲပြောကြည့်ဆိုသောသဘောဖြင့် နှုတ်ခမ်းကိုကိုက်ကာ မျက်လုံးပြူးရင်း ခေါင်းရမ်းပြသည်။

"ဗိုက်ဆာလို့ အော်တာပါဟယ်. . . ဗိုက်ဆာလို့ပါ"

ခပ်ငေါ့ငေါ့လေသံဖြင့်ဖြေသော ကြည်ပြာ့အဖြေကြောင့် သူမက ဟက်ခနဲရယ်သည်။

"ကြား ကြားဖူးပေါင်. . . ဗိုက်ဆာတာများ အားလားလားလို့ အော်သတဲ့. . . ကြည်ပြာနော် - ကြည်ပြာ. . . ငါသိတယ်. . . အဟမ်း. . . အ. . ဟမ်း"

ပြုံးပြုံးဝေက ကြည်ပြာ့ကိုပြောသလိုလိုနှင့် သူမကိုကြည့်ရင်း မချိုမချဉ်ဖြင့်ဆိုသည်။

"ဟာ - ရှာလိုက်ရတာကွာ"

အကယ်ဒမီရှေ့စတိုင်ဖြင့် လက်ကားယားခြေကားယားလုပ်ကာ အမောတကောရောက်လာသော ဌေးမောင်တို့နှစ်ကောင်ကို ကြည့်ရင်း သူနည်းနည်းတော့ရယ်ချင်သွားမိသည်။

"ကဲ ကဲ. . လူစုံပြီ. . . သွားရအောင်. . . မသွားလို့ကတော့ လူထပ်ကွဲမယ့်အလားအလာတွေ ကြိုမြင်နေတယ်. . . အဟမ်း. . . အ. . ဟမ်း"

ကြည်ပြာ၏ ခပ်ထေ့ထေ့စကားကြောင့် ဘာရယ်မဟုတ် အားလုံးက သူတို့နှစ်ယောက်ကိုကြည့်ကာ ရယ်ကြသည်။ အနှိပ်ကွပ်ခံနေရသည်ဆိုသော်လည်း ဘာပဲပြောပြော ကြည်နူးစရာအချိန်များဆိုတာတော့ သူဝန်ခံရလိမ့်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ပြင်မှဖြတ်သန်းကာတိုက်ခတ်လာသော လေနုအေးက သူမ၏ဂါဝန်ကို တဖျတ်ဖျတ်လူးလွန့်နေစေသည်။

"ရော့"

သူ့လက်ထဲမှ ခရုကို သူမကြည့်သည်။ ပြီး သူ့ကိုကြည့်သည်။

"လက်တွေတုန်နေတယ်နော်. . . ကြည့်ရတာ နှမြောတဲ့ကြားက ပေးရတာနဲ့တူတယ်"

ပြုံးစိစိဖြင့်ဆိုသောစကားကြောင့် သူရှက်ရှက်ဖြင့် ဟက်ခနဲရယ်ဖြစ်သည်။ သူမက ခရုကိုအရယ်မပျက်ပင်လှမ်းယူသည်။ နူးညံ့လွန်းသောသူမ၏လက်ချောင်းလေးများ သူ့လက်ဝါးပြင်ကိုလာ၍ထိသောအခါ သူ့ရင်ထဲမှာ ရှိန်းခနဲဖြစ်သွားသည်။

"ရင်ခုန်လို့ လက်တုန်နေတာရောမဖြစ်နိုင်ဘူးလား"

လွှတ်ခနဲထွက်သွားသော သူ့စကားကြောင့် သူမက ဖျတ်ခနဲကြည့်သည်။ ပြီး ညစ်ကျယ်ကျယ်ပြုံးရင်း

"ကမ္ဘာပေါ်ကသက်ရှိတွေအားလုံး ရင်ခုန်ခြင်းနဲ့ အသက်ရှင်နေတာပဲဥစ္စာ. . . ရင်ခုန်ရင် လက်တုန်တယ်လို့မကြားမိပေါင်. . . ဘာပဲပြောပြော ဒီခရုလေးအတွက် ကျေးဇူးပဲ. . . သွားတော့မယ်နော်"

တော်ဝင်မြို့မ စာအုပ်တိုက်



ပြောပြောဆိုဆိုဖြင့် သူမ လှစ်ခနဲ သူ့အားမှနေ ရှေ့မှသွားနေသော ကြည်ပြာတို့အုပ်စုဆီ အပြေးတစ်ပိုင်းထွက်ကာသွားသည်။

ရည်းစားစကားပြောရန်အစပျိုးနေမှန်း သူမမသိ၍မဟုတ်။ သိလိမ့်မည်။ တမင်ရှောင်သွားခြင်းသာ ဖြစ်လိမ့်မည်။ တုန်ခါလှုပ်ရှမ်းပြီးကျန်ခဲ့သော နှလုံးသားနှင့်အတူ သူမချင့်မရဲဖြင့် ကျန်နေခဲ့ရသည်။

ကမ်းခြေမှလေနုအေးသည်လည်း အခုတော့ သူ့ရင်ကိုအေးမြခြင်းငှာ မစွမ်းတော့။ Sun Set View ကို နေ့စဉ်ဓာတ်ပုံရိုက်ဖြစ်သော်လည်း ဒီညနေခင်းမှာ camera ကိုင်ရန်ပင် သူစိတ်မပါတော့။

အချစ်သည် တက်ကြွမှုကိုပေးစွမ်းသကဲ့သို့ စိတ်မောရသော ခံစားမှုတို့ကိုလည်း ပေးစွမ်းကြောင်း သူသိလာရသည်။

သူမတို့အုပ်စုနှင့်အတူပါသွားသော ဒွေးမောင်တို့နှစ်ကောင်က သူ့ဆီလှမ်းကြည့်ရင်း 'လာ'ဟု လက်ယပ်ပြ၍ခေါ်သည်။

သူက 'အေးဆေး'ဟူသောသဘောဖြင့် လက်ကာပြဖြစ်သည်။

တစ်ခါတစ်ရံ လွင့်ပျံ့လာသော သူမတို့အုပ်စုမှ ရယ်သံများကို သူကြားနေရသည်။ ပင်လယ်ပြင်ထဲသို့ ငုတ်လျှိုးရန်ပြင်နေသော နေလုံးနီကြီးက သူ့ကိုချောင်း၍ကြည့်ကာနေသည်။ အိပ်တန်းပြန်ငှက်တို့၏တစီစီအသံတို့ကား သာယာသည်ဟုမထင်တော့။

မနက်ဖြန်တစ်ရက်ပြီး သန်ဘက်ခါဆို သူမပြန်တော့မည်။ ရည်းစားစကားဆို၍ပင် မဖြစ်ခဲ့လျှင် သူမ၏ဖုန်းနံပါတ်ကို မရရအောင်ကြိုးစားမှဖြစ်မည်ဟု သူတွေးဖြစ်သည်။

ပင်လယ်ကမ်းစပ်ကို လာရောက်ရိုက်ခတ်သောလှိုင်းတို့၏လှိုင်းပုတ်ခတ်သံက သူ့နားမှာလှောင်ရယ်သံလိုလို အသွင်ပြောင်းကာကြားနေရသည်။

သူပေးလိုက်သောခရုကို မိုးပေါ်သို့ပစ်တင်လိုက်၊ ဆီးဖမ်း

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လုပ်နေသောသူမကိုလှမ်းကြည့်ရင်း သူမပစ်တင်လိုက်၊ ဖမ်းလိုက် လုပ်နေသောအရာမှာ ခရုမဟုတ်ဘဲ သူ၏နှလုံးသားဟု သူထင်လာ သည်။

နေယံနီနီက ပင်လယ်ပြင်ထဲ ဆက်ခနဲဝင်ရောက်ပျောက်ကွယ်ကာသွားသည်။ သူ့ရင်ထဲမှာတော့ ဟာတာတာကြီးဖြစ်ကာနေသည်။

* * *

"အာ - မနက်ဖြန်ပဲပြန်တော့မယ့်ဥစ္စာ. . . အဲဒီကျောက်ဆောင်ကို မရောက်ဖူးသေးဘူးမဟုတ်လား"

အေးကို၏အပြောကြောင့် ကောင်မလေးများက မျက်နှာငယ်ငယ်လေးများဖြင့် ခေါင်းညိတ်ကြသည်။

"ဒါဖြင့် အခုသွားကြမလား. . . စောစောက ငါပြောသလိုပဲ . . . အဲဒီကျောက်ဆောင်ကြီးပေါ်မှာ စေတီငယ်တစ်ဆူတည်ထားတယ်. . . 'မောင်တော်'ဘုရားလို့ခေါ်တယ်. . . အဲဒီဘုရားကို ထီးတင်လို့မရဘူးတဲ့ဟ. . . သမိုင်းကြောင်းတော့ ရှိမှာပေါ့ဟာ. . . ငါလည်း မေးမယ်မေးမယ်နဲ့ မေ့နေလို့မေးမကြည့်ရသေးဘူး. . . အဲဒီကျောက်ဆောင်နဲ့တစ်ဆက်တည်းမှာပဲ ကျောက်တုံးကိုရေတိုက်စားရင်း မြန်မာနိုင်ငံမြေပုံနဲ့တော်တော်ဆင်တဲ့ အပေါက်ကြီးဖြစ်နေတယ်. . . ငါတို့တောင် အမှတ်တရဓာတ်ပုံရိုက်ပြီးသွားပြီ. . . အဲဒီအပေါက်ကြီးက ဟိုဘက်ဒီဘက်ပေါက်နေတာဆိုတော့ ပင်လယ်ကိုနောက်ခံထားပြီး ဓာတ်ပုံရိုက်လို့ မိုက်တယ်ဟ"

အေးကို၏စကားအဆုံးမှာ ကြည်ပြာက

"သိပ်မဝေးဘူးမဟုတ်လား"

ဟုမေးသည်။

BURMESE CLASSIC .com
တော်ဝင်မြို့မ စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



"မဝေးဘူး. . . နင်တို့က နီးလျက်နဲ့ဝေးနေတာကိုးဟ. . . အဲဒါကြောင့်ပြောတာပေါ့ လေ့လာပါလို့. . . ငပလီလာပြီး ခရုကောက် ဖို့နဲ့ ငါးကင်ဝယ်စားဖို့ပဲချောင်းနေတာဆိုတော့ ဘယ်ဗဟုသုတရပ့ါမလဲ"

ဆရာကြီးလေသံဖြင့်ဆိုသော ဒွေးမောင်၏စကားကြောင့် ကောင်မလေးများက ၎င်းကိုမျက်စောင်းဝိုင်းထိုးကြသည်။

"ကဲ ကဲ - ပြောနေကြတယ်ဟာ. . . အခုသွားရအောင်"

ကြည်ပြာက ပြောပြောဆိုဆိုပင် မတ်တတ်ထရပ်သည်။

"နေဦးဟ - ငါ camera သွားယူလိုက်ဦးမယ်. . . ခဏလေးစောင့်"

"မြန်မြန်သွား ဒေါ်ဖြူမဥ္ဇူ. . . အရေးအကြောင်းဆို သူက အမြဲတမ်းနောက်ဆုံးက"

"ခဏလေးပါ"

Hotel ရှေ့ ရေကူးကန်ဘေးမှာထိုင်နေရာက သူမထရပ်ကာ အခန်းသို့ပြန်သည်။ ကြည်ပြာက သူမပခုံးကိုဆတ်ခနဲလာပုတ်ရင်း

"ကဲ - စောင့်ခေါ်ခဲ့တော့. . . ကျွန်မတို့ သွားနှင့်တော့မယ်" ဟု ပြောင်ချော်ချော်ဖြင့်ဆိုသည်။

"ဩော်. . သူတို့တောင် ရိပ်မိကုန်ကြပြီကိုး"

ဘာရယ်မဟုတ် သူ့ကိုဝိုင်းကြည့်နေကြသောကြောင့် ရှက်ရှက်ဖြင့် ခေါင်းကုတ်ရင်းတွေးဖြစ်သည်။ ကြည်ပြာတို့ကတော့ ဘာပြောပြော သူ့ဘက်တွင်ရှိနေသောသဘောရှိသည်မို့ နည်းနည်းတော့အားရှိကာသွားသည်။

ကြည်ပြာတို့အုပ်စုသွားပြီး ခဏအကြာမှာပင် သူမ camera ကိုင်ပြီးရောက်ချလာသည်။

"ဟောတော်. . . ဘယ်ရောက်ကုန်တာတုံး"





"ဖြည်းဖြည်းသွားနှင့်မယ်. . . လိုက်လာခဲ့တဲ့"

"အဲဒီမိန်းမတွေဟာလေ. . . ခဏလေးစောင်တော့ ဘာဖြစ်သွားမှာမို့လဲ"

သူမက နှုတ်ခမ်းကြီးစူကာဆိုရင်း ခြေကိုဆောင့်သည်။

"လာပါ. . . အဲဒီကျောက်ဆောင်သွားတဲ့ အမြန်ဆုံးနည်းကို အစ်ကိုသိတယ်. . . သူတို့ရှေ့ကကြိုရောက်ချင်လား"

သူ့အမေးကြောင့် သူမကဖျတ်ခနဲ သူ့ကိုလှမ်းကြည့်သည်။

"ရောက်ချင်တာပေါ့"

"လာ - ဒါဆိုကမ်းခြေကမသွားဘဲ ကတ္တရာလမ်းပေါ်ကနေ ဆိုက်ကားစီးသွားမယ်"

ပြောရင်း Hotel ရှေ့ဝင်ပေါက်ဆီ မေးဆတ်ပြသောသူ့အဆိုကို သူမကခေါင်းညိတ်သည်။

နှစ်ယောက်သား Hotel ရှေ့ပေါက်မှထွက်ခဲ့ကြရင်း လမ်းပေါ်မှ ဆိုက်ကားတစ်စီးကိုလှမ်းတားက တက်စီးလာဖြစ်သည်။

"မောင်လေး - ခပ်သွက်သွက်လေးနင်းပေးနော်"

"ဟုတ်"

သူမက ဆိုက်ကားနင်းသောချာတိတ်ကို ဆော်သြသည်။ ကလေးတစ်ယောက်လို စိတ်ကောက်လွယ်သောသူမနှင့် ကျောချင်းကပ်ကာ ဆိုက်ကားစီးရင်း ဟက်ခနဲသူရယ်ဖြစ်သည်။ သူတို့နှစ်ယောက် ထိုနေရာကိုကြိုရောက်နေပါက ကြည်ပြာတို့အုပ်စု အံ့သြကြလိမ့်ဦးမည်။

"ရောက်ပြီ အစ်ကို. . . ဒီအုန်းတောကိုဖြတ်လိုက်တာနဲ့ အစ်ကိုတို့သွားမယ့် 'မောင်တော်စေတီ'ကိုရောက်တယ်"

"OK - ကျေးဇူးညီလေး. . . ဘယ်လောက်ပေးရမလဲ"

"နေ နေ. . ကိုသူရ. . . ကျွန်မ ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ - ရပါတယ်. . . နေ နေ. . . အစ်ကိုပေးလိုက်မယ်"

တစ်ထောင်တန်ကိုင်ထားသော သူမ၏လက်ကို ခပ်တည်တည်ဖြင့်ကိုင်ထားရင်း ဆိုက်ကားခကို သူမှတ်ရှင်းဖြစ်သည်။

ဆိုက်ကားနင်းသောချာတိတ်ထွက်သွားသောအခါ သူမက သူ့ရှေ့ချင်ယောင်ဆောင်ကာ ကိုယ့်ချစ်သူလိုလို ဘာလိုလိုဖြင့်တွဲကာ ဆုပ်ကိုင်ထားသောလက်ကို ပြန်ဆွဲယူသည်။

"ဩ. . Sorry"

ရိုးသားချင်ယောင်ဆောင်ကာ မေ့ပြီးတော့ပဲကိုင်ထားသလိုလိုလုပ်ပစ်သော သူ့ကို သူမက ဒိုင်းခနဲမျက်စောင်းထိုးသည်။

အုန်းပင်များစီတန်းကာပေါက်နေသော အုန်းပင်တောကြီးကို ဖြတ်လိုက်သောအခါ 'မောင်တော်စေတီ'ရှိရာ ကျောက်ဆောင်ဆီကို ရောက်သည်။ တချို့သောသူများက ကျောက်ဆောင်ခြေမှ သဲတို့ကို ဆုပ်ယူကာ ကျောက်ဆောင်ပေါ် တင်နေကြသည်ကိုကြည့်ရင်း သူမက

"ဘာအတွက်လဲမသိဘူးနော်. . . တစ်ခုခုကို ဆုတောင်းနေကြတာလား မသိဘူး"

"အစ်ကိုလည်းမသိဘူး"

သူမအမေးကို သူပခုံးတွန့်ရင်းဆိုဖြစ်သည်။ ဓာတ်ပုံရိုက်သူ အရိုက်ခံသူများနှင့် ရှုပ်ထွေးနေသောထိုနေရာမှာ သူမက သူမ၏ camera ကိုလှမ်းပေးသည်။

"သူတို့မရောက်ခင် ကြို့ရိုက်ထားပြီး ရောက်ရောက်ချင်းဆီး ပြီးတော့ကို တွားပစ်လိုက်ဦးမယ်"

ပြောရင်းဆိုရင်းပင် သူမက ကျောက်ဆောင်ကိုလက်တစ်ဖက်မှကိုင်ကာ ခပ်နွဲ့နွဲ့ရပ်ရင်း

"ဒီလိုဆို အဆင်ပြေလား"

ဟု လှမ်းမေးသည်။





"ဒီဘက်ကိုနည်းနည်းလေးလှည့်. . . OK - ရပြီ. . . ရိုက်ပြီ"

ဓာတ်ပုံသုံးပုံခန့် ဆက်တိုက်ရိုက်ပြီးချိန်မှာ ကြည်ပြာတို့ ရောက်လာကြသည်။ ရောက်ရောက်ချင်း သူတို့နှစ်ယောက်ကိုကြည့်ကာ အံ့အားတွေသင့်နေကြသည်။

"ဟောတော် - ဒီနှစ်ယောက်က အရင်ရောက်နေပါလား"

ထားထားက လမ်းလျှောက်လာရ၍ မောနေသောပုံစံကြီးဖြင့် ဆိုသည်။

"ဘယ်လိုက ဘယ်လိုလုပ်ပြီး အရင်ရောက်နေကြတာတုံး"

သက်နွယ်က ကျောက်ဆောင်ကိုလက်တစ်ဖက်ဖြင့်ထောက်ကာ ကျန်လက်တစ်ဖက်က ခါးကိုထောက်ထားရင်းမေးသည်။

"ဆိုက်ကားစီးလာလိုက်တာလေ. . . နင်တို့ကလဲ ကြာလိုက်တာဟာ. . . နင်တို့ကိုစောင့်ရင်းနဲ့ ဓာတ်ပုံရိုက်တာ သုံးပုံတောင်ရှိသွားပြီ"

ခေါင်းကိုမော့ကာ ခပ်ကြွားကြွားဆိုသောသူမကိုကြည့်ရင်း ပြုံးပြုံးက

"အားကိုးရှိနေတော့ လေသံကတစ်မျိုး"

ဟု မကြားတကြားဆိုသည်။ သူမက ကြားဟန်မတူသော်လည်း သူကတော့ ကောင်းကောင်းကြီးကြားလိုက်ရသည်။ ဘာရယ်မဟုတ်။ ရင်ထဲမှာတော့ ကြည်နူးချင်ချင်ကြီးဖြစ်သွားသည်။

"ငါတို့အားလုံးစုပြီး ဒီမှာတစ်ပုံလောက်ရိုက်ရအောင်"

"အေး - ကောင်းတယ်"

ဌေးမောင်ကအဆိုပြုပြီး အေးကိုကထောက်ခံသည်။ ကောင်မလေးများကတော့ အားလုံး 'ဟေး'ခနဲအော်ကြရင်း တန်းစီသည်။

"ကိုသူရက ဘာလုပ်နေတာလဲ. . . လာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက camera man လုပ်ပေးမယ်လေ"

"မရဘူး . . . လာခဲ့ . . . တစ်ယောက်ယောက်ကို အကူအညီ တောင်းလိုက်လို့ရနေတဲ့ဟာကို . . . ဘာလဲ ကိုသူရက သက်နွယ်တို့နဲ့ ဓာတ်ပုံအတူတူမရိုက်ချင်လို့လား"

သက်နွယ်ဆိုသောကောင်မလေး၏စကားအဆုံးမှာ ကြည်ပြာတို့ကပါ

"မရိုက်ချင်လည်း နေပေါ့"

တို့ဘာတို့ဆိုရင်း ဝိုင်းအော်လာကြသည်မို့ အနီးမှ အစ်ကိုတစ်ယောက်ကို camera လှမ်းပေးရင်း အကူအညီတောင်းဖြစ်သည်။

"ဒီ camera လေးနဲ့လည်း ရိုက်ပေးပါဦး"

"ဒါလေးနဲ့ရော"

"ဒါလေးရော . . . ဒါလေးရော"

ကောင်မလေးအုပ်စုကပါ သူမတို့၏ကင်မရာများကို သူ့ထံမှတစ်ဆင့် ဝိုင်းပေးကြသည်မို့ အကူအညီအတောင်းခံရသောအစ်ကို၏ လက်ထဲတွင် ကင်မရာတွေသုံးလေးလုံးဖြစ်သွားသည်။

"ကဲ ကဲ . . ရိုက်မယ် . . . အားလုံး Ready"

ငှင်းအစ်ကိုက ကင်မရာတစ်လုံးကို နှစ်ပုံနှုန်းဖြင့်ရိုက်ပေးသည်။

"ကျေးဇူးနော် အစ်ကို"

camera များကို သူနှင့်ဒွေးမောင်ကလှမ်းယူရင်း ငှင်းအစ်ကိုကို ကျေးဇူးစကားဆိုဖြစ်သည်။

ထို့နောက် ဓာတ်ပုံများရိုက်ကြ ပြုကြဖြင့် အချိန်အတော်လေးကုန်သွားသည်။

"ကြည်ပြာတို့ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေဘက် သွားမလို့ဆို . . . သွားကြတော့မလား"





ဒွေးကို၏အမေးကို ကြည်ပြာကခေါင်းညိတ်သည်။ ပြီး သူမဘက်ကိုလှည့်ကာ

"မြူမဉ္ဇူ - ငါတို့အမှတ်တရပစ္စည်းအရောင်းဆိုင်တွေဘက်ကို သွားမလို့ . . . ငါတို့နဲ့လိုက်ခဲ့မယ် မဟုတ်လား"

"နင်တို့နဲ့မလိုက်လို့ ငါကဘယ်သွားရမှာတုံး"

ကြည်ပြာ၏ပြုံးစိစိအမေးကို သူမကရှက်ဝဲဝဲဖြင့်ပြန်မေးသည်။

"သိဘူးလေ . . . ဆိုက်ကားစီးပြီး Hotel ပြန်ချင်နေမလားလို့"

"လဲသေလိုက်"

သူမတို့နှစ်ယောက် တိုးတိုး တိုးတိုးဖြင့် ကြိတ်၍ပြောနေကြခြင်းဖြစ်သည်။ သူမက သူကြားသွားသလားဟု ဖျတ်ခနဲလှမ်းကြည့်သည်။ တကယ်တော့ သူအကုန်ကြားပါသည်။ သို့သော် ဘာမှမကြားလိုက်သလိုဖြင့် ပင်လယ်ငေးနေသယောင်ယောင် လုပ်ပေးဖြစ်သည်။

အပြန်လမ်းမှာ ကောင်မလေးများက တစ်အုပ်စုပြန်ဖြစ်သွားပြီး ရှေ့မှသွားကြသည်။ ဒွေးမောင်က သူ့ပခုံးကိုလာဖက်ရင်း ပြုံးစိစိဖြင့်ကြည့်သည်။

"ဘာလဲကွ . . . ဘာပြုံးတာလဲ"

မလုံမလဲဖြင့်ဆိုသော သူ့စကားအဆုံးမှာ ဒွေးမောင်က

"မင်းကိုကြည့်ရတာ အီးမှန်ထားတဲ့မျက်နှာနဲ့ . . . ငူငိုင်ငိုင်ကြီးဖြစ်နေလို့ပါ . . . အမြဲတမ်းတက်ကြွလန်းဆန်းနေတဲ့လူက မှုန်တေတေကြီးဖြစ်နေတော့ ရယ်စရာဖြစ်နေတာပေါ့ကွာ . . . အဲဒါကြောင့် ပြုံးမိတာပါ"

"အချစ်နဲ့တွေ့ရင် လူတွေက ဒီလိုပဲအံ့သြစရာကောင်းလောက်အောင် ပြောင်းလဲတတ်ကြတာပါပဲကွာ . . . ငါပြောတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလား သူရ"

အေးကိုကပါ ဝင်၍ဆိုရင်း သူ့ကိုမေးခွန်းထုတ်သည်။

"ငါက ဘာကိုလက်ခံရမှာလဲ"

"ရှုးချင်ယောင်ဆောင်မနေပါနဲ့ကွာ. . . မင်းပုံစံကြီးက သိသာလွန်းလို့ ကောင်မလေးတွေအုပ်စုတောင် ရိပ်မိကုန်ကြပြီ. . . ဘာရှက်စရာလိုလဲကွာ. . . အပျိုမိန်းကလေးတစ်ယောက်ကို လူပျိုယောကျ်ားတစ်ယောက်ကချစ်တာ. . . ဆန်းပြားတဲ့ကိစ္စမှမဟုတ်တာ . . . ဘာမှမပူနဲ့. . . ဖြူမြူ့ရဲ့ Data တွေ ငါတို့အကုန်အပ်ထားပြီးပြီ. . . ကြည်ပြာကပြောတယ်. . . ဖြူမြူ့ဆီမှာ Propose လုပ်ထားတဲ့လူတွေတော့ အားကြီးပဲတဲ့. . . ဒါပေမဲ့ တစ်ယောက်ကိုမှအဖြေမပေးရသေးဘူးတဲ့. . . ဖြူမြူ့ရဲ့ phone နံပါတ်နဲ့လိပ်စာပါ ငါမေးထားပေးတယ်"

"တယ်တော်တဲ့ ငါ့သူငယ်ချင်းပါလား"

ရှက်အမ်းအမ်းဖြင့်ပင် သူ အေးကိုပခုံးကို ခပ်ဖွဖွထိုးရင်းဆိုဖြစ်သည်။

"သူ့ထက်ငါက ပိုတော်တာပေါ့ကွ"

ဌေးမောင်၏အဆိုကြောင့် သူက

"ဆိုစမ်းပါဦး"

ဟု စကားထောက်ဖြစ်သည်။

"ငါက သက်နွယ်တို့ဆီမှာ မင်းရဲ့ကောင်းကြောင်းတွေချည်းပြောဖြစ်တယ်. . . မင်းက တစ်ဦးတည်းသောသားဖြစ်တဲ့အကြောင်း၊ ကျောက်မျက်ကုမ္ပဏီတစ်ခုနဲ့ Hotel တစ်လုံးကိုပိုင်ဆိုင်တဲ့အကြောင်း၊ ပညာတတ် ဘွဲ့ရဆိုပေမယ့် မိန်းမကိစ္စကို အထူးကင်းရှင်းတဲ့အကြောင်းပေါ့ကွာ. . . အဲဒါတွေပြောပြထားတယ်. . . အခုလောက်ဆို ဖြူမြူ့ကိုပြန်ပြောပြရလောက်ရောပေါ့"





"တယ်လည်း အားကိုးရတဲ့သူငယ်ချင်းတွေပါလား. . . ဒါနဲ့ မင်းတို့နှစ်ယောက်လည်း ကြည်ပြာတို့နဲ့ သိပ်ရောနေကြသလားလို့ . . . ဘာလဲ ရွေးနေကြတာလား"

သူ့အမေးကြောင့် သကောင့်သားနှစ်ကောင်က ရှက်ကိုးရှက်ကန်းစတိုင်တွေနှင့် ရှက်အမ်းအမ်းတွေလုပ်နေကြသေးသည်။ ပြီးမှ ဌေးမောင်က

"အချစ်ဆိုတာက ရွေးချစ်လို့ရတာမှမဟုတ်တာ. . . မရွေးရဘဲနဲ့ သူ့အလိုလိုချစ်သွားတတ်တာမျိုးကွ. . . ငါက သက်နွယ်ကိုမြင်လိုက်ကတည်းက ရင်ခုန်နေပြီးသား"

ပြောရင်း ဆရာသမားက ဟီးခနဲရယ်သည်။

"အေးကို - မင်းကရော ဘယ်သူလဲ"

"ပြောနေစရာလိုသေးလားကွာ. . . ကြည်ပြာပေါ့. . . သူ့မျက်နှာကိုမြင်ကတည်းက ငါ့နှလုံးသားတိုင်းပြည်ကို သိမ်းပိုက်တော့မယ့် ချစ်ဘုရင်မမှန်း ငါ့ရင်ခုန်သံတွေက သက်သေပြုပြီးသား"

မိုးပေါ်မျှော်ပြီး မျက်လုံးကြီးစုံမှိတ်ကာဆိုနေသော အေးကိုကို ဌေးမောင်က ဖုန်းခနဲဆောင့်ကန်သည်။

"လာပြီးတော့ ကဗျာဆန်ပြမနေနဲ့. . . ငါက အဲဒီလိုပြဇာတ်ထဲကစကားတွေ ထပြောတာလောက် သောက်မြင်ကတ်တာမရှိဘူး"

"ဟ - ငါ့ဘာသာငါ အချစ်ကိုအနုပညာဆန်ဆန်ခံစားတာ . . . မင်းအပူပါလား. . . သူမခံစားတတ်တိုင်း မနာလိုဖြစ်နေသေးတယ်"

သကောင့်သားနှစ်ကောင် တစ်ပြန်တစ်လှဲငြင်းခုန်နေသည်ကိုကြည့်ရင်း သူရယ်ဖြစ်သည်။

"ဒါနဲ့ မနက်ဖြန်ပြန်မှာဆိုတော့ ဘယ်လိုအစီအစဉ်တွေဆွဲထားကြလဲ. . . ငါဆိုလိုတာကကွာ. . . ဒီညမှာ ဖွင့်ပြောကြမှာလား



www.burmeseclassic.com

www.burmeseclassic.com



. . . ဒါမှမဟုတ် phone နံပါတ်တွေဘာတွေ တောင်းထားပြီး ရန်ကုန်ရောက်မှ ဆက်လှုပ်ရှားကြမှာလား"

သူ့အမေးကြောင့် ငွေမောင်က ပခုံးကိုတွန့်သည်။

"အဲဒါကတော့ အခြေအနေအရပဲ"

အေးကိုက

"မီးစင်ကြည့် က-ရမှာပေါ့"

ဟုဆိုသည်။

"ဒီနေ့ည နှုတ်ဆက်ပွဲအထိမ်းအမှတ်နဲ့ ကမ်းခြေမှာ မီးပုံပွဲလုပ်ကြဦးမှာကွ. . . မင်းလည်း အခြေအနေပေးရင် ဖွင့်ပြောပစ်လိုက်ပေါ့ကွာ"

အေးကို၏နောက်ဆက်တွဲစကားကြောင့် သူ သက်ပြင်းချဖြစ်သည်။ အခြေအနေက ပေးကောပေးမှာတဲ့လား။ ရှေ့တစ်ခေါက်ကလို ရှူးချင်ယောင်ဆောင်သွားပါက အောင့်သက်သက်ဖြင့်ခံစားရလိမ့်ဦးမည်။

* * *

"ငါလည်း ရှူးချင်ယောင်ဆောင်ပစ်လိုက်တာပေါ့"

"အဲဒါကြောင့်ဖြစ်မယ်. . . ကိုသူရခမျာ မှိုင်တိုင်တိုင်နဲ့"

ခရုပေးစဉ်အခါကအကြောင်းကို သူမပြောပြသောအခါ ပြုံးပြုံးက ထိုသို့ကောက်ချက်ချသည်။

"ကိုငွေမောင်ပြောပုံအရဆိုရင် ကိုသူရက ငွေအရမ်းချမ်းသာပေမယ့် မမောက်မာတတ်ဘူးတဲ့. . . မိန်းမကိစ္စလည်း ရှင်းတယ်တဲ့. . . ကိုသူရရဲ့သူငယ်ချင်း ကောင်မလေးတွေထဲမှာကိုပဲ မိန်းမနောက်ပိုးလုပ်နေတဲ့လူတွေ ရှိတယ်တဲ့ဟ. . . ကိုသူရက စီးပွားရေးလည်း သိပ်စိတ်မဝင်စားဘူးတဲ့. . . ဓာတ်ပုံရိုက်ဖို့လောက်ပဲ အာရုံရှိတာတဲ့. . . နိုင်ငံတကာပြိုင်ပွဲတစ်ခုမှာတောင် ဓာတ်ပုံနဲ့ပတ်သက်ပြီး ဆုရဖူးတယ်ဆိုပဲ"

"အဲဒါကြောင့်နဲ့တူတယ်. . . သွားလေရာမှာ ကင်မရာကြီးက အမြဲပါတယ်"

သက်နွယ်၏စကားအဆုံးမှာ ထားထားကဆိုသည်။ ကြည်ပြာက

"ဘာပဲပြောပြော ကိုသူရက ရုပ်လည်းဖြောင့်တယ်. . . သဘောလည်းကောင်းတယ်. . . ငါကတော့ ဖြူမဥ္စုနဲ့သဘောတူ

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"နင်သဘောတူတာနဲ့ ငါကယူရမှာလား. . . နင့်ကိုလည်း ကိုအေးကိုနဲ့ ငါသဘောတူတယ်. . . ကဲ"

ကြည်ပြာကိုပြန်၍ဆိုသော သူမ၏စကားကြောင့် ကြည်ပြာက ခွီးခနဲရယ်သည်။ ပြီး ရုပ်ကိုတည်ကာ

"ဒီနေ့ညမှာ သူတို့ Propose လုပ်ချင်လုပ်ကြလိမ့်မယ်. . . ငါကတော့ အဖြေကို ရန်ကုန်ပြန်ရောက်ပြီး တော်တော်ကြာတဲ့အထိ စောင့်ကြည့်ပြီးမှပေးမှာ. . . နေ့လယ်ခင်းကတောင် သူက Propose လုပ်ဖို့ အစပျိုးနေသေးတယ်. . . ဘယ်ရမလဲ. . . ငါလည်း ဖြူမရွှူ သူငယ်ချင်းပဲဥစ္စာ. . . ရှူးချင်ယောင်ဆောင်ပစ်လိုက်တာပေါ့. . . ပြုံးပြုံးနဲ့ထားထား - နင်တို့တုန်းကရော. . . အဖြေချက်ချင်းပေးတာပဲ လား"

ကြည်ပြာက ပြောရင်းက ပြုံးပြုံးတို့နှစ်ယောက်ဘက်လှည့် သည်။ သူမတို့အုပ်စုမှာ ရည်းစားရှိသူဟူ၍ ထားထားနှင့်ပြုံးပြုံးသာ ရှိသည်ကိုး။

"ဘယ်အချိန် အဖြေပေးမိသွားမှန်းတောင် သေသေချာချာ မမှတ်မိပါဘူးဟာ. . . သေချာတာကတော့ ဖွင့်ပြောပြီး နှစ်လလောက် ထိ ငါကိုကို အဖြေမပေးဖြစ်သေးဘူးဟ"

ပြုံးပြုံးက ရှက်ဝဲဝဲဖြင့်ဆိုသည်။

"ငါကတော့ သူအဖြေတောင်းပြီး ရက်ပေါင်းတစ်ရာတိတိ ပြည့်တဲ့နေ့မှာ အဖြေပေးလိုက်တယ်. . . နှလုံးသားနဲ့ချည်းပဲ ဆုံးဖြတ် လို့ရတာမဟုတ်ဘူးလေ. . . ဦးနှောက်နဲ့တွေးပြီး နှုတ်ကလည်း သူ့ အကြောင်းလိုက်မေးရသေးတာ. . . အင်တာနက်ခေတ်မှာ သတင်း အချက်အလက်တွေကလည်း မြန်တယ်မဟုတ်လား. . . သူ ငါ့ကို ဘာတွေဖုံးကွယ်ထားလဲ. . . တခြားကောင်မလေးတွေနဲ့ရော ရှုပ်ရဲ့

တော်ဝင်မြို့မ စာအုပ်တိုက်



လား. . . ဒါမျိုးတွေက စုံစမ်းရသေးတယ်လေ"

ထားထားကလည်း မချိုမချဉ်ပြုံးရင်းဆိုသည်။

"သူတို့ကလည်းတော့ အတော်လည်တယ်ဟနော်. . . Propose မလုပ်ခင်ကို ဘော်ဒါပုံစံမျိုးနဲ့ Phone နံပါတ်နဲ့ လိပ်စာတွေကို အရင်ယူတယ်. . . Propose လုပ်လို့ ငါတို့ငြင်းလိုက်တာနဲ့ ရန်ကုန် ရောက်ရင် ဆက်လုပ်ရှားဖို့အကွက်ကချထားပြီးသား"

သက်နွယ်က ပခုံးကိုတွန့်ရင်းဆိုသည်။

"သူတို့လည်း တွက်မိမှာပါ. . . ဘယ်မိန်းကလေးမှတော့ Propose လုပ်ပြီးပြီးချင်း အဖြေပေးပါ့မလဲ. . . ဒီတော့ ရှေ့ဆက်ဖို့ ကြိုတွက်ကြမှာပေါ့. . . ဒါပေမဲ့ ဘာပဲပြောပြော သူငယ်ချင်းလုပ်ရ တာပဲ ကောင်းတယ်ဟ. . . သူငယ်ချင်းအဆင့်ထက်ကျော်လာပြီဆို ရင် နေရထိုင်ရတာ သိပ်မလွတ်လပ်တော့ဘူး. . . အနေရအထိုင်ရ ခက်လာတယ်. . . ရှိုးတိုးရှန့်တန့်နဲ့"

ကြည်ပြာကလည်း နှာခေါင်းကိုရှုံ့ရင်းဆိုသည်။

"အဲဒါတွေ အသာထား. . . ငါတော့ မနက်ဖြန်ပြန်ရတော့ မှာမို့လား မသိဘူး. . . ကမ်းခြေကိုလွမ်းသလိုလိုနဲ့. . . မပြန်ချင်ဘူး . . . နောက်တစ်ခေါက် ပေလီလာရင်တော့ အချိန်ကြာကြာနေမယ် ဟာ"

သူမ၏စကားကြောင့် ကြည်ပြာက

"နောက်တစ်ခေါက်ဆိုတဲ့တစ်ခေါက်က ဟန်းနီးမွန်းကိုပြော တာလား"ဟု နောက်သည်။

ဘာရယ်မဟုတ်။ သူမ၏အာရုံမှာ ကင်မရာကိုင်ကာ မျှတ် မှောင်ကြီးကုတ်ရင်း ခရုလုခဲ့ဖူးသော ကိုသူရကို ဖျတ်ခနဲအမှတ်ရ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းကျ ထိုညမီးပုံပွဲမှာ စုစုစည်းစည်းဖြင့် ပျော်ရွှင်ရသောနှုတ်ဆက်ပွဲသာဖြစ်ခဲ့ပြီး သူတို့သုံးကောင်စလုံးအတွက် အခွင့်အရေးမရှိခဲ့သောညပဲဖြစ်သည်။

ကောင်မလေးများအားလုံးက ကြိုတင်ညှိနှိုင်းထားသည့်အလား မီးပုံဘေးမှာ တစ်စုတစ်ဝေးတည်းရှိနေကြသည်။ မီးပုံပွဲပြီးသည်အထိ အခွင့်အရေးက ရမလာခဲ့။

"ဟား - လမင်းကြီးက ထိန်ထိန်သာနေပါလား . . . လရောင်ဆမ်းထားတဲ့ပင်လယ်ပြင်ဘေးမှာ လရောင်နမ်းထားတဲ့သောင်ပြင်ပေါ် လမ်းလျှောက်ကြရင် မကောင်းဘူးလား"

ထုံးစံအတိုင်း အေးကိုက ကဗျာဆန်ဆန်စကားလုံးတွေရွေးပြီး ဂွင်ဖန်သည်။ သို့သော် သကောင့်သား၏အကြံကို ကြိုသိထားသည့်အလား ကောင်မလေးများကငြင်းသည်။

"ဟာ - တစ်နေကုန်လျှောက်ထားလို့ ညောင်းနေတာ . . . လရောင်ဆမ်းတဲ့ပင်လယ်ကိုရော၊ လရောင်နမ်းတဲ့သောင်ပြင်ကိုရော မခံစားနိုင်တော့ဘူး . . . လရောင်မရှိတဲ့အခန်းပြန်ပြီး အိပ်ချင်တာပဲ သိတော့တယ် . . . ဝါး"

"ဟုတ်တယ် . . . မနက်ဖြန်လည်း စောစောထရမှာဆိုတော့





ပြန်အိပ်ကြတာ ကောင်းတယ်"

ပြောရင်းဆိုရင်းပင် ကောင်မလေးများက ထရပ်ကြသည်။

"မနက်ဖြန်ကျ လေယာဉ်ကွင်းကို လိုက်ပို့ပေးကြမှာမဟုတ်လား"

ရုတ်တရက် ထမေးသော ကြည်ပြာ၏အမေးကြောင့် သူတို့သုံးယောက်စလုံး ရင်ခုန်သွားကြသည်။

"လိုက်ပို့မှာပေါ့"

"OK - ဒါဆို Good Night"

"Good Night"

ငွေမောင်တို့နှင့် ကောင်မလေးတစ်သိုက် အပြန်အလှန်နှုတ်ဆက်နေကြချိန်မှာ ဖျတ်ခနဲလှမ်းကြည့်သော သူမ၏အကြည့်တစ်ချက်ကို သူရသည်။ ဒီညတော့ ဤအကြည့်လေးတစ်ချက်နှင့်ပင် သူ ကျေနပ်လိုက်ရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

Hotel မှစီစဉ်ပေးသော ကားပေါ်တက်ကာ လေယာဉ်ကွင်းကို လာရာလမ်းတစ်လျှောက်လုံး ကြည်ပြာတို့အုပ်စုကို သူတို့အဖွဲ့မှ ပြောင်လိုက်နောက်လိုက်ဖြင့် လေယာဉ်ကွင်းကို ရောက်မှန်းမသိ ရောက်လာကြသည်။

ကားပေါ်မှ ပစ္စည်းများချနေစဉ်မှာ သူ သူမအနားသို့ကပ်သွားဖြစ်သည်။

"အစ်ကိုသယ်ပေးမယ်လေ"

"အာ - ရတယ်. . . ညီမ ရဲကြီးနေပါဦးမယ်"

"စကားမစပ်. . . အစ်ကို ဒီညဖုန်းဆက်လိုက်မယ်နော်"

". . . . ."

သူ့အမေးကို သူမမဖြေ။ ဖျတ်ခနဲသာ တစ်ချက်ရှက်ဝဲဝဲဖြင့် လှမ်းလို့ကြည့်သည်။ ထိုစဉ်မှာပင် ကားဆရာက ဧည့်သည်ကြို့ရဦးမည်မို့ Hotel ပြန်လိုက်ဦးမည်လားဟု အမေးရှိလာသည်။

"ညီမတို့လည်း ဝင်တော့မှာပဲဥစ္စာ. . . ပြန်လိုက်တော့လေ"

သူမက ထိုသို့နှင်လာသည်မို့ သူအောင့်သက်သက်တော့ဖြစ်သွားရသည်။ ဒွေးမောင်တို့နှစ်ကောင်က

"သွားတော့မယ်"





ဟူသောအမူအရာကို လုပ်ပြနေသည်မို့

"အစ်ကိုသွားတော့မယ်နော်. . . ဖုန်းဆက်လိုက်မယ် သိလား"

ဟု ကမန်းကတန်းဆိုဖြစ်သည်။ ရှက်အမ်းအမ်းဖြင့်ဆိုသော သူ့စကားကို သူမကလည်း ရှက်ဝဲဝဲဖြင့်

"သိဘူး"

ဟုဆိုပြီး လျှာကလေး လှစ်ခနဲထုတ်ပြသွားသည်။ ရင်ထဲ ဝုန်းခနဲဆူဝေသွားချိန်မှာ သူမကလက်ပြပြီးထွက်သွားပြီဖြစ်သည်။

"ဟကောင် - သွားမယ်လေ"

ကားပေါ်မှနေလှမ်းခေါ်နေသော ဒွေးကို၏ခေါ်သံကြောင့် သူကားဆီလာဖြစ်သည်။ ရင်ထဲမှာတော့ လှစ်ခနဲထုတ်ပြသွားသော သူမ၏လျှာ နီရဲရဲလေးကိုလည်းကောင်း၊ ရှက်အမ်းအမ်းဖြစ်နေသော ရှက်စနိုးမျက်နှာကိုလည်းကောင်း ပြန်၍မြင်ယောင်ကာနေသည်။ ပြီး 'သိဘူး'ဟု ခပ်ချွဲချွဲဆိုသွားသော သူမ၏အသံချိုချိုလေးကိုလည်း ပြန်၍ကြားနေမိသည်။

Hotel ပြန်လာရာတစ်လမ်းလုံး သူတို့သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် စကားမဆိုဖြစ်ကြ။ Hotel ရောက်၍ ကားပေါ်မှဆင်းခါစမှာပင် လေယာဉ်သံကိုကြားလိုက်ရသည်။ ဖြစ်နိုင်လျှင်တော့ သူပါရန်ကုန်ကို အတူလိုက်ပြန်သွားချင်မိသည်။

ဒီညနေခင်း သောင်ပြင်တွင်လမ်းလျှောက်လျှင်တော့ သူမကို လိုက်လိုက်လှဲလှဲသတိရလိမ့်ဦးမည် ထင်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

“ရန်ကုန်မှာလည်း ကောင်မလေးတော်တော်များများနဲ့ ဒီလိုပဲ စ-ကြနောက်ကြနဲ့ ခင်ခင်မင်မင်နေခဲ့ဖူးတာပါပဲ. . . ဒါပေမဲ့ မတူဘူးကွ. . . အခုဟာက ပိုပြီးတော့ကို မြိုင်ဆိုင်နေသလိုခံစားရတယ် . . . ဘယ်လိုပြောရမလဲကွာ. . . ပိုလန်းနေတယ်လို့ပဲ ပြောရမလားပဲ”

Hotel သို့အပြန်လမ်း၌ ကားပေါ်တွင် ဒွေးမောင်က ပခုံးကိုတွန့်ရင်းဆိုသည်။

“ဟုတ်တယ်ကွ. . . ကောင်မလေးချောချောလှလှလေးတွေ့ရင် မိုက်တယ်ဆိုတာလောက်ပဲတွေးမိတယ်. . . ကြိုက်တယ်လို့တော့ တစ်ခါမှ မတွေးမိခဲ့ဘူး. . . ကြည်ပြာနဲ့ကျမှပဲ ငါ့နှလုံးသားတွေက တော်တော်ကြီးကိုလှုပ်ရှားလာတာ. . . မိုးလင်းလို့ မျက်လုံးနှစ်လုံးဖွင့်တာနဲ့ တွေ့ချင်မြင်ချင်နေတော့တာပဲ. . . သူနဲ့စကားပြောနေရပြီဆိုရင် ဘာအကြောင်းပဲပြောရပြောရ စိတ်ကျေနပ်စရာကောင်းနေတယ် . . . ဟော - အခုလိုမမြင်ရ မတွေ့ရတော့ ဟာနေတယ်. . . ရင်ထဲမှာ ဘာကိုဆာနေမှန်းမသိဘူး. . . ဆာလောင်နေတယ်ကွာ”

အေးကိုက ကဗျာဆန်ဆန်ခံစားတတ်သူပီပီ ဒိုင်ယာလော့ခ်အရှည်ကြီးဆိုရင်း ရင်ဖွင့်သည်။

သူကတော့ ဘာစကားမှမဆိုဖြစ်။ ရင်ထဲမှလှစ်ဟာနေသော၊





လွမ်းဆွတ်နေသော၊ တမ်းတနေသောအကြောင်းအရာတို့ကိုပြောပြရန် စကားလုံးမရှိတော့သလို ခံစားနေရသည်။ အချစ်သည် အချိန်ကာလ အတိုင်းအတာတစ်ခုမရှိဘဲ အချိန်အကန့်အသတ်မရှိဘဲ ရင်ထဲကို အကြောင်းမကြားဘာမကြားဖြင့် ဝင်ရောက်လာသောအခါ ခံစားမှုတို့သည် တော်တော်နှင့်အနယ်မထိုင်ဘဲရှိနေသည်။

ငွေသော်တာ လရောင်ဆမ်းထားသော ပင်လယ်ပြင်ကြီးမှ ကမ်းခြေသို့လာရောက်ရိုက်ခတ်သော လှိုင်းယံတို့သည် အခုတော့လည်း စိုပြည်ချိုမြိန်မှုမရှိတော့သလိုမျိုး ခံစားနေရသည်။ သူမ မရှိတော့သောအခါ သူမရှိစဉ်ကလောက် ပေလီသည် အဓိပ္ပာယ်မရှိတော့ သယောင်ယောင်ကြီး ဖြစ်ကာနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"

တစ်ညနေခင်းလုံး ကမ်းခြေမှာလမ်းလျှောက်ပြီး

Hotel ပြန်ရောက်ရောက်ချင်း နာရီကြည့်တော့ ညရှစ်နာရီသာရှိသေးသည်မို့ သူမဆီဖုန်းခေါ်ဖြစ်သည်။ အလွယ်တကူဝင်သွားသော ဖုန်းသံအဆုံးမှာ သူမက 'ဟဲလို'ဟုထူးသည်။ သူမ၏ဟန်းဖုန်းမှာပေါ်နေသော သူဆက်သည့် Hotel ဖုန်းနံပါတ်ကိုကြည့်ပြီး ကိုင်မှကိုင်ပါ့မလားဆိုသော စိုးရိမ်စိတ်တို့က သူမဖုန်းကိုင်လိုက်သောအခါမှ စိတ်သက်သာမှုကိုပေးသည်။

"အစ်ကိုပါ"

"ဘယ်သူ"

"ကိုသူရပါ"

"......"

သူ့အမည်ကိုပြောပြလိုက်သောအခါ သူမဘက်မှအသံတို့ တိတ်ဆိတ်ကာသွားသည်။

"ညီမပြန်သွားတဲ့အချိန်ကစပြီး ငပလီကခြောက်ကပ်သွားသလိုပဲ"

"မပိုပါနဲ့. . . ဒီအချိန်ငပလီမှာ နေ့တိုင်းစည်နေတဲ့ဟာ"





သူမက သူ့စကားကိုမပိုပါနဲ့ဟုဆိုသည်။

"စည်ပါတယ်. . . သူများတွေအတွက်တော့ စည်တယ်လေ . . . ဒါပေမဲ့ အစ်ကို့အတွက်ကျတော့ မစည်ကားဘူး. . . မစိုပြည်ဘူး. . . တစ်ခုခုလိုနေတယ်. . . အဖော်မဲ့သလိုခံစားနေရတယ်"

"ဟင် - ကိုငွေမောင်နဲ့ ကိုအေးကိုက ဘယ်သွားလို့လဲ"

ရှုးချင်ယောင်ဆောင်သော သူမ၏စကားကြောင့် သူနင်တင်တင်ကြီးဖြစ်သွားရသည်။ မှဒ်ဝင်ကာ Feel အပြည့်ဖြင့် သူဆိုလိုက်တိုင်း ဖြတ်ဖြတ်ချသော သူမ၏စကားလုံးတို့ကြောင့် အောင့်သက်သက်ဖြစ်ရသည်ကတော့ အမှန်။

"ညီမလေးရာ. . . မသိချင်ယောင်ဆောင်နေတာလား"

"ဘာကိုလဲ"

"အြ - မသိဘူးပေါ့"

"ဟုတ်တယ် - မသိဘူး"

သူ့အမေးကို သူမကညစ်ကျယ်ကျယ်ပင်ဖြေသည်။

"ဒါဆို အစ်ကိုကညီမလေးသိအောင် ပြောပြရတော့မှာပေါ့"

"မသိချင်ဘူးဆိုရင်ကော"

"အာ - အဲဒီလိုတော့ မညစ်နဲ့လေ"

ရယ်သံတစ်ဝက်ဖြင့်ဆိုသော သူမစကားကြောင့် သူခေါင်းကုတ်ဖြစ်သည်။ သူမထံမှ ရယ်သံသဲ့သဲ့ကို သူကြားနေရသည်။

"ညီမလေး - အဲဒီလိုကြီးမရယ်နဲ့ကွာ"

"ဘာဖြစ်လို့လဲ. . . ကိုယ့်ဘာသာကိုယ်ရယ်တာ ဘာဖြစ်လဲ"

"ညီမလေးရဲ့ရယ်သံလေးကြားရင် ညီမလေးကိုသတိရလာရော"

"အဲဒီတော့ ဘာဖြစ်လဲ"

"သတိရတော့ လွမ်းလာရော"



www.burmeseclassic.com

www.burmeseclassic.com



"မလွှမ်းနဲ့ပေါ့. . . ဘယ်သူက လွှမ်းခိုင်းလို့လဲ"

"အင်း - ချစ်နေမိပြီဆိုတော့လည်း မလွှမ်းဘဲမနေနိုင်ပြန်ဘူး"

". . . . ."

သူမဘက်က စကားသံထွက်မလာတော့။ ဖုန်းလိုင်းများ တစ်ခုခုဖြစ်သွားသလားဟု သူထိတ်ခနဲတွေးဖြစ်သည်။

"ဟဲလို - ညီမလေး. . . ဟဲလို - ကြားလား"

". . . . ."

"ဟဲလို - ကြားလား"

"မကြားဘူး"

နှစ်ခါသုံးခါ 'ဟဲလို'တော့မှ သူမက

"မကြားဘူး"

ဟု တုံ့ပြန်သည်။ ကလေးဆန်သောသူမ၏ လေသံခပ်ချွဲချွဲကြောင့် သူဘာရယ်မဟုတ် ဟက်ခနဲရယ်ဖြစ်သည်။

"ဘာရယ်တာလဲ"

"ဩော် - ကြားလားလို့မေးတဲ့အမေးကို မကြားဘူးလို့ဖြေတာသဘောကျလို့ပါ. . . ညီမလေးက အရမ်းချစ်ဖို့ကောင်းမှန်း ကြာလေကြာလေ ပိုသိလာတယ်. . . အရမ်းချစ်တာပဲ ညီမလေးရာ. . . ဟဲလို - ကြားလား"

"မကြားဘူး"

'မကြားဘူး'ဟု ညစ်ကျယ်ကျယ်ဆိုသော သူမ၏အဖြေကြောင့် သူမချင့်မရဲကြီးဖြစ်သွားရသည်။ ဖုန်းချမပစ်တာကိုပဲ သူမပေးသော ကြီးမားသည့်ဆုလာဘ်အဖြစ် ခံယူရမည်ထင်သည်။

"မကြားရင် ထပ်ပြောပြမယ်လေ. . . အစ်ကိုက ညီမလေးကို ပြောမပြတတ်အောင်ကို ချစ်တယ်ကွာ. . . ဘယ်လိုစကားလုံးနဲ့ ပြောပြရမှန်းမသိအောင်ကို ချစ်တာ. . . ဟဲလို - ကြားလား"





"မကြားဘူး. . . မကြားဘူး. . . ဒါပဲ. . . ဖုန်းထပ်မခေါ်နဲ့တော့. . . ဖုန်းပိတ်လိုက်တော့မယ်"

ပြောရင်းဆိုရင်း ဖုန်းပိတ်သွားခဲ့သည်ကို သူ Half feel ကြီးဖြင့် မချင့်မရဲဖြစ်သွားရသည်။ ဖုန်းအကြိမ်ကြိမ်ပြန်ခေါ်သော်လည်း သူမက အမှန်တကယ်ဖုန်းပိတ်သွားခဲ့ပြီဖြစ်သည်။

ဘေးမှကပ်ကာနားထောင်နေကြသော အေးကိုတို့နှစ်ကောင်က သူ့ကို ရယ်ချင်ပက်ကျိမျက်နှာများဖြင့် ကြည့်ကြသည်။

"ဘာကြည့်တာလဲကွ. . . ဒီမှာ ငါတင်းနေတာနော်. . . လာမရိုနဲ့. . . ငြိသွားမယ်"

ရှက်အမ်းအမ်းဖြင့် လက်သီးလက်မောင်းတန်းကာဆိုသော သူ့စကားကို ဆရာသမားနှစ်ကောင်က ဂရုမစိုက်သည့်အပြင် တဟားဟားတောင် ထရယ်ပစ်လိုက်သေးသည်။

"ဟကောင်တွေ. . . ဘာလဲ - မင်းတို့က ငါ့ကိုလှောင်တာလား"

"လှောင်တာမဟုတ်ပါဘူးကွာ. . . မင်းကြည့်တော့ ဆင်ကိုးစီးစားမကုန်တဲ့ဘော်ဒီကြီးနဲ့ ဒီလိုအနုအရွတွေပြောတတ်လိမ့်မယ်မထင်လို့ပါကွာ. . . အံမယ် - ငါတို့ကောင်က ကဗျာဆန်တဲ့စကားလုံးတွေသုံးတဲ့နေရာမှာတော့ သူ့ဘော်ဒါအေးကိုအတိုင်းပဲ"

ဌေးမောင်က သူ့ကိုနှိပ်ကွပ်ရင်း အေးကိုကိုပါ တစ်လက်စတည်းဆိုသလို နှိပ်ကွပ်သည်။ အေးကိုက ဌေးမောင်ကို ဖုန်းခနဲနားရင်းရိုက်ရင်း

"ငါ့ကိုဆွဲမထည့်နဲ့"

ဟုဆိုသည်။

"ဘာပဲပြောပြောပေါ့ကွာ. . . မင်းဒီလောက်တော်ကီတွေပစ်နေတဲ့ဟာဆို ဖုန်း ချက်ချင်းချမပစ်တာကိုက အခြေအနေကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သဘောပဲကွ”

ဌေးမောင်၏ကောက်ချက်ချမှုကို အေးကိုက

“အေး - အဲဒါတော့ ဟုတ်တယ်”

ဟု ထောက်ခံသည်။

ဘာပဲပြောပြော သူ ဘာကိုမှမတွက်ဆရဲတာတော့ သေချာသည်။ သူ့မနှုတ်မှ ‘ချစ်တယ်’ဟု ပြန်မပြောမချင်း ဘာမှရေရေရာရာ မတွေးရဲ။ သူမကိုယ်၌က ‘ချစ်တယ်’ဟုဆိုလာမှ အရာရာသည်အတည် ဖြစ်လိမ့်မည်။

ပြန်ရန်ရက်ကလည်း နီးလာပြီမို့ ကမ်းခြေကိုလည်း မခွဲချင်သလိုလိုကြီး ခံစားနေရသည်။ ဘာရယ်မဟုတ် ကမ်းခြေနှင့်ပတ်သက်သော တဂိုး၏ ကဗျာတစ်ပုဒ်ကိုလည်း သူသွားပြီး သတိရမိသည်။

* * *

I came to your shore as a stranger,
I lived in your house as a guest,
I leave your door as a friend,
my earth.

**Tagore**

ငါဟာ လူစိမ်းတစ်ယောက်လို မင်းရဲ့ကမ်းခြေကိုရောက်ရှိခဲ့တယ်။

ငါက ဧည့်သည်တစ်ယောက်လို မင်းရဲ့အိမ်မှာ နေထိုင်ခဲ့တယ်။

ကမ္ဘာမြေကြီးရေ - မင်းရဲ့တံခါးပေါက်ကနေ သူငယ်ချင်းတစ်ယောက်လိုပဲ. . .

ငါ. . ထွက်ခွာ နှုတ်ဆက်ခဲ့ပါရဲ့။

တဂိုး

www.burmeseclassic.com

www.burmeseclassic.com

ပေလီမှ

ရန်ကုန်သို့ပြန်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် အေးကို ထံမှ ဖုန်းဝင်လာသည်။

"အေးကို - သူငယ်ချင်း ပြော"

"ဟကောင်ရ. . . ငါတို့အားလုံး ပြန်ဆုံရမယ့်နေ့တော့ ရောက်လာပြီကွ"

"ဘာလဲကွ. . . မင်းက မရှင်းမရှင်းနဲ့"

"ဒီလိုကွ - နောက်တစ်ပတ်ထဲမှာ ထားထားမင်္ဂလာဆောင် တော့မယ်တဲ့. . . အဲဒါ ငါတို့သုံးကောင်ကိုဖိတ်ထားတယ်. . . ဖိတ်စာ က ငါ့ဆီမှာ. . . အဲဒါ မင်္ဂလာမဆောင်ခင်မှာ ကူစရာရှိတာလည်း လာကူညီဦးတဲ့. . . သူတို့မိန်းကလေးတွေလည်း ကူကြပြုကြဦးမှာဆို တော့ ငါတို့လည်း ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ သွားလို့ရပြီ ပေါ့ကွာ. . . မဟုတ်ဘူးလား"

"ဟုတ်လား"

"အေး - အဲဒါ လာမယ့်သောကြာနေ့ကျရင် လာခဲ့ကြဦးတဲ့ . . . ငါ ညဆုံတော့မှ ပြောပြမယ်ကွာ. . . ဒါပဲ ဒါပဲ"

"အေး အေး. . ဟုတ်ပြီ သူငယ်ချင်း"





အေးကို၏ဖုန်းကြောင့် သူနည်းနည်းတော့ပျော်သွားရသည်။ သူမကို ညစဉ်ဖုန်းဆက်ရရုံကလွဲ၍ မတွေ့ရသည်မှာ ပေလီမှသူမပြန် သွားကတည်းကဖြစ်သည်။ အခုတော့လည်း ထားထား၏ကျေးဇူး ကြောင့် သူမနှင့်ပြန်ဆုံရလိမ့်ဦးမည်။ ဘာရယ်မဟုတ်။ သူမနှင့်ဆုံရ မည်မို့ ပြင်စရာဆင်စရာရှိသည်တို့ကတော့ ပြင်ရလိမ့်မည်ဟုတွေးရင်း ရင်ခုန်နေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အေးကိုနှင့်ဖုန်းပြောအပြီးမှာပင်

"ဝုန်း"

"ဟာ"

ရုတ်တရက်ဖြတ်ဝင်လာသော Taxi နှင့် သူ့ကား နှုတ်ဆက်အနမ်းနမ်းပြီးချိန်မှာတော့ သူ့ရင်ခုန်သံတို့ပြောင်းဆန်သွားရသည်။

Taxi ကားဆရာက ကားပေါ်မှမျက်နှာငယ်လေးနှင့်ဆင်းလာကာ လာ၍တောင်းပန်သည်။

"ကျွန်တော့်အမှားပါ အစ်ကိုရယ်. . . ကျွန်တော်တောင်းပန်ပါတယ်ဗျာ. . . အုံ့နာကြေးမပြည့်သေးလို့ စိတ်လေရတဲ့ကြားထဲ ကြုံမှကြုံတတ်တယ်"

ဆရာသမားက သူ့ကိုတောင်းပန်ရင်း ခေါင်းကုတ်ကာညည်းတွားသည်။

"အစ်ကို - ကျွန်တော်က သူများကားယူမောင်းရတာပါ. . . ဒါပေမဲ့ ကျွန်တော်လျော်ပေးပါ့မယ်အစ်ကို. . . ကျွန်တော့်ကားနံပါတ်ကိုမှတ်ထားပါ အစ်ကို. . . ကျွန်တော့်မှတ်ပုံတင်လည်း ပါပါတယ် . . . အစ်ကိုယူရင်ယူထားပါ. . . ကားပြင်စရိတ်ကို တစ်လုံးတည်းမဆပ်နိုင်ရင်တောင်မှ ကျွန်တော်ခွဲခွဲပြီးဆပ်ပါ့မယ်ဗျာ"





မျက်နှာငယ်လေးနှင့် သူ့သွားရာနောက်တကောက်ကောက်လိုက်ပြီး တောင်းပန်နေသော Taxi ကားဆရာကိုကြည့်ပြီး သူသနားသွားရသည်။ လျော်ပေးပါ့မည်ဟုဆိုသောစကားနှင့်ပင် သူ့အတော်ကြီးကျေနပ်သွားသည်။

အုံ့နာကြေးပြည့်အောင်ပင် အတော်ကြီးစားနေရသော Taxi ကားဆရာထံမှငွေကို သူမယူရက်ပါ။ ယူဖို့အစီအစဉ်မရှိလည်း

"ရပါတယ်ဗျာ. . . ထားလိုက်ပါ. . . ကဲ - ကျွန်တော်သွားတော့မယ်"

ဂျင်း၏ပခုံးကိုပုတ်ရင်း သူနှုတ်ဆက်သောအခါ ဆရာသမားက သူ့ကိုအားနာစွာကြည့်သည်။

"အားနာလိုက်တာ အစ်ကိုရာ"

"ရပါတယ်. . . ကဲ - သွားပြီ"

ခေါင်းညိတ်ပြရင်း ကားကိုမောင်းထွက်လာသောအခါ ဆရာသမားက ပါးစပ်ကြီးဟကာ ငေးရင်းကျန်ခဲ့သည်။

သူ့စိတ်ထဲမှာတော့ မနေ့ကမှ ငွေချေကာ အလဲအထပ်လုပ်ထားသော ဖေဖေ့ကားကိုမှယူမောင်းမိသော သူ့ကိုယ်သူသာ အပြစ်တင်နေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ဘာကွ - သနားလို့ ဟုတ်လား"

"သူကတော့ လျော်ပေးပါ့မယ်လို့ပြောတာပဲ. . . ဒါပေမဲ့ သားမလိုချင်ဘူး"

အောင်မာ မာ. . . သူမှားဖို့ လျော်ပါ့မယ်လို့ပြောတဲ့ကိစ္စ မင်းက ဘာကိစ္စမလိုချင်ရမှာလဲ"

ဒေါသထွက်နေသည့် ဖေဖေ့ဘက်ကကြည့်တော့လည်း အမှန်တွေချည်းဖြစ်သည်။ ဝယ်ပြီး၍ နှစ်ဆယ့်လေးနာရီပင်ပြည့်အောင် မစီးရသေးသောကားတစ်စီးကို သူကယူပြီး ယာဉ်တိုက်မှုလည်း ဖြစ်လိုက်သေး၊ အလျော်ပေးသည်ကိုလည်း လက်မခံခဲ့ဟုဆိုသည်ကိုး။

"အဖေရာ - သူ့ခမျာ သူများကားကို အုံနာကြေးပေးပြီး ယူမောင်းနေရတာ. . . တစ်နေ့တစ်နေ့ အုံနာကြေးလေးပိုအောင်ကြိုးစားမောင်းနေရတဲ့လူတစ်ယောက်က ဘယ်လိုလုပ်ပြီး ဒီကားပြင်ဆင်စရိတ်တွေကို တတ်နိုင်မှာလဲ. . . ပေးပါ့မယ်ဆိုတဲ့ သူ့စကားကိုလက်ခံပြီး သားကယူလိုက်တယ်ပဲ ထား. . . သူ့ခမျာ အတော်ကြာကြာကြီးကို ဆပ်ရမှာ"

"ဆပ်ပစေပေါ့ကွ"

"အာ - ဘယ်ကောင်းပါ့မလဲ. . . သူ့အတွက် ဝန်ထုပ်ဝန်ပိုး





ကြီးဖြစ်သွားမှာပေါ့. . . ဆပ်ပေးပါ့မယ်လို့ ပြောကတည်းက သူ့ရဲ့ တာဝန်ယူစိတ်နဲ့တင် သားကကျေအေးပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တာ"

"အေး - ကောင်းတယ်. . . ဒါဆို သူက အဲဒီတာဝန်ယူစိတ်ကလေးရှိလိုက်တာနဲ့ သူ့မှာအပြစ်မရှိတော့ဘူးပေါ့. . . ဒါဖြင့် ကိုယ့်ကားကိုယ်မမောင်းဘဲ ငှါကားအသစ်ကိုယူမောင်းတဲ့ မင်းမှာအပြစ်ရှိတယ်. . . အပြစ်ရှိတဲ့လူဆိုတော့ အပြစ်ပေးရင်လည်း ခံရရမှာပေါ့"

ဒေါသထွက်နေသော ဖေဖေ့ကိုကြည့်ပြီး သူ့အာရုံတွေ ထွေပြားကာသွားသည်။ ဖေဖေပေးမည့်အပြစ်ဒဏ်ကို သူမှန်းဆမိနေသည်။

"မနက်ဖြန် ဟိုတယ်ကိုသွား. . . တစ်ရက်ကိုတစ်ဂျူတီနှုန်းနဲ့ တစ်ပတ်တိတိ မင်းစားပွဲထိုးရမယ်. . . မနက်ခြောက်နာရီကနေ နေ့လယ်နှစ်နာရီထိ ဟိုတယ်မှာစားပွဲထိုး. . . ပြီးရင် တစ်နာရီနား . . . ညနေသုံးနာရီကနေ ငါးနာရီရုံးဆင်းချိန်ထိ ကုမ္ပဏီမှာလာပြီး သန့်ရှင်းရေးလုပ်. . . ဒါပဲ"

ဖေဖေ့စကားအဆုံးမှာ ဘူသေချင်စော်နံသွားရသည်။ ဒါ ဖေဖေပေးနေကျ ပြစ်ဒဏ်တွေပဲဖြစ်သည်။ ကျောင်းနေစဉ်ကာလကတည်းက ခုထိဖေဖေသည် သူ့ကိုရိုက်နှက်၍သော်လည်းကောင်း၊ အော်ဟစ်ကြိမ်းမောင်း၍သော်လည်းကောင်း မဆုံးမ။ ဖေဖေ့အပြစ်ဒဏ်ကတော့ သန့်ရှင်းရေး ဒါမှမဟုတ် အလုပ်တစ်ခုခုဖြစ်သည်။ ငယ်စဉ်ကတော့ အိမ်ထဲမှာကြမ်းတိုက်၊ ဖုန်သုတ်၊ ပန်းပင်ရေလောင်း၊ ဒါမျိုးတွေလုပ်ခဲ့ရသည်။ အိမ်မှ လက်တိုလက်တောင်းခိုင်းသူများက သနား၍ ကျွန်တော့်ကိုကူလုပ်ပေးတာမျိုးကို ဖေဖေလက်မခံ။ ကူညီနေတာမိလို့ကတော့ ထိုကူညီသူအတွက် အပြစ်ဒဏ်ကို ထပ်၍ပေးတတ်သည်။

ဘွဲ့ယူပြီးသွားချိန်၌လည်း ထိုနည်းလည်းကောင်းပင်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် သန့်ရှင်းရေးကို အိမ်မှာလုပ်ရတာမျိုးမဟုတ်တော့။ ကုမ္ပဏီမှာ သွားလုပ်ရတာဖြစ်သည်။ လုပ်ရတာမှ ယူနီဖောင်းဝတ်ပြီးတော့ကို လုပ်ရတာဖြစ်သည်။ ခိုး၍ကပ်၍လည်း မရ။ စောင့်ကြည့်သူများကိုပါ ဖေဖေက မမေ့မလျော့စီမံထားတတ်သည်။

"ဟူး"

တစ်ပတ်တိတိဆိုသော ဖေဖေ့အမိန့်ကြောင့် သူ့သက်ပြင်းကိုသာ ခပ်ကြမ်းကြမ်းချဖြစ်သည်။

* * *

ညနေခင်း လက်ဖက်ရည်ဆိုင်ထိုင်ချိန်မှာ ဖေဖေ့အပြစ်ဒဏ်အကြောင်းကို ရင်ဖွင့်တော့ ဌေးမောင်တို့နှစ်ကောင်က ရယ်သည်။

"ဝမ်းသာတယ်ကွာ. . . နေဦး - မင်းစားပွဲထိုးနေတဲ့အချိန်မှာ ငါ နေ့လယ်စာမိန့်မိန့်ကြီးလာစားဦးမယ်"

"ငါလည်း ဒီကောင်ကြမ်းတိုက်နေတဲ့အချိန်ကျမှ ဒီကောင့် ကုမ္ပဏီမှာ ဝင်ချည်ထွက်ချည်လာလုပ်ဦးမယ်. . . အဟေး ဟေး"

ဌေးမောင်နှင့်အေးကို၏ ပြောင်ချော်ချော်စကားကြောင့် သူ စိတ်လေနေသည့်ကြားမှ ရယ်ဖြစ်သည်။

"ဒါဖြင့် နေ့ခင်းဘက်ဆို မင်းမအားတော့ဘူးပေါ့. . . မင်္ဂလာဆောင်ကိစ္စစီစဉ်ဖို့အတွက် သူတို့လုပ်နေတဲ့အချိန် ကားဒရိုင်ဘာလုပ်ပြီး ဟိုဟိုဒီဒီတောင်လိုက်မပို့နိုင်တော့ဘူးပေါ့. . . ဒီလိုလား"

"အေးပေါ့ကွ. . . ငါ့ဂျူတီက ငါးနာရီမှပြီးမှာဆိုတော့ အဲဒီနောက်ပိုင်းမှ အားမှာ. . . အဲဒီတော့မှ Phone ဆက်ပေါ့ကွာ. . . မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့သိတဲ့အတိုင်း Father က မလွယ်ဘူးကွ. . . တစ်နာရီလောက် စောဆင်းမိလို့ကတော့ အစားထိုးတစ်နေ့ပြန်ဆပ်ရပြီသာ မှတ်. . . ဟိုတစ်ခါက မှတ်မိသေးလား. . . Hotel မှာ ညှော့ကြိုလုပ်ရတဲ့အပတ် က နာရီဝက်ခိုးပြီးအလုပ်ဆင်းလိုက်တာ. . . သူ့လူယုံကသွားချွန်လို့ နောက်တစ်ရက် အစားထိုးဆင်းလိုက်ရသေးတယ်လေကွာ"

"မင်းက အဲဒီလူတွေနဲ့ OK အောင် ပေါင်းမထားလို့ပေါ့ကွ"

ဌေးမောင်က သူ့ကိုကြည့်ရင်းဆိုသည်။

"ပေါင်းတာပဲကွ. . . မရဘူး. . . ဒီလူတွေက ဖေဖေ့အပေါ် မှာ လုံးဝကိုသစ္စာရှိတာကွ. . . သားအဖတောင်မှ မရဘူး. . . စည်းကမ်းအတိုင်း အပီဆော်တာ"

"အေးပါ - ဒါပေမဲ့ ငါတို့အဖွဲ့တွေဆုံရင်တော့ လာစေချင် တယ်. . . တော်ကြာ မင်းကနေ့ခင်းဘက် စားပွဲထိုးရလို့ဆိုပြီးတော့ ညဘက်မလာဘူးလုပ်နေမှာစိုးလို့. . . လာစေချင်တယ်ဆိုတာက တခြားကြောင့်တော့မဟုတ်ဘူး. . . သိတယ်မဟုတ်လား. . . ကြည်ပြာ တို့က ဖြူမဥ္ဇူကို အပါခေါ်လာကြမှာ. . . အဲဒါကြောင့်ပြောတာ"

အေးကိုက အားတက်သရောဖြင့်ဆိုသည်။

"အဲဒါတော့ မပူနဲ့ အေးကိုရေ. . . ဒီကောင်က ဖြူမဥ္ဇူဆိုတဲ့ အသံကြားတာနဲ့ ဘယ်နှရက်ဆက်တိုက်ပင်ပန်းထား ပင်ပန်းထား ငေါက်ခနဲ ထ-လာမယ့်ကောင်"

ဌေးမောင်က ရွှတ်နောက်နောက်ဆိုသည်။

"ကြည်ပြာတို့ မနက်ဖြန်ဆုံရင် ငါသတင်းပေးလိုက်ပါ့မယ် . . . မင်း Hotel မှာ Waiter လုပ်နေတဲ့အကြောင်း"

"လျှောက်မဖွပါနဲ့ကွာ. . . ငါ မျက်နှာပူလွန်းလို့ပါ. . . တော် ကြာ - ငါ စားပွဲထိုးလုပ်နေလို့ဆိုပြီး တကူးတကလာပြောင်နေကြပါ ဦးမယ်"

တော်ဝင်မြို့မ စာအုပ်တိုက်



"မင်း အဲဒီလိုပြောနေလို့ လွှတ်ဖြစ်အောင်လွှတ်လိုက်ပါဦး မယ်. . . စိတ်ချ"

အေးကိုက သူ့ကိုပြောင်ချော်ချော်ဆိုရင်း ရယ်သည်။ သူက တော့ လိုက်မရယ်နိုင်ပါ။ မနက်ဖြန်ကစပြီး တစ်ပတ်တိတိပုံစံပေးခံ ရမည့်အရေးကိုတွေးပြီး အောင့်သက်သက်ဖြစ်နေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား ၁၁ း ၀၀ နာရီ။ နေ့လယ်စာ စားချိန်။

"အခု စားပွဲထိုးရမယ့်ဝိုင်းက အရေးကြီးတယ် အစ်ကို. . . တကယ့် High Boss တွေချည်းပဲ လာမှာ. . . အစ်ကိုက ကျွန်တော့်ကိုကူရုံပဲ ကူပေါ့. . . တစ်ခုခုမှားသွားမှာစိုးလို့"

စားပွဲထိုးချာတိတ်၏အဆိုကြောင့် သူခေါင်းညိတ်ဖြစ်သည်။ ကံဆိုးချင်လို့လားတော့ မသိ။ သူစားပွဲထိုးသည့်နေ့ကျမှ ဧည့်သည်တွေက တအားကိုကျသည်။ ကြို၍ဘွတ်ကင်လုပ်ထားသောဝိုင်းတွေချည်းမို့ လူခွဲလိုက်သောအခါ သူက ကံဆိုးသည်လား၊ ကံကောင်းသည်လားတော့ မသိ။ အထူးဧည့်သည်များဝိုင်းကို စားပွဲထိုးရန်ကျသည်။

"ငါ့ညီ - အရမ်းအရေးကြီးတဲ့ဝိုင်းဆိုရင်လည်း လူစားလဲရင် လဲလိုက်ပါလား"

"အစ်ကို ဘာကိုဆိုလိုတာလဲမသိဘူး"

"အစ်ကိုဆိုလိုချင်တာကကွာ. . . အစ်ကို အခုစားပွဲထိုးရမယ့်ဝိုင်းက သိပ်အရေးကြီးတဲ့ဝိုင်းဆိုရင် အခြားစားပွဲထိုးကျွမ်းကျင်တဲ့ Waiter ဒါမှမဟုတ်. . . Waitress တစ်ယောက်ယောက်နဲ့ အစ်ကိုနဲ့ကို ဝိုင်းချင်း change လိုက်ပါလား"





သူ့စကားကြောင့် စားပွဲထိုးချာတိတ်က သူ့ကိုနားမလည်သလို ကြည့်သည်။

"အစ်ကိုတို့အုံနာတွေက အဲဒါခက်တာပဲ. . . Hotel ရဲ့ Life ကို နားမလည်ကြဘူး. . . Hotel ကိုရောက်လာသမျှ Customer တိုင်းက အရေးကြီးတယ်ဗျ. . . သူ့ဘာသာသူ ဘာကြီးပဲဖြစ်နေဖြစ်နေ ဘာမှမဟုတ်တဲ့လူပဲဖြစ်နေဖြစ်နေ Customer တိုင်းကို ကျွန်တော်တို့တွေက အကောင်းဆုံးဝန်ဆောင်မှုပေးရမှာဗျ. . . စောစောက ကျွန်တော်ပြောတဲ့အရေးကြီးတယ်ဆိုတဲ့စကားက အမြဲတမ်းလာကြတဲ့ Customer တွေမို့လို့ သတိထားဖို့သောက်ပဲပြောတာပါ . . . ရတယ် - ကိစ္စမရှိပါဘူး. . . အဲဒီလူငါးယောက်ကို ကျွန်တော်တစ်ယောက်တည်းနဲ့လည်း နိုင်အောင် service ပေးနိုင်တယ်. . . အစ်ကိုက ဘေးကကူရုံပဲကူ"

"အေး - အေး"

ကိုယ့်ဝန်ထမ်းတစ်ယောက်ကပြန်ပြီး ဩဝါဒပေးသည်ကို သူအောင့်သက်သက်ဖြင့် ခံလိုက်ရသည်။ 'အေး အေး'ဟုသာ ဆိုလိုက်ရသော်လည်း စားပွဲထိုး၏စကားများက ရင်ကိုတော့ လာ၍ထိသည်။

"အစ်ကို - လက်သုတ်ပဝါကိုလက်စွပ်ချွတ်ပြီး သိမ်းထားအစ်ကို. . . အစ်ကိုလည်း သိပါတယ်. . . ဧည့်သည်ကို service ပေးမယ့် waiter က အဲဒီလိုလက်ဝတ်တန်ဆာတွေ မဝတ်ရဘူးဗျ. . . မနက်ကတည်းက ပြောမလို့ဟာ. . . မေ့နေလို့"

"အေးပါကွာ"

စားပွဲထိုး၏မျက်မှောင်ကုတ်ရင်း ဆိုသောစကားကြောင့် သူအောင့်သက်သက်နှင့်ပင် လက်သူကြွယ်မှလက်စွပ်ကိုချွတ်ကာ ဘောင်းဘီအိတ်ကပ်ထဲထည့်ဖြစ်သည်။ ဖေဖေ့ Lesson ကတော့ အတော်လေးကိုထိရောက်ပါပေသည်။ အားလုံးကဝိုင်းပြီး သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းအသစ်တစ်ယောက်မောင်းသလို ဝိုင်းပြီးမောင်းနေကြသည်ကိုး။

သိပ်မကြာမီမှာပင် ကြိုတင်၍ booking လုပ်ထားသော waiter ချာတိတ်ပြောသည့်အဖွဲ့ ရောက်ချလာသည်။ order ကြိုပေးထားပြီးသားမို့ ကြိုတင်ပြင်ဆင်ထားပြီးသားဟင်းလျာများနှင့် စားသောက်ဖွယ်တို့ကို သူနှင့် waiter ချာတိတ်နှစ်ဦးပေါင်းပြီး စားပွဲပေါ်မှာ ချပေးဖြစ်သည်။

အခုအချိန်ထိတော့ အားလုံးသည်အဆင်ပြေကာ ချောမွေ့နေသည်။ သို့သော် အဆင်ပြေချောမွေ့မှုသည် သိပ်တော့ကြာကြာမခံလိုက်။ သူ့ရှေ့မှာ ဥပမိရုပ်ကောင်းကောင်းဖြင့်စားနေသော အန်ကယ်တစ်ဦး၏ soup cup ထဲသို့ soup ထပ်လောင်းပေးရန် လှမ်းအယူမှာ ထိုအန်ကယ်က မသိမသာတိမ်းပေးသည်။ ဖြစ်ချင်တော့ သူ့လက်ထဲမှ ၎င်း soup cup က သတိထားနေသည့်ကြားကချော်ကာ ဖျတ်ခနဲလွတ်ကျသည်။

"အား"

soup cup အတွင်းမှလက်ကျန် soup ပူပူများသည် ထိုအန်ကယ်၏ပေါင်ပေါ်သို့ soup cup နှင့်အတူကျကာသွားသည်။ 'အား'ခနဲအော်လိုက်သော ထိုအန်ကယ်၏အော်သံကို သူ့နားမှာ မိုးခြိမ်းသံလိုကြားလိုက်ရသည်။ 'သွားပြီ'ဟုသိလိုက်ချိန်မှာ သူ soup cup ကို ထိုအန်ကယ်၏ပေါင်ကြားမှ အမြန်ပြန်ကောက်ဖြစ်သည်။ သူ အတော်ကံဆိုးပါသည်။ ထို soup cup က ဒုတိယအကြိမ်အဖြစ် ပြန်၍လွတ်ကျသွားပြန်သည်။

'အု'

ဒီတစ်ခါတော့ အန်ကယ်သည် ဒီတစ်ခါတော့ 'အား'ဟု မအော်နိုင်တော့။ 'အု'ဟုသာအော်နိုင်တော့သည်။ မျက်လုံးကြီးပြူး





ကာ 'အု'ခနဲသာ အသံထွက်နိုင်တော့သောအန်ကယ်ကို သူကမန်းကတန်းတောင်းပန်ဖြစ်သည်။

"ဟာ - sorry အန်ကယ်. . . သားတောင်းပန်ပါတယ်"

ဘုကြည့်လှမ်းကြည့်သော ထိုအန်ကယ်ကို သူကမန်းကတန်း လက်နောက်ပစ်ကာ တောင်းပန်ဖြစ်သည်။ ပြီး ထိုအန်ကယ်၏ပေါင်ပေါ်မှ soup cup ကို သူလှမ်းယူရန်ပြင်သည်။

"နေ နေ နေ - နေတော့. . . ငါ့ဘာသာငါပဲ ယူတော့မယ် . . . ဒီတစ်ခါ ထပ်လွတ်ကျရင်တော့ ငါသေ. . လိမ့်မယ်"

အံကြိတ်ကြိတ်ကာဆိုသော ထိုအန်ကယ်၏မချိတင်ကဲပုံစံကို ကြည့်ရင်း သူရယ်ချင်နေသော်လည်း မရယ်ရဲ။ အရယ်သန်သူမို့ အတော်ကြီးအောင့်အီးကာ နေရသော်လည်း နည်းနည်းလေး သူသတိလွတ်မိသည်နှင့် တဟားဟားအော်ရယ်မိမှာသေချာသည်။

"ဦးထွန်းသော်ရေ - ဖွဲ့လား. . . ပတ်လည်လားဗျ"

ပျော်တတ်ဟန်တူသော အန်ကယ်ကြီးတို့အုပ်စုမှ တစ်ယောက်က ထ-ကာ နောက်တောက်တောက်ဆိုသည်မို့ အားလုံးကသဘောတကျဖြင့် ဝိုင်းကာရယ်ကြသည်။ ဦးထွန်းသော်ဟုအခေါ်ခံလိုက်ရသောအန်ကယ်ကြီးက မချိရယ်လိုက်ရယ်ရင်း သူ့ဘက်ကို စူးခနဲကြည့်သည်။ ရယ်မိတော့မလိုဖြစ်နေသော သူ့ကို စူးခနဲအကြည့်ခံရသည်မို့ တွန့်ခနဲဖြစ်သွားရသည်။ ကမန်းကတန်းမျက်နှာကို ဖမ်းတည်လိုက်ရသော်လည်း မချိမချဉ်ကြီးဖြစ်နေမှာ သေချာသည်။ သူ သူ့ဘေးမှချာတိတ်ကိုလှမ်းခေါ်ပြီး ပုဆိုးအသစ်တစ်ထည်ယူခဲ့ဖို့ မှာလိုက်သည်။

အန်ကယ်ကြီးက ထကာ သန့်စင်ခန်းသို့ဝင်သွားသည်။ သူ ပုဆိုးမှာလိုက်သောချာတိတ်က အန်ကယ်ကြီးထွက်သွားချိန်နှင့် ရှေ့ဆင့်နောက်ဆင့်မှာ ရောက်ချလာသည်။ သူ ၎င်းချာတိတ်ထံမှ ပုဆိုးကို



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး သန့်စင်ခန်းသွားသော အန်ကယ်ကြီးထံလိုက်ခဲ့ဖြစ်သည်။

သန့်စင်ခန်းထဲ သူဝင်သွားသောအခါ ဘေစင်မှာရေခဲ့ကာ ဘောင်းဘီကို သန့်ရှင်းရေးလုပ်နေသော အန်ကယ်ကြီးက ဆတ်ခနဲ လှည့်ကြည့်သည်။ ပြုံးဖြီးဖြီးဖြင့်ဝင်လာသောသူ့ကို မြင်သောအခါ ခါးကိုထောက်သည်။

"ဩ - မင်းကိုး"

"ဟုတ်. . . ဟို - ကျွန်တော် ပုဆိုးလာပေးတာပါ အန်ကယ် . . . ကန်တော့ပါ အန်ကယ်. . . ကျွန် . . ."

သူ့စကားပင်မဆုံးသေး။ ထိုအန်ကယ်က လက်ကာပြသည်။

"တော်တော့. . . ပုဆိုးထားခဲ့ပြီး သွားတော့. . . မျက်နှာပိုး မသေတဲ့ မင်းမျက်နှာကိုမြင်ရင်. . . ငါ့လက်သီးက ယားယားလာတယ် . . . ငါ့စိတ်ထိန်းထားတုန်း သွားတော့"

"မဟုတ်ဘူး အန်ကယ်. . . ကျွန်တော်က. . ."

***"ပုဆိုးထားပြီး သွားတော့"***

"အန်ကယ်ရယ်. . . ကျွန်တော်. . ."

***"ဟိတ်ကောင် - သွားတော့လို့ မင်းကိုပြော နေတာ"***

မျက်နှာကြီးနီကာ အာခေါင်ခြစ်၍အော်လာသည်မို့ သိပ် မကောင်းတော့သောအခြေအနေကြောင့် သူ သန့်စင်ခန်းထဲမှထွက်ခဲ့ ဖြစ်သည်။

"အဆင်ပြေလား အစ်ကို"

"မပြေဘူးကွ. . . ငါလစ်တော့မှဖြစ်မယ်. . . အန်ကယ်ကြီး ကြည့်ရတာ တော်တော်တင်းနေပုံရတယ်. . . မင်းကြည့်ပြီးတော့သာ စီစဉ်လိုက်တော့"





"ရတယ် အစ်ကို. . . ပြီးနေပြီပဲဥစ္စာ. . . ကျွန်တော်နိုင်ပါ တယ်"

သူ စားပွဲထိုးချာတိတ်ကိုကြိတ်မှာပြီး ထိုနေရာမှ ခပ်သုတ် သုတ်လစ်ခဲ့ဖြစ်သည်။ အပြင်ရောက်သောအခါမှ သက်ပြင်းကို မရဲတရဲ ချဖြစ်သည်။ ဖေဖေသာသိလို့ကတော့ ကောင်းကောင်းကြီးကို အပြော ခံရလိမ့်မည်။

နာရီကိုကြည့်တော့ ဆယ့်နှစ်နာရီခွဲ။ နာရီကိုကြည့်လိုက်တော့ မှ ဗိုက်ကဆာလာသည်။ ဖေဖေ့ Lesson ၏ပထမနေ့ကား တာထွက် သိပ်မကောင်းဟု သူတွေးမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ရမယ်. . . မင်းကတော့ မင်းသေသေချာချာကော
တောင်းပန်ခဲ့ရဲ့လား"

"တောင်းပန်တာပဲကွ. . . ရမှမရတာ. . . အဲဒီအန်ကယ်ကြီး
ကတော့ ငါ့ကို မေ့တော့မယ်မထင်ဘူး"

"ဘာဖြစ်လို့တုံး"

သူ့အဆိုကို ဗွေးမောင်က မေးခွန်းပြန်ထုတ်သည်။

"ဒီလိုကွ - ငါ့ကို ငါနဲ့အတူစားပွဲထိုးတဲ့ချာတိတ်က ပြန်ပြော
ပြလို့သိရတာ. . . အန်ကယ်ကြီးက ငါသွားပေးတဲ့ပုဆိုးကိုဝတ်ပြီး
သန့်စင်ခန်းထဲကထွက်လာတယ်တဲ့. . . ဝင်သွားတုန်းကတော့
ဘောင်းဘီနဲ့ အောက်ကဘွတ်နဲ့ရှုတ်နဲ့. . . ပြန်ထွက်လာတော့ ခါးပေါ်
မှာက ပုဆိုးနဲ့ အောက်မှာစီးထားတာက ဘွတ်နဲ့ရှုတ်နဲ့ဆိုတော့
သူ့မိတ်ဆွေတွေက ဝိုင်းနောက်ကြရောတဲ့. . . ရှာသူကြီးစတိုင်နဲ့ပါ
လား ဘာညာပေါ့ကွာ. . . အဲဒီလိုနောက်ပြီး ဝိုင်းရယ်ကြတော့. . .
အဲဒီအန်ကယ်ကြီးက အတော်ရှက်ကိုးရှက်ကန်းဖြစ်နေတယ်ဆိုပဲ
. . . ပြီးတော့ မျက်လုံးဝေ့ကြည့်ပြီး ငါ့ကိုရှာနေသေးတယ်တဲ့"

"ဘောက်ဆူးပေးမလို့ နေမှာပါကွာ"





အေးကိုက အရွှန်းဖောက်သည်။

"ဒါနဲ့ စကားမစပ်. . . နေ့ခင်းက ငါတို့အုပ်စု မင်္ဂလာဆောင်
ကိစ္စတွေလိုက်လုပ်ကူ၊ ဖိတ်စာတွေလိုက်ဖိတ်ကူရင်းနဲ့ မင်းအကြောင်း
တောင်ပြောဖြစ်ကြသေးတယ်. . . မင်း အဲဒီလိုပဲ ကားပြဿနာတက်
လို့ Hotel မှာ Lesson အပေးခံနေရတယ်လို့ပြောတော့ မြမ္မဥက
ဘာပြောလဲ သိလား"

"အင်း - ဘာတဲ့လဲ"

"ကောင်းတယ်တဲ့"

အေးကိုကပြောပြီး တဟားဟားဖြင့်ရယ်သည်။

"ပြောသေးတယ်"

"အင်း - ဆိုပါဦး"

"တစ်ပတ်စာ Lesson ဆိုတော့ နည်းလွန်းတယ်တဲ့. . .
တစ်လစာ Lesson ဖြစ်ရမှာတဲ့ကွ. . . ကြည့်ရတာ မင်းကို အတော်
လေးသံယောဇဉ်ရှိပုံရတယ်"

ဗွေးမောင်က ပြုံးစိစိလုပ်ရင်းဆိုသည်။

"သူ့စိတ်ထဲမှာတော့ ငါ့အတွက်စိတ်မကောင်းဖြစ်ချင်ဖြစ်
နေမှာပါ"

"ဖြစ်နေဦးမယ်"

အေးကိုက မျက်နှာကြီးမဲ့ကာဆိုသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်နေဦးမယ်. . . အားကြီးကြီး"

Phone ထဲမှတစ်ဆင့် နားထဲစီးဝင်သော သူမ၏စကားကြောင့် သူနင်ခနဲဖြစ်သွားရသည်။

'တစ်နေကုန် စားပွဲထိုးရလို့ တစ်ကိုယ်လုံးလည်းညောင်းကိုက်နေပြီ. . . ညီမသာမြင်ရင် စိတ်မကောင်းဖြစ်မှာ အသေအချာပဲ' ဟုဆိုဖြစ်သော သူ့စကားကို သူမက အထက်ပါအတိုင်းဆိုခြင်းဖြစ်သည်။

"ဒါပေမဲ့ တစ်နေကုန်ညောင်းညာခဲ့သမျှ ညဘက်ကျတော့ အခုလိုချစ်သူနဲ့လည်း ဖုန်းပြောရရော. . . အမောတွေ အကုန်ပြေသွားတယ်. . . သိလား"

"စကားပြောတာ ကြည့်ပြောနော်. . . အူကြောင်ကြောင်လာမလုပ်နဲ့. . . ဖုန်းချလိုက်ရမလား"

ရှက်နောက်နောက်ဆိုသောသူ့စကားကြောင့် သူမက 'ဖုန်းချလိုက်ရမလား'ဟု ခြိမ်းခြောက်သည်။

"အာ - ဖုန်းတော့ မချလိုက်ပါနဲ့. . . အစ်ကို့မှာ တစ်နေ့လုံးစိတ်ပင်ပန်းလူပင်ပန်းဖြစ်ခဲ့သမျှ ညီမနဲ့ဖုန်းပြောရတော့မှ ဒီအကြောင်း





တွေ့ရင်ဖွင့်ရတာမို့ပါ. . . ဒါနဲ့စကားမစပ် ညီမလေးက မင်္ဂလာဆောင်မှာ ပန်းကြွဲပဲလုပ်တော့မှာဆို"

"အဲဒါ ဘာဖြစ်လဲ"

"တော်သေးတာပေါ့. . . စောစောက သတို့သမီးအရံလုပ်မယ်လို့ ကြားလို့. . . အစ်ကို့စိတ်ထဲမှာ အောင့်သက်သက်ကြီးဖြစ်နေတာ"

"ဘာဖြစ်လို့တုံး"

"အာ - သတို့သားအရံနဲ့တွဲမှာကို အားကြီးသဝန်တိုတယ်"

"အောင်မာ - ဘာဆိုင်လို့တိုရမှာတုံး. . . သူနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့"

သူမက ညစ်ကျယ်ကျယ်ဖြင့်ဆိုသည်။ ပြီး လှောင်သလိုပြောင်သလိုဖြင့် ဟက်ခနဲရယ်လိုက်သေးသည်။

"ဒါဆို ဆိုင်လိုက်ကြရအောင်"

"ဖုန်းချလိုက်မှာနော်"

"ဟာကွာ"

'ဟာကွာ'ဟူသော အောင့်သက်သက်ရေရွတ်သံကြောင့်လားတော့ မသိ။ သူမဘက်မှ ရယ်သံသဲ့သဲ့ကို ကြားရသည်။ ကြည့်ရသည်မှာ သူ့ကိုမချင့်မရဲဖြစ်အောင်လုပ်ရခြင်းအတွက် သူမကြိတ်ပြီးကျေနပ်နေဟန်တူသည်။

"သူငယ်ချင်းတွေမင်္ဂလာဆောင်တော့လည်း အားကျမိတယ်. . . ဒါပေမဲ့ ရည်းစားကမရှိတော့. . . စိတ်ကူးလေးတောင် ယဉ်ခွင့်မရဘူး. . . ဘဝကလည်း အတော်ဆိုးတာပဲ"

"လူပျိုကြီးလုပ်ပေါ့. . . အခုလည်း မစွံ. . . နောင်လည်းမစွံ မယ့်အတူတူ"

သူမ၏စကားက လူကိုအောင့်သက်သက်ကြီးဖြစ်သွားစေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဲဒါကြောင့်ပြောတာပေါ့. . . လူပျိုကြီးဘဝက ကျွတ်အောင် ပါရမီဖြည့်ပေးပါလားလို့"

"ဖုန်းချလိုက်မယ်နော်"

"ချစ်ရင် ချကွာ. . . ဒီကကောင်က တစ်ရက်မတွေ့ရရင်တောင် တစ်သက်မတွေ့ရသလိုခံစားနေရလို့ လွမ်းလွမ်းနဲ့ဖုန်းဆက်တဲ့ဟာကို. . . နည်းနည်းလေးမှာ နားလည်မပေးဘူး. . . ဒီတော့ စောစောကပြောသလိုပဲ ချစ်ရင်ဖုန်းကိုချလိုက်. . . ဒါပဲ"

"အောင်မာ မာ. . . လူလည်မကျနဲ့. . . ကိုယ့်သဘောနဲ့ကိုယ် ချချင်ချမယ်. . . မချချင် မချဘူး"

"ဒါနဲ့ စကားမစပ်. . . ဘယ်ကိုဟန်းနီးမွန်းထွက်ရင် ကောင်းမလဲမသိဘူးနော်. . . ညီမလေးသာဆိုရင် ဟန်းနီးမွန်း ဘယ်ကိုသွားမလဲ. . . ပေလီဆိုရင် ကြိုက်လား"

"ဘာကြိုက်လားလဲ. . . စကားကပြောရင်းပြောရင်းနဲ့ Over တွေဖြစ်လာပြီနော်. . . တော်ပြီ - စိတ်ဆိုးတယ်. . . ဒါပဲ"

"အင့်"

သူမဘက်က ဖုန်းချသွားခဲ့သည်မို့ 'အင့်'ခနဲ သူနှင်တင်တင်ကြီးဖြစ်သွားရသည်။ ထုံးစံအတိုင်း မချင့်မရဲဖြင့်ပင် သူကျွန်ရစ်ခဲ့ရသည်။

* * *

'ထားထား'၏မင်္ဂလာဆောင်မှာ မင်္ဂလာဆောင်သည့် Hotel သို့သွားရန်အတွက် သူ့ကားဖြင့် ကြည်ပြာတို့အုပ်စုကိုပတ်ကြိုပေးရသည်။ အရင်ဆုံး ကြည်ပြာနှင့်ပြုံးပြုံးကိုဝင်ကြိုပြီးမှ သူမဆီဝင်ဖြစ်သည်။ သက်နွယ်ကိုတော့ ငွေမောင်ကဝင်ကြိုလာပေးမှာဖြစ်သည်။

ခမ်းနားသောအဆောက်အဦရှေ့မှာ သူ့ကားကိုရပ်လိုက်သောအခါ လက်ဆွဲအိတ်ငယ်လေးဖြင့်စောင့်နေသော သူမထွက်လာသည်။ သူမကားပေါ်တက်တက်ချင်းမှာပင် ကြည်ပြာက သူမကိုနောက်သည်။

"သယ်ဂျင်း - မတွေ့ရတာတောင် အတော်ကြာပြီပဲ. . . အဟမ်း ဟမ်း"

ကြည်ပြာ၏စကားအသွားအလာကိုသိသည်မို့ သူမမျက်နှာမှာ ရှက်အမ်းအမ်းကြီးဖြစ်ကာသွားသည်ကို နောက်ကြည့်မှန်မှ ကားမောင်းရင်းမြင်နေရသည်။

"ဘာမတွေ့ရတာ ကြာပြီလဲ. . . မနေ့နေ့လယ်ကမှ ထမင်းအတူစားသေးတဲ့ဟာကို"

သူမ၏ချက်ချင်းတုံ့ပြန်သောစကားကြောင့် ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ဟက်ခနဲရယ်သည်။

"ဟား ဟား . . . ငါက တစ်ရက်မတွေ့ရရင်တောင် တစ်သက်မတွေ့ရသလို ခံစားနေရတာဟ. . . အဟမ်း ဟမ်း"

ကြည်ပြာ၏စကားက ရှေ့ညများမှာ သူမဆီဖုန်းဆက်တိုင်း သူပြောနေကျစကားလုံးများဖြစ်သည်။ သူမက

"ကြည်ပြာနော်"

ဟုဆိုရင်း ကြည်ပြာကိုဆွဲဆိတ်သည်။ ရှက်ကိုးရှက်ကန်းဖြစ်နေသော သူမကိုကြည့်ရင်း သူကိုယ်တိုင်သည်ပင်လျှင် မျက်နှာပူသွားမိသည်။ ကြည့်ရသည်မှာ သူဖုန်းဆက်တိုင်း သူမက Record လုပ်ထားပြီး ပြန်များဖွင့်ပြနေသလားမသိ။ သို့တည်းမဟုတ် ပြန်၍ပြောပြသည်ပဲလားတော့ မသိ။

"မျက်နှာပူလိုက်တာနော်. . . အဟမ်း ဟမ်း"

ပြုံးပြုံးက ရှက်ကိုးရှက်ကန်းကြီးတွေဖြစ်နေကြသော သူတို့နှစ်ယောက်ကိုကြည့်ပြီး နောက်ပြန်သည်။

"စကားမစပ်ပေါ့ဟာ. . . ဒီပွဲမှာတော့ အားနာစရာတွေဖြစ်ကုန်တော့မှာပဲ"

စကားလမ်းကြောင်းလွှဲသော သူ့စကားကြောင့် အေးကိုက ဘာဖြစ်လို့လဲဟုမေးသည်။

"ဒီပွဲမှာ ညီမလေးဖြူမဥ္ဇူက အလှဆုံးဖြစ်နေတော့ ကြည်ပြာတို့ကို အားနာတယ်"

"အောင် မာ မာ မာ. . ."

သူ၏ရွှတ်နောက်နောက်အဆိုကြောင့် ကြည်ပြာတစ်ယောက် 'အောင်မာမာ'ဟုဆိုရင်း အေးကိုဘက်လှည့်ကာ

"ကိုအေးကို - ကိုသူရပြောတာ ထောက်ခံလား. . . ဒီပွဲမှာ ဘယ်သူအချောဆုံးလဲ"





"ကြည်ပြာအချောဆုံးပေါ့. . . ကျန်တဲ့လူတွေကို အားနာစရာတောင်ဖြစ်ရလောက်အောင် ကြည်ပြာကချောတာ"

"ဒါပဲလေ. . . အဲဒါကမှ အမှန်တရား"

အေးကိုက နောက်လှည့်ရင်းဆိုသောစကားကြောင့် ကြည်ပြာက 'အဲဒါမှ အမှန်တရား'ဟု ခပ်ကြွားကြွားဆိုသည်။

"ရုပ်ဆိုးတွေ အငြင်းအခုန်လုပ်နေကြတဲ့ပွဲမှာ ဝင်မပါတာပဲကောင်းပါတယ်လေ. . . ဘယ်သူ ဘာပြောပြော ရုပ်အချောဆုံးက အဖြူရောင်ဝမ်းဆက်လေးဝတ်ပြီးတော့ လှတပတထိုင်နေတဲ့ ဟောဒီက ပြုံးပြုံးဆိုတာ မနေ့ကတည်းက ငါ့ရဲ့ချစ်သူက အသေအချာပြောငိုက်ပြီးသား"

ပြုံးပြုံးက ခပ်တည်တည်ဖြင့်အမှတ်ဝင်ယူသည်။

"နင်မသိတာတစ်ခုတော့ ပြောရဦးမယ်မယ် ပြုံးပြုံး"

"ဘာကိုလဲ"

ရုတ်တရက်ဖြတ်၍ဆိုသော အေးကို၏စကားကြောင့် ပြုံးပြုံးက မေးခွန်းပြန်ထုတ်သည်။

"နင့်ချစ်သူဆိုတဲ့လူကို ညက မျက်စိမျက်မှန်စမ်းသပ်ခန်းတစ်ခုမှာ တွေ့လိုက်တယ်. . . သူ့အမြင်တွေ ဝေဝါးပြီး ဘာမှသဲသဲကွဲကွဲမမြင်ရလို့ မျက်စိလာစမ်းတာတဲ့. . . နေ့လယ်ခင်းတုန်းကတောင်မမြင်မစမ်းနဲ့ ကောင်မလေးတစ်ယောက်ကို ရမ်းသမ်းပြီးချီးမွမ်းခန်းဖွင့်လိုက်သေးဆိုလား. . . ကြည့်ရတာ အဲဒီတစ်ယောက်က နင်ဖြစ်မယ်"

"အောင်မာ မာ"

ပြုံးပြုံးက အောင့်သက်သက်ဖြင့် အီလည်လည်ကြီးပြုံးရင်း 'အောင်မာ မာ'ဟုဆိုသည်မို့ အားလုံးရယ်ဖြစ်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဆောင်အပြီး ဧည့်သည်တွေအကုန်ပြန်သွားသော အခါတွင်မတော့ သတို့သမီး၊ သတို့သားတို့၏နှစ်ဖက်သော မိဘ အသိုင်းအဝိုင်းများသာ ဓာတ်ပုံရိုက်ရန်ကျန်ခဲ့ကြသည်။

သူတို့အားလုံး စကြနောက်ကြဖြင့် ဓာတ်ပုံရိုက်ဖြစ်ကြသည်။

"ကိုသူရတို့သုံးယောက်ကိုကြည့်ရတာ ထားထားတို့ကိုကြည့် ပြီး အားကျနေပုံပဲ"

"ဘယ်လိုပြောလိုက်ပါလိမ့်ဗျာ. . . အားမကျဘဲ နေပါ့မလား . . . ခက်တာက အခုထိသတို့သမီးလောင်းက မ OK သေးဘူးဗျ"

ငွေးမောင်က ထားထား၏အဆိုကို ပြန်၍ချေပရင်းရယ် သည်။

"အရမ်းလှတာပဲကွာ. . . အသက်ရှူဖို့တောင် မေ့သွားတဲ့ အထိပဲ"

လူတွေ သူ့အာရုံနဲ့သူရှိနေကြတုန်း သူမနားကပ်ကာ သူခပ် တိုးတိုးဆိုဖြစ်သည်။

"မုန့်ကျွေးရမလား. . . စားပွဲထိုးကိုမှာလိုက်မယ်လေ. . . ကျန်စုရှင်းတွေ ရှိသေးလားလို့"





"ဟာကွာ - အစ်ကို့ကို အကျန်တွေပဲစေတနာရှိတဲ့သဘော လား"

အီလည်လည်ဖြင့်ဆိုသော သူမ၏စကားကြောင့် သူမက ရှက်ဝဲဝဲဖြင့်ရယ်သည်။

"သူများတွေမင်္ဂလာဆောင်တော့ အားမကျဘူးလား"

"အားမကျပါဘူး. . . အပျိုကြီးလုပ်မှာ"

သူမက ကလေးတစ်ယောက်လို လက်ပိုက်ရင်းကဆိုသည်။

"အပျိုကြီးလုပ်မှာဆိုတဲ့လေသံက ပျော့နေသလားလို့"

သူ့စကားကြောင့် သူမက ရှက်ဝဲဝဲဖြင့်ရယ်သည်။

"ညီမလေး - အဲဒီလိုရယ်တာကို မတွေ့ရတာတောင် ကြာ ပြီ. . . အရမ်းလွမ်းတာပဲကွာ. . . ညီမလေးရော ကိုယ့်ကိုမလွမ်းဘူး လား"

"ဘာဆိုင်လို့လွမ်းရမှာလဲ"

ဟု သူမက ခပ်ဆောင့်ဆောင့်တုံ့ပြန်သည်။

"ဘယ်လိုနေနေ. . . ညီမလေးက အရမ်းချစ်ဖို့ကောင်းတာ ပဲ"

"ဟောတော့. . . ဒီလောက်လူတွေ အလုပ်ရှုပ်နေတဲ့ကြား က ရည်းစားစကား လာပြောတဲ့လူကရှိသေးတယ်"

"ချစ်တာကိုး"

မျက်နှာပူပူဖြင့်ပင် ဆက်ဆိုဖြစ်သော သူ့စကားကြောင့် သူမ က ရှက်အမ်းအမ်းဖြင့် မျက်စောင်းထိုးသည်။

"ဟိုနှစ်ယောက်. . . ဓာတ်ပုံရိုက်မယ် လာ"

အာပြဲကြီးနှင့်အော်သော ငွေးမောင်၏အော်သံကြောင့် သူမ က ဒုတိယမ္ပိ ဒိုင်းခနဲ သူ့ကိုမျက်စောင်းထိုးပြန်သည်။

စကားလေးအရှိန်ရအောင်တောင် မဆိုရသေးခင်မှာ ဝင်၍



www.burmeseclassic.com

www.burmeseclassic.com



ဖျက်သောအဖျက်သမားငွေမောင်ကို လှမ်းကြည့်တော့ သကောင့်သား က 'မှတ်ထား'ဆိုသည့်သဘောဖြင့် ပြောင်ပြသည်မို့ သူ လက်သီးဆုပ် ပြဖြစ်သည်။

ဘာပဲပြောပြော သူ့မအနေအထားက သိပ်တော့ဆိုးဆိုးရွားရွားကြီး တုံ့ပြန်မှုမရှိဟု ကိုယ့်ကိုယ်ကိုယ်အားပေးပစ်လိုက်သည်။

* * *

အေးကိုနှင့်ငွေမောင်တို့နှစ်ကောင်ကတော့ အသီးသီး သူတို့ ကောင်မလေးများထံမှ အဖြေရကာ OK သွားကြပြီဖြစ်သည်။

"မင်းကွာ. . . ပေလီကပြန်လာတာပဲ သုံးလပြည့်တော့မယ် . . . အခုထိ အဖြေမရသေးဘူး - ဟုတ်လား. . . ကြည်ပြာတို့ အားလုံးကလည်း ဝိုင်းပြီးတွန်းပေးနေကြရဲ့သားနဲ့"

"ငါကလည်း အဲဒါကိုပဲမချင့်မရဲဖြစ်နေတာ. . . တောက် - ပြောရင်းနဲ့ တင်းလာပြီ. . . မင်းစဉ်းစားကြည့်. . . ခါးခါးသီးသီးလည်း ငါ့ကိုမငြင်းဘူးကွာ. . . ရည်းစားစကားပြောပြန်တော့လည်း ဟိုကွေ့ ဒီရှောင်နဲ့"

ပြောရင်းနှင့် ဒေါသက ခပ်ထွက်ထွက်ရှိလာသည်မို့ လက်ဖက်ရည်ခွက်ကိုဆေးကာ ကျင်းထားသောရေနွေးကို လမ်းမပေါ် ခပ်ဆောင့်ဆောင့်ပင်ပက်ဖြစ်သည်။

"အား"

စောစောက လူရှင်းနေသည်မို့ လှမ်းအပေါက်မှာမှရောက်လာသော လူတစ်ယောက်၏ခြေဖမိုးပေါ်သို့ ရေနွေးကြမ်းက ကွက်တိပက်မိရက်သားဖြစ်ကာသွားသည်။ ထိုလူက 'အား'ခနဲအော်ရင်း ဒေါသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လာသည်မို့ သူကမန်းကတန်းတောင်းပန်ဖြစ်သည်။

"ကန်တော့နော်. . . ကန်. . ."

သူစကားကို သူဆုံးအောင်မပြောလိုက်ရ။ ထိုလူကြီးကိုကြည့်ပြီး အံ့အားသင့်သွားသောကြောင့်ဖြစ်သည်။ ၎င်းအန်ကယ်ကြီးကား အခြားမဟုတ်။ သူ Hotel မှာ ဖေဖေ့ Lesson ပေးခြင်းခံရသောအချိန်က soup cup ဖြင့် ပြဿနာတက်ခဲ့သော အန်ကယ်ကြီးဖြစ်နေသည်။

"သြ - မင်းကိုး"

"အန်. . အ. . အန်ကယ်. . . ကျွန်တော်တောင်းပန်. . ."

"တော်စမ်းကွာ. . . တော်ကဲ - မင်းနဲ့မှာလာဆုံရတယ်လို့ကွာ. . . မင်း - အား. . ပူတယ်ကွ"

"ကျွန်တော် ဘာလုပ်ပေးရမလဲဟင်"

"ဘာမှလုပ်မပေးနဲ့. . . ဘာမှလုပ်ပေးစရာမလိုဘူး. . . တော်တော်လည်း နမော်နမဲ့နိုင်တဲ့ကောင်. . . လူသွားလမ်းပေါ်ကို ရေနွေးပူနဲ့ပက်စရာလားကွ. . . မင်း ဒီလောက်တောင်နားလည်မှု မရှိဘူးလား. . . မင်း လူမှဟုတ်ရဲ့လား. . . လူဆိုတာ လူလိုနေတတ်ရတယ်ကွမှတ်ထား"

"ဟာ - အန်ကယ် ကျွန်တော်တောင်းပန်တယ်လေ. . . ကျွန်တော် တမင်လုပ်တာမှမဟုတ်တာ. . . အန်ကယ်က ဟိုဘက်ကနေ ရုတ်တရက်ထွက်လာလို့ဖြစ်သွားတာ. . . ဒီလောက်တောင်းပန်နေတာမှ မကျေနပ်ရင်လည်း မတတ်နိုင်ဘူးဗျာ"

"ဘာကွ - မင်းစကားပြောတာ ရင့်လှချည်လား"

ထိုအန်ကယ်ကြီးက သူ၏တုံ့ပြန်စကားကြောင့် 'ဘာကွ'ဟု အော်ရင်း အတော်ကြီးဒေါကန်သွားပုံရသည်။ ဌေးမောင်က

"ကျွန်တော်တို့ ကြားထဲကနေဝင်တောင်းပန်ပါတယ်





အန်ကယ်. . . စိတ်မရှိပါနဲ့ဗျာ"

"အေး - ငါကလည်း ဒီလိုခပ်ညံ့ညံ့ ခပ်တုံးတုံးကောင်နဲ့ စကားမပြောချင်ပါဘူး. . . စားပွဲထိုးတောင်မှ ထက်ထက်မြက်မြက် စားပွဲထိုးမဟုတ်ဘူး. . . အတော်ဖျင်းတဲ့စားပွဲထိုး. . . တောက်! တော်တော်လည်းရှုံ့ဖို့ကောင်းတဲ့ကောင်"

"ဘာဗျ"

သူ 'ဘာဗျ'ဟုပြောချိန်မှာ ထိုအန်ကယ်ကြီးက ချာခနဲလှည့်ထွက်ကာသွားသည်။ ဌေးမောင်နှင့်အေးကိုက သူ့ကိုဆွဲကာထားသည်။

"မင်းကလဲကွာ. . . ကိုယ့်ဦးလေးအရွယ်လောက်ရှိတဲ့လူပဲကွာ. . . သည်းခံလိုက်စမ်းပါ. . . ဒါနဲ့ မင်းဟိုတစ်ခါကပြောတဲ့ Hotel မှာ ပြဿနာတက်ခဲ့တယ်ဆိုတာ ဒီအန်ကယ်ကြီးလား"

"အေး"

သူ 'အေး'ဟုသာ တစ်ခွန်းတည်းဆိုဖြစ်သည်။

"တော်တော်ပူသွားတယ်နဲ့ တူတယ်. . . မျက်နှာကြီးကိုနီလို့"

"တောင်းပန်နေတာပဲကွာ. . . ဘာကိစ္စ လူဆိုတာ လူလိုနေတတ်ရတယ်တွေ ဘာတွေလာပြောနေတာလဲ မသိဘူး"

"ထားလိုက်ပါကွာ"

အေးကိုက သူ့ပခုံးကိုပုတ်ရင်းဆိုသည်။

"ဒါနဲ့ မနက်ဖြန် ပြုံးပြုံးရဲ့မွေးနေ့အတွက် ဘာလက်ဆောင်ဝယ်ရမလဲမသိဘူး"

ဌေးမောင်က စကားလမ်းကြောင်းပြောင်းသည့်အနေဖြင့် ဆိုသည်။ မနက်ဖြန် ပြုံးပြုံး၏မွေးနေ့ပါတီမှာ သူမနှင့်တော့ ဆုံရဦးမည်ဆိုသောအသိကြောင့် စောစောကဖြစ်ခဲ့သောဒေါသတို့ကို သူမေ့လျော့ကာသွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ပြုံးပြုံး၏ Birthday Party က ပြုံးပြုံး၏အိမ်မှာပင် အကျဉ်းရုံးကာလုပ်သည်မို့ ဧည့်သည်များများစားစားမရှိ။ သူတို့ အပေါင်းအသင်းများသာဖြစ်သည်။ စားပြီးသောက်ပြီး ဧည့်သည်များ ပြန်ကုန်သောအခါ သူတို့အုပ်စုလေးငါးယောက်သာ ကျန်ခဲ့သည်။

"ကိုယ့်ကို အဖြေမပေးသေးဘူးလား"

"ဒီနေ့ည အေးတယ်နော်"

သူမနားကပ်ကာ ခပ်တိုးတိုးဆိုသောစကားကို သူမက ရှူးချင်ယောင်ဆောင်ကာ စကားလမ်းကြောင်းလွှဲပစ်သည်မို့ ထုံးစံအတိုင်း သူမချင့်မရဲဖြစ်သွားရသည်။

"ဟေ့ - ငါကြားတယ်နော်. . . ဘာအဖြေတွေတောင်းပြီး ဘာတွေအေးနေကြတာလဲ"

အာပြကြီးဖြင့် နောက်မှအော်သော ကြည်ပြာ၏အသံစူးကြီးကြောင့် သူတို့နှစ်ယောက်လန့်သွားကြသည်။ ငွေမောင်တို့ သက်နွယ်တို့ပါ ဘေးသို့ရောက်လာကြသည်။

"ဒီလိုကွ. . . ငါက သနျာအဖြေကိုတောင်းတာ. . . သူက မပေါင်းတတ်ဘူးဖြစ်နေတယ်. . . ကဲ - ညီမလေး လေးဆယ်နဲ့လေး





ဆယ်ပေါင်း ဘယ်လောက်လဲ အမြန်ဖြေ"

သူက တမင်စကားလမ်းကြောင်းပြောင်းကာ မေးဖြစ်သည်။ သူမကလည်း အူကြောင်ကြောင်ဖြစ်ရာက ကမန်းကတန်းပင်စဉ်းစားပြီး

"ရှစ်ဆယ်"

ဟုဖြေသည်။

"ကဲ - သူငယ်ချင်းတို့ အားလုံးကြားတယ်နော်. . . ကိုယ်က သူ့ကိုအဖြေတောင်းတယ်. . . သူကလည်း ကိုယ်လိုချင်တဲ့အဖြေကိုပေးတယ်. . . ငါတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီ"

"ဟ - ဘာလဲကွ. . . အူကြောင်ကြောင်နဲ့"

ငွေမောင်က သူ့ကိုမျက်လုံးပြူးကြီးနှင့်ကြည့်ရင်း ဆိုသည်။ သက်နွယ်က ငွေမောင်၏ပါးစပ်ကိုလှမ်းပိတ်ရင်း 'အသာနေ'ဟု မျက်ရိပ်ပြသည်။

"ဘာကိစ္စ ချစ်သူဖြစ်ရမှာလဲ. . . ရှူးချင်ယောင်မဆောင်နဲ့နော်. . . ဘာမှမဆိုင်ဘူး"

သူမက မျက်နှာကြီးနီလျက် သူ့ကိုဆိုသည်။

"အာ - ညီမလေးပဲ အစ်ကို့ကို စောစောကအဖြေပေးတယ်လေ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ. . . ဒါပေမဲ့"

"ရတယ်. . . မဒါပေမဲ့နဲ့တော့. . . အဖြေပေးပြီးပြီဆိုရင် ပြီးပြီပေါ့"

သူ၏ပြုံးစိစိဖြင့် ပခုံးတွန့်ရင်းဆိုရှာသောအဆိုကြောင့် သူမက

"အာ - မဆိုင်ဘူးလေ. . . ညီမလေးပေးတဲ့အဖြေက သနျာမေးခွန်းဆိုလို့ ဖြေလိုက်တာလေ"

"ဘာပဲပြောပြော ကိုယ်လိုချင်တဲ့အဖြေကိုတော့ ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲမဟုတ်လား"

သူ၏ကပ်သီးကပ်သပ်အဆိုကြောင့် သူမဒေါသထွက်လာဟန်တူသည်။

"မဆိုင်တာကို ဆွဲမထည့်နဲ့လေ. . . ကိုသူရမေးတာက လေးဆယ်အပေါင်း လေးဆယ်က ဘယ်လောက်ရလဲလို့ မေးတာလေ"

"ဟုတ်တယ်လေ. . . အဲဒါကို ညီမကချစ်တယ်လို့ အဖြေပေးခဲ့တာလေ"

"အာ - ရှစ်ဆယ်လို့ပြောတာပါ. . . အူကြောင်ကြောင်နဲ့ တစ်ပတ်မရိုက်ချင်နဲ့"

"မဟုတ်ဘူး. . . ညီမချစ်တယ်လို့ပြောတာမယုံရင် သူတို့ကို မေးကြည့်"

ခပ်တည်တည်ဖြင့် ကြည်ပြာတို့ဘက်လှည့်ကာ မျက်စိတစ်ဖက်မှိတ်ပြရင်း

"မေးကြည့်"ဟုဆိုဖြစ်သည်။

"ဟုတ်တယ် - ဟုတ်တယ်. . . နင် ကိုသူရကိုချစ်တယ်လို့ အဖြေပေးလိုက်တာ ငါလည်းသေသေချာချာကြားတယ်"

ချက်ဆို နားခွက်ကမီးတောက်သောကြည်ပြာက မျက်စိစုံမှိတ်ကာ သူ့ဘက်မှရှေ့နေလိုက်သည်။

"အာ - ရှစ်ဆယ်လို့ပြောတာ. . . ဟုတ်တယ်နော် သက်နွယ် . . . ထားထား - နင်လည်းကြားလိုက်တယ်မဟုတ်လား"

သူမက မျက်နှာကြီးနီကာစွတ်ငြင်းရင်း ထားထားတို့၊ သက်နွယ်တို့ဘက်ကိုလှည့်ပြီး စစ်ကူတောင်းသည်။

"နင်ကလဲ. . . ကိုသူရကို အရှူးမလုပ်ပါနဲ့ဟယ်. . . ငါတို့လည်း ကြားလိုက်ပါတယ်ဟ. . . နင်ပြောလိုက်တာက ချစ်တယ်တဲ့"

"နင်တို့ သစ္စာမဖောက်နဲ့နော်. . . ငါစိတ်ဆိုးတယ်. . .





တကယ်ပဲ"

ပြောရင်းဆိုရင်း သူမက ဆတ်တောက်ဆတ်တောက်ဖြင့် ခြေဆောင့်ကာ သူတို့အုပ်စုထံမှထ-ကာ ခုံစည်းရိုးရှိနှင်းဆီပင်တို့ဘက် ကို စိတ်တိုတိုဖြင့်ထွက်သွားသည်။

ပြုံးပြုံးက

"ကိုသူရ လိုက်သွားပြီးချော့လိုက်ဦး"

ဟူသော အမူအရာဖြင့် မျက်ရိပ်ပြရင်းတွန်းလွှတ်သည်။

ရယ်လည်းရယ်ချင်၊ ရင်လည်းခုန်ဖြင့် သူ သူမနောက်ကို လိုက်သွားဖြစ်သည်။

"ညီမလေး"

"လာမခေါ်နဲ့"

"စိတ်ဆိုးနေတာလား"

"ဆိုးတယ် ဆိုးတယ်. . . သူများသူငယ်ချင်းတွေကို ဘယ်လိုစည်းရုံးထားလဲ မသိဘူး. . . တစ်ခါတည်း လူညီတော့ ဤကိုကွဲဖတ်ကြတာ. . . လုံးဝကိုမကျေနပ်ဘူး. . . တွေးလေ ဒေါသထွက်လေပဲ"

"ဘာပဲပြောပြော ကျေးဇူးပဲ. . . ကိုယ့်ကိုအဖြေပေးလို့"

ပြောင်ချော်ချော်ဖြင့်ဆိုသော သူ့စကားကြောင့် သူမက ဘာမပြောညာမပြောဖြင့် သူ့ရင်ဘတ်ကို လက်သီးဖြင့်လာ၍ထုသည်၊ မျက်နှာကြီးကလည်း နီလို့။

"ဟ - ဟ. . . ဘာလဲကွ"

"ကြည့်မရလို့ထုတာ. . . ကြည့်လို့ကို မရဘူး. . . ကဲ ကဲ"

သူမ၏လက်သီးနုနုသည် သူ့ရင်ကိုနာကျင်စေနိုင်စွမ်းမရှိပါ။ သူမမျက်နှာမှ ရှက်ဝဲဝဲပုံရိပ်ကိုကြည့်ပြီး သူတစ်စုံတစ်ရာကို ကောင်းကောင်းနားလည်လိုက်သည်။ အရှက်သည်းသောသူမသည် သူ့ကိုချစ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်ကြောင်း နှုတ်မှမဆိုသော်လည်း မျက်ဝန်းမှာမြင်နေရပြီဖြစ်သည်။

လက်သီးတို့ဖြင့်ထုနေသော သူမကို 'ဆတ်'ခနဲဆွဲကာ ရင်ခွင်ထဲသွင်းထားဖြစ်သည်။

"ဟော့လူ. . . ဒါ ဘာလုပ်တာလဲ. . . လွှတ်!"

သူ ဘာမှပြန်မပြောဖြစ်ပါ။ သူမကိုသာ ကျစ်နေအောင်ဖက်ထားဖြစ်သည်။

"ဟော့လူ - ပြောနေတယ်နော်. . . ကိုက်လိုက်ရမလား"

သူမက ယက်ကန်ကန်ဖြင့် သူ့ကိုတွန်းရင်းဆိုသည်။ သူ. . သူမ၏စကားကို နားမထောင်ပါ။ ပို၍တင်းကြပ်စွာ ဖက်ထားပြီး ကောင်းကောင်းကြီး ဆန့်ကျင်ပစ်လိုက်သည်။

တစ်ခါတစ်ရံ၌ လွန်ဆန်ရခဲသောစကားတို့တွင် ချစ်သောသူ၏စကားတို့လည်း ပါဝင်သည်ကိုး။

* * *

"မောင် - အဲဒီတုန်းက တကယ်မတရားဘူး သိလား"

"ဒီလိုမှမညစ်ရင်လည်း အဖြေက တော်တော်နဲ့ရမှာမှ မဟုတ်တာ"

"လူဆိုး"

"ချစ်တာကိုး"

သူတို့အိမ်၏ဧည့်ခန်းမှာထိုင်က သူမလက်ကိုကိုင်ပြီး ကြည်နူးနေသော ကျွန်တော့်ကိုကြည့်ပြီး ငွေးမောင်က

"ကြည့်စမ်း. . ကြည့်စမ်း. . . ရည်းစားသက်တမ်းပဲ ဘာလိုလိုနဲ့ တစ်လကျော်လာပြီ. . . အခုထိ အပိုးကိုမကျိုးသေးဘူး. . . ကဲ ကဲ. . . မင်းယောက္ခမလောင်းကြီးနဲ့ချိန်းထားတယ်ဆို. . . သွားတော့လေ"

"ဪ. . အေး. . . ဟုတ်သားပဲ"

ငွေးမောင်သတိပေးတော့မှ သူသတိရသည်။ ဒီနေ့ယောက္ခမကြီးနှင့် သူချိန်းထားသည်။ ညီမလေးက သူမ၏ဖေဖေတို့ကို သူနှင့်ကိစ္စပြောပြထားသည်တဲ့။ ယောက္ခမကြီးဘက်ကလည်း မီးစိမ်းပြသည်ဟုဆိုသည်။ သို့သော် သူနှင့်လူချင်းမဆုံဖြစ်ကြသေး။ ဖုန်းထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါစကားပြောဖူးသည်။ ညီမလေးထံမှ ပြန်ကြားရသည်က

"သမီးရဲ့ချစ်သူက ယဉ်ယဉ်ကျေးကျေးလေးပဲ"ဟူ၍။

သူသည်လည်း ဖေဖေနှင့်ရော၊ မေမေနှင့်ပါ သူမကိုမိတ်ဆက်ပေးပြီးဖြစ်သည်။ အားလုံး OK သည်။ ဖေဖေက ဒီဝါကျွတ်ပါက မိန်းမလိုက်တောင်းပေးမည်ဟုဆိုသည်။

ယောက္ခမကြီးနှင့်တွေ့ပြီး ကုမ္ပဏီကိုဝင်ရဦးမည်ဖြစ်သည်။ ဖေဖေမေ့ကျန်ခဲ့သော ဖေဖေ၏ဂေါက်ရိုက်သွားလျှင် ဆောင်းသော ဦးထုပ်နှင့် ဖေဖေ့နေကာမျက်မှန်ကိုလိုက်ပေးရမည်ဖြစ်သည်။ ဖေဖေကအိမ်ပြန်မလာတော့ဘဲ ကုမ္ပဏီမှ ဂေါက်ရိုက်ရန် ချက်ချင်းသွားမည်မို့ဖြစ်သည်။

ယောက္ခမကြီးနှင့်ချိန်းထားသောဆိုင်သို့ ရောက်သောအခါ သူတို့သာ အရင်ရောက်ပြီး ယောက္ခမကြီးမရောက်သေး။

"အစ်ကို - ဘာမှမကြောက်နဲ့နော်. . . ဖေဖေက သဘောကောင်းပါတယ်"

"အင်းပါ"

ညီမလေးက သူ့လက်ကိုဆုပ်ကာ အားပေးရင်းဆိုသည်။

"ဟော - ပြောရင်းဆိုရင်း ဖေဖေလာပြီ"

ဝမ်းသာအားရဖြင့် အဝင်တံခါးဝဘက်ကိုလာနေသောသူကိုကြည့်၍ သူမကဆိုသည်။ အဝေးမှလာနေသော ညီမလေး၏အဖေကိုကြည့်ရင်း သူ့သွေးတက်ကာ နှလုံးသွေးရပ်လုမတတ် လန့်ဖျပ်သွားရသည်။ ထိုလူကား သူနှင့်နှစ်ကြိမ်တိုင်တိုင် ကောင်းကောင်းကြီးပြဿနာတက်ဖူးသော ဟိုအန်ကယ်ကြီး။

ထိုအန်ကယ်ကြီးကား တဖြည်းဖြည်းနှင့်နီးလာပြီဖြစ်သည်။ သူ၏ရင်ခုန်သံတို့ကား ဖြောင်းဆန်လျက်။ သီးသန့်ခန်းမို့ ဝင်ပေါက်ထွက်ပေါက်ကလည်း တစ်ပေါက်တည်းသာရှိသည်။ ထွက်ပြေးရန်





လည်း အချိန်မရတော့။ ရှောင်၍တိမ်း၍ ဘယ်လိုမှမဖြစ်နိုင်တော့။

ဖောချွေးတွေပျံရင်း သူ့ရှေ့မှာချထားသော ဖေဖေ့မျက်မှန်နှင့် ဦးထုပ်ကိုသွားတွေ့သည်။ ဝမ်းသာအားရပင် သူကောက်စွပ်ဖြစ်သည်။

"အာ - အစ်ကို ဘာလုပ်တာလဲ"

"အသာနေ"

အရေးထဲ စစ်ဆေးရေးဝင်နေသောသူမကို အံကြိတ်ကာဆိုဖြစ်သည်။ ရင်ထဲမှာတော့ လျှော်တွေလှုပ်ကာနေသည်။

"ဖေဖေ"

"အေး အေး"

ဝင်လာသောယောက္ခမကြီးကို သူမက ဝမ်းသာအားရနှုတ်ဆက်သည်။ ထိုအန်ကယ်ထိုင်ပြီးချိန်မှာ သူမက မိတ်ဆက်ပေးသည်။

"ဖေဖေ - ဒါ အဟီး. . သမီးပြောတဲ့ ကိုသူရတဲ့. . . မောင် - အဲလေ - ကိုသူရ. . ဒါ ဖေဖေ"

"အေးကွယ် - တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့"

လက်ပေးလာသောကြောင့် လက်ဆွဲနှုတ်ဆက်လိုက်ရချိန်မှာ သူ့နှလုံးတွေက ရပ်တန့်လုမတတ် ခုန်ကာနေသည်။

"လက်တွေတုန်ပြီး ချွေးစေးတွေပျံလို့ပါလား. . . လွတ်လွှာ လပ်လပ်နေလို့ရပါတယ်. . . ကဲ ကဲ. . မှာကြ. . . ဖေဖေက ဟိုမှာ စားခဲ့ပြီ"

စားခဲ့ပြီဆိုသော ယောက္ခမကြီး၏စကားကြောင့် သူ့အတော်ကြီးဝမ်းသာသွားရသည်။

"ဟုတ်လား - ကျွန်တော်တို့လည်း စားပြီးသားပါ"

"မောင် - အဲ အဲ - ကိုသူရ ဖြူတို့ ဘာမှမစားရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ အထူအပါးနားမလည်သောသူမကို စားပွဲအောက်ကနေ ခြေထောက်ဖြင့်နင်းရသေးသည်။

"ဒါဆိုလည်း ကောင်းတာပဲ. . . သမီးရယ် - ဖေဖေလည်း ဒါပြီးရင် သွားစရာကရှိသေးတယ်. . . ကဲ ကဲ - ဒါဆိုလည်း နောက်ရက်မှ အေးအေးဆေးဆေးအချိန်ယူပြီး တွေ့ကြရင်မကောင်းဘူးလား"

"ကောင်းတယ် အန်ကယ်. . . ကောင်းတယ်"

"အေး အေး. . ဒါဖြင့် သွားကြမယ်လေ. . . ဒါနဲ့မောင်ရင့်ကို တွေ့ဖူးသလိုလိုပဲ"

ယောက္ခမကြီး၏အပြောကြောင့် သူ့ရင်ခုန်သံတွေတောင် ရပ်သွားသလားဟု သူ့ကိုယ်သူထင်လိုက်ရသည်။

"လူတူမရှား၊ နာမည်တူမရှားပေါ့ အန်ကယ်ရယ်. . . အဟဲဟဲ"

"အေး ဟုတ်တယ်. . . အန်ကယ်လည်း ရင်းရင်းနှီးနှီးကို တွေ့ဖူးသလိုလိုပဲ. . . ကဲ ကဲ. . သွားကြ. . သွားကြ. . . သွားစရာရှိရာ သွားကြ. . . သမီး - ဖေဖေလည်း ဆီဗိုးနားကိုသွားလိုက်ဦးမယ်"

အန်ကယ်၏စကားကြောင့် သူ့ဝမ်းသာလုံးတွေ ဆို့သွားရသည်။ နောင်ခါလာ နောင်ခါစေ့း။ လောလောဆယ် အကျပ်အတည်းမှလွတ်မြောက်သွားသည်မို့ သူ ဝုန်းခနဲ ထ-ရပ်ဖြစ်သည်။

"ဒါဆို သွားတော့မယ်နော် အန်ကယ်. . . တာ့ တာ"

"အေး အေး"

အန်ကယ်ကြီးကိုနှုတ်ဆက်ပြီး သူမ၏လက်ကိုဆွဲကာ သူ ကမန်းကတန်းထွက်လာဖြစ်သည်။ စားသောက်ဆိုင်၏အပြင်ရောက်သောအခါ သက်ပြင်းကို ကမန်းကတန်းချရင်း သူမလက်ကိုဆွဲကာ နောက်ကိုလှည့်မကြည့်စတမ်းလာတုန်းမှာ မိုးခြိမ်းသံကြီးကို သူကြားလိုက်ရသည်။

ကော်ပင်မြို့မ စာအုပ်တိုက်



ထိုမိုးချိန်းသံကား မိုးပေါ်မှမဟုတ်။ ယောက္ခမကြီးထံမှဖြစ်သည်။

အော်လိုက်သည့်အသံကား. . .

***"ဟေ့ကောင် - မင်းကိုငါ ကောင်းကောင်းမှတ်မိပြီ. . . ခွေးသူခိုး စားပွဲထိုး. . . ငါ့သမီး လက်ကိုအခုလွှတ်"*** ဟူ၍။

ပျော်ရွှင်ရယ်မောနိုင်ကြပါစေ
ပြည့်ပိုင်မှုုးအိမ်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့။ ကျွန်တော့်သဘောအတိုင်းသာဆိုရင်တော့ ဒီဇာတ်ကို အဲဒီအော်သံကြီးနဲ့ပဲ သိမ်းပစ်မှာပါ။ ဒါပေမဲ့ အဲဒီလိုသာ သိမ်းပစ်လို့ကတော့ "ဘာကြီးလဲဟ"ဆိုပြီးတော့ တချို့ပရိသတ်တွေဆီက မေတ္တာပို့သံတွေကိုကြားရမှာ သေချာပါတယ်။ တချို့သော ပရိသတ်တွေကလည်း ဒီလိုမချင့်မရဲနဲ့သိမ်းပစ်တဲ့ Half feel ကို ကြိုက်ကြမှာပါ။ ဒါကြောင့် ကျွန်တော့်ပရိသတ်တချို့အတွက် နောက်ဇာတ်သိမ်းတစ်ခုကို ဖန်တီးပေးလိုက်ပါတယ်ခင်ဗျာ။

ပရိသတ်ကြီးအား
ကျေးဇူးတင်စွာဖြင့်
ပြည့်ပိုင်မှူးအိမ်



www.burmeseclassic.com

www.burmeseclassic.com



"အခုလွတ်"

ဟူသော အန်ကယ်ကြီး၏အော်သံကြောင့် သူ တွံ့ခနဲရပ်ဖြစ်သည်။ ရင်ခုန်သံတို့က ဝုန်းဒိုင်းကြကာနေသည်။

ကျောအပေးလိုက်ကြီးဖြင့်ရစ်နေရသော်လည်း သူကျောမလုံပါ။ သူမက သူ့မျက်နှာကိုတစ်လှည့် သူမ၏ဖေဖေမျက်နှာကိုတစ်လှည့် ကြည့်ရင်း အံ့အားတွေသင့်ကာနေသည်။

"မောင် . . ဖေဖေအော်လိုက်တာ . . . မောင် မောင့်ကိုလား"

မယုံရဲယုံရဲဖြင့်ဆိုလာသော သူမ၏မေးခွန်းကို သူခေါင်းညိတ်ပြဖြစ်သည်။ အန်ကယ်ကြီးက တရုတ်သိုင်းကားများထဲမှ အဆင့်မြင့်ကိုယ်ဖော့သိုင်းသမားတစ်ယောက်လို လှစ်ခနဲသုတ်သုတ်ရောက်လာပြီး သူမ၏လက်ကိုဆွဲကာထားသည်။

ပြီး

"သမီး - လာ . . ဆိုင်ထဲကိုလိုက်ခဲ့ . . . ဖေဖေ လမ်းပေါ်မှာ စကားမပြောချင်ဘူး . . . ဟိုကောင် - မင်းလည်းလိုက်ခဲ့"

အန်ကယ်ကြီးက သူ့သမီးကို ညင်သာစွာပြောနေရာမှ Mood အလိုလို (အံ့ဩဖွယ်ရာ)ချိန်းသွားပြီး သူ့ကို အာခေါင်သံကြီးဖြင့်





"မင်းလည်း လိုက်ခဲ့"

ဟုဆိုသည်။

ဦးထုပ်ကိုလည်း မချွတ်ဘဲ မျက်မှန်ကိုလည်းမချွတ်ပါဘဲ သူ ကုပ်ချောင်းချောင်းဖြင့် သူမတို့သားအဖနောက်မှ လိုက်သွားဖြစ်သည်။ သူမကတော့ သူမ၏အဖေခေါ် ရာနောက်ကို ကြောင်တောင်တောင်ပါသွားရင်းက သူ့အားပြန်လှည့်ကြည့်ရင်း

"ဘာတွေဖြစ်ကုန်တာလဲ"

ဟူသောသဘောဖြင့် မေးလှမ်းငေါ့ပြသည်။ သူပခုံးကိုသာ တွန့်ပြဖြစ်သည်။

ဆိုင်ထဲရောက်တော့ ထိုင်နေနှင့်ပြီဖြစ်သော သူမတို့သားအဖနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မှာပင် သူဝင်ထိုင်ဖြစ်သည်။

သူမ၏အဖေဖြစ်သူ အန်ကယ်ကြီးကတော့ သူ့ကို မီးဝင်းဝင်းတောက်နေသော စူးရှရှမျက်လုံးများဖြင့် မနေတတ်မထိုင်တတ်ဖြစ်လာသည်အထိ စိုက်၍ကြည့်သည်။ အတန်ကြာတော့မှ

"လူဆိုတာ ကိုယ်နဲ့တန်ရာတန်ရာကို မှန်းရတယ်ကွ . . . မင်းလိုစားပွဲထိုးက ငါ့သမီးနဲ့ ဘယ်တင့်တယ်ပါ့မလဲ . . . ကဲ - ငါက မင်းနဲ့ငါ့ သမီးကိုသဘောတူပါပြီတဲ့ . . . မင်းလိုစားပွဲထိုးတစ်ယောက်က ငါတို့အသိုင်းအဝိုင်းနဲ့လျော်ညီတဲ့ မင်္ဂလာဆောင်မျိုး ဘယ်လုပ်ပေးနိုင်မလဲ . . . ငါ့သမီးကို ငါတို့ထားသလိုမပြောနဲ့ . . . ထမင်းနပ်မှန်အောင် ကျွေးထားနိုင်ရင်တောင် ကံကောင်း"

အန်ကယ်ကြီး၏စကားအဆုံးမှာ သူစိတ်ထဲမှကြိတ်ရယ်ဖြစ်သည်။ ယောက္ခမလောင်းကြီးက အခုထိ သူ့ကိုစားပွဲထိုးဟုသာ သိထားနေသည်ကိုး။ သူမကတော့ ဘာမှမသိသူမို့ မျက်လုံးအပြူးသားဖြင့်သာ သူမ၏အဖေကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်၍သာနေသည်။

"သမီးကိုလည်း ဖေဖေမေးပါဦးမယ် . . . ငါ့သမီးရဲ့အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းနဲ့ ကြိုက်စရာရှားလို့. . . ဒီလိုစားပွဲထိုးကိုမှ ကြိုက်ရသလား သမီးရယ်. . . ထက်ထက်မြက်မြက်စားပွဲထိုးဆိုရင် ဖေဖေမပြောဘူး . . . ခုဟာက စားပွဲထိုးတောင်မှ အရည်အချင်းမရှိတဲ့ ခပ်ညံ့ညံ့စားပွဲထိုး"

"အာ - ဖေဖေမှားနေပြီ. . . မောင်က Hotel ပိုင်ရှင်ပါ ဖေဖေရဲ့"

သူမဖေဖေ၏စကားအဆုံးမှာ သူမက ဖြတ်၍ဆိုသည်။

"အဟော် - ငါ့သမီးတောင် ဒီကောင်ရဲ့ရှိုးလုံးတွေထဲ ရောက်နေပြီကိုး. . . ပြောစမ်းပါဦးကွာ. . . အပျင်းပြေနားထောင်ကြည့်ရအောင်. . . ဘယ်မှာလဲ မင်းရဲ့ Hotel. . . လကမ္ဘာပေါ်မှာလား? အဟွန်း ဟွန်း"

တမင်လုပ်ကာ ရယ်ရင်းဆိုသော အန်ကယ်၏အမေးစကားကြောင့် သူနည်းနည်းတော့ အောင့်သက်သက်ကြီးဖြစ်သွားရသည်။ သို့သော် သူစိတ်ကိုအတတ်နိုင်ဆုံးလျှော့၍ထားသည်။ မလျှော့၍လည်း မရ။ လူကြီးနှင့်လူငယ်ဖြစ်နေသည်။ ပို၍ဆိုးတာက သူမ၏ဖေဖေ (သို့) သူ၏ယောက္ခမလောင်းဖြစ်နေသည်။

"အန်ကယ့်ပေါ်ကို soup cup လွတ်ကျခဲ့တဲ့ Hotel က ကျွန်တော့်ဖေဖေရဲ့ Hotel ပါ"

သူ့စကားအဆုံးမှာ အန်ကယ်ကြီးက ဟာသပြက်လုံးတစ်ခုကိုကြားလိုက်ရသလိုမျိုး ပက်ပက်စက်စက်ကြီး ထရယ်သည်။

"ဟား ဟား ဟား. . . မင်းအတော်ရယ်ရတဲ့အကောင်ပဲ . . . မင်းရဲ့စကားကို ငါ့သမီးတော့ယုံချင်ယုံလိမ့်မယ်. . . ငါ့အတွက်ကတော့ ဟာသပဲကွ. . . မင်းကိုငါပြောလိုက်မယ်. . . အဲဒီ Hotel အုံနာနဲ့ငါက Golf အတူရိုက်ဖက်ကွ. . . အခု သူ့ကိုလှမ်းခေါ်ပြီး မင်းကိုလိမ်လည်မှုနဲ့ ထောင်ထဲပို့ပစ်လို့ရတယ်. . . မင်းနားလည်လား





. . . ကဲ ကဲ. . . ငါ အခုစိတ်ကောင်းဝင်နေတုန်း. . . မင်း ငါ့ရှေ့က ထွက်သွားတော့"

မျက်စိကိုစင်းကာ အထက်စီးလေသံဖြင့် ရုပ်တည်ကြီးနှင့်ဆိုနေသော ယောက္ခမလောင်းကြီးကိုကြည့်ပြီး သူစိတ်လေသွားရသည်။

"မိုးကြိုးပစ်ရစေ့ အန်ကယ်ရယ်. . . ကျွန်တော် မလိမ်ပါဘူး . . . ကျွန်တော့်ဖေဖေနဲ့ ညီမလေးကိုတောင် ဆုံပေးပြီးပါပြီ. . . ဒီဝါကျွတ်တာနဲ့ မိန်းမတောင်းပေးဖို့ပါ"

"တော်စမ်းကွာ"

သူ့စကားမဆုံးမီမှာပင် အန်ကယ်ကြီးက ဖြတ်၍တားသည်။

"ဒါ (. . .) Hotel ပိုင်ရှင် ဦးသိန်းကျော်ပါဆိုပြီးတော့ လိမ်ဆင်ကြီးပြလို့ ရနေတဲ့ကိစ္စ"

"မဟုတ်ဘူး ဖေဖေ. . . အဲဒီ Hotel ရဲ့ MD အခန်းထဲမှာ မိတ်ဆက်ပေးခဲ့တာပါ"

အန်ကယ်ကြီး၏စကားမဆုံးခင်မှာပင် သူမကဖြတ်၍ဆိုသည်။ သူမကိုကြည့်ပြီး ယောက္ခမလောင်းကြီး အနည်းငယ်တော့ ဇဝေဇဝါဖြစ်သွားသည်။ အတန်ကြာမှ

"ဟုတ်ပြီလေ. . . မင်းတို့က အခိုင်အမာဆိုနေတာဆိုတော့ အခုပဲ ကိုသိန်းကျော်ကို ဒီလှမ်းခေါ်လိုက်မယ်. . . ဟုတ်ရင် ဟုတ်ပေါ့ကွာ. . . မဟုတ်လို့ကတော့ လိမ်လည်မှုနဲ့ အထဲဝင်ရပြီလို့သာ မှတ်လိုက်တော့"

ပြောပြီးပြီးချင်းမှာပင် ယောက္ခမလောင်းကြီးက သူ့ခါးမှဖုန်းကိုထုတ်ကာ ဖုန်းခေါ်သည်။ ပြီး သူ့ဘက်လှည့်က

"တွေ့ကြသေးတာပေါ့. . . မင်း ဘယ်မှမသွားနဲ့"

ဟူသောသဘောဖြင့် ခနဲ့တဲ့တဲ့ကြည့်သည်။ ဖုန်းကဝင်သွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို - ကိုသိန်းကျော်. . . ကျွန်တော်ပါ. . . ခင်ဗျား (. .) ဆိုင်ကို ခဏလာခဲ့စမ်းပါဗျာ. . . ခဏလေးပါ. . . ဒီမှာ အရေးတကြီး ပြောစရာရှိလို့"

ဖုန်းပြောနေရင်းက ယောက္ခမကြီးက သူ့ကိုတစ်ချက်လှမ်းကြည့်သည်။ ပြီး

"ဖုန်းထဲကပြောလို့မရဘူးဗျ. . . ခဏလေးလာမှာသာ လာခဲ့စမ်းပါဗျာ. . . ဟုတ်ပြီ. . . ကျွန်တော် ဒီကပဲစောင့်နေမယ်. . . OK . . . OK"

ယောက္ခမကြီးက ဖုန်းကို ဖတ်ခနဲပိတ်လိုက်ရင်းက "မင်း ဘာ တတ်နိုင်သေးတုံး" ဆိုသောသဘောဖြင့် သူ့ကိုကြည့်သည်။ ပြီး

"မင်း အရှက်မကွဲချင်ရင် အချိန်ရှိသေးတယ်နော်. . . သွားချင်တယ်ဆိုရင် ထွက်သွားလို့ရသေးတယ်"

"ဖေဖေ"

သူမက သူမ၏ဖေဖေကို 'ဖေဖေ' ဟုခေါ်ရင်း သူ့ကိုအားတုံ့အားနာဖြင့်ကြည့်သည်။ ပြီး

"ဖေဖေ ကိုသူရကို စားပွဲထိုးအဖြစ်နဲ့တွေ့ရတာက သူ့အပြစ်တစ်ခုလုပ်မိလို့ သူ့ဖေဖေက သူ့ကိုဒဏ်ပေးထားတာ ဖေဖေရဲ့"

"ထားလိုက်ပါ သမီးရဲ့. . . နောက် ငါးမိနစ်ဆိုရင် အဖြေက အတိအကျထွက်တော့မှာပါ"

အောင်နိုင်သူမှသာ ပြုံးလေ့ပြုံးထရှိသောအပြုံးမျိုးဖြင့် အန်ကယ်ကြီးက ခနဲ့ခနဲ့ကြီးပြုံးရင်းဆိုသည်။ ယောက္ခမလောင်းကြီးက အပြင်မှာပြုံးနေသော်လည်း သူကတော့ စိတ်ထဲမှာသာ ကြိတ်ပြီးပြုံးနေသည်။ မကြာခင်မှာ မျက်နှာကြီးနီကာ ရှက်အမ်းအမ်းကြီးဖြစ်နေဦးမည်ကို ကြိုတွေးမိ၍ဖြစ်သည်။

သိပ်မကြာခင်မှာပင် ဖေဖေလာနေသည်ကို ဆိုင်ထဲမှ သူ





လှမ်းမြင်နေရသည်။ ယှဉ်ကာထိုင်နေသော သူမတို့သားအဖကတော့ ဆိုင်အဝင်ဝကိုကျောပေးထားသည်မို့ ဖေဖေလာနေသည်ကိုမသိကြ။

ဖျတ်ခနဲ တံခါးဖွင့်ကာ ဝင်ဝင်လာပြီးချင်း သူ့ကိုတွေ့သော အခါ ဖေဖေက အံ့အားသင့်ကာသွားသည်။

"သား - သားက ဘယ်လိုလုပ်ပြီး ဒီရောက်. . . ဟာ - သမီးကော ရောက်နေပါလား. . . အာ - ပေါက်ပြီ. . . လက်စသတ်တော့ ငါ့ချွေးမလောင်းလေးက ကိုထွန်းသော်ရဲ့သမီးနဲ့တူတယ်. . . ဟုတ်လား"

ဖေဖေက သူမကိုကြည့်ရင်းမေးလိုက်ခြင်းဖြစ်သည်။ သူမက ခေါင်းကလေးပုရင်း 'ဟုတ်' ဟုဖြေသည်။

ယောက္ခမလောင်းကြီးကတော့ ပါးစပ်ကြီးဟကာ သူတို့သုံးယောက်ကို တစ်လှည့်စီကြည့်သည်။ ပြီး မျက်နှာကြီးနီလျက် ရှက်အမ်းအမ်းဖြင့်

"ထိုင်ဗျာ ကိုသိန်းကျော်"

ဟုဆိုသည်။

"ခင်ဗျားဖုန်းဆက်တာ ဒီကိစ္စလား. . . ကျုပ်ရဲ့ချွေးမက ခင်ဗျားသမီးမှန်း မသိလိုက်ဘူးဗျာ. . . သူ့အဖေနာမည်ကိုမေးမယ် မေးမယ်နဲ့ ဆုံလိုက်တိုင်း သူကရှက်ကိုးရှက်ကန်းကြီးဖြစ်ဖြစ်နေတော့ မမေးဖြစ်တာ"

ဖေဖေက ရွှန်းရွှန်းဝေအောင်စကားဆိုနေသလောက် ယောက္ခမလောင်းကြီးကတော့ အိုးတိုးအန်းတန်းဖြင့် ခပ်ငူငူကြီးဖြစ်ကာနေသည်။ သူ ဒီနေရာမှာ ဆက်ရှိမနေသင့်တော့ဟု သူယူဆလိုက်သည်။ ထို့ကြောင့်

"ကဲ - ဒါဆို ဖေဖေတို့စကားပြောကြဦးလေ. . . သားတို့ သွားစရာရှိလို့သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် - အေး. . . သွားစရာရှိရင် သွားလေ"

သူ့စကားကြောင့် ဖေဖေက အထက်ပါအတိုင်းဆိုသည်။ ယောက္ခမလောင်းကြီးကတော့ မျက်ထောက်နီကြီးဖြင့် ဗိုင်းခနဲ လှမ်းကြည့်သည်။

"ဖေဖေ. . . အဲလေ - အန်ကယ်. . . သားတို့သွားလိုက်ဦးမယ်နော်"

ယောက္ခမကြီးဆီကို ခပ်တည်တည်ကြည့်ရင်းဆိုသော သူ့စကားကြောင့် ယောက္ခမကြီး တွန့်ခနဲဖြစ်သွားသည်ကို သူတွေ့လိုက်ရသည်။ 'သား'ဟု သူ့ကိုယ်သူဆိုလိုက်သည်ကတစ်ကြောင်း၊ 'ဖေဖေ' ဟု တမင်မှားခေါ်ပစ်လိုက်သည်ကတစ်ကြောင်းတို့ကြောင့် တွန့်သွားခြင်းလည်းဖြစ်နိုင်သည်။ ယောက္ခမကြီးကတော့

"အေး"

ဟု တစ်ခွန်းတည်း ခပ်ဆောင့်ဆောင့်ပင်တုံ့ပြန်သည်။ သူ အသက်တော်တော်လေးကြီးနေပြီမို့ အန်ကယ်ကြီး အတော်သက်သာသွားသည်။ အကယ်၍ သူသာအသက်နှစ်ဆယ်ကျော်မဟုတ်ဘဲ ငါးနှစ်ခြောက်နှစ်အရွယ်ကလေးတစ်ယောက်သာဆိုလျှင် လျှာကိုထုတ်ပြီး 'ပလူး ပလူး'လုပ်ပြကာ အန်ကယ်ကြီးကိုပြောင်ပြဖြစ်မည်ထင်သည်။ သို့မဟုတ် လက်ညှိုးကွေးချည်ဆန့်ချည်ဖြင့် 'ရှက်. . ရှက်'ဟု ပြောင်ဖြစ်မည်ထင်သည်။

* * *





ပန်းခြံရောက်ပြီး ထိုင်ခုံမှာထိုင်ထိုင်ချင်းမှာပင် သူ ဟက်ခနဲ ရယ်ဖြစ်သည်။ သူမက

"ဘာရယ်တာလဲ"

ဟုမေးသည်။

"ယောက္ခမကြီး ရှက်အမ်းအမ်းကြီးဖြစ်နေတာ တွေးမိလို့ပါ . . . မောင်လေ - ရယ်ချင်လိုက်တာ လွန်ရော"

"ဘာရယ်ချင်လိုက်တာ လွန်ရောလဲ. . . ရယ်စရာလားလူကြီးကို. . . ဖေဖေ့ကို မရိုမသေမလုပ်နဲ့နော်. . . မကြိုက်ဘူး"

သူမက နှုတ်ခမ်းကိုစူရင်းဆိုသည်။

"ဟ - မရိုမသေလုပ်တာမှမဟုတ်တာ. . . ရယ်စရာမို့လို့ ရယ်တာ ဘာဖြစ်လဲ"

"မရယ်ရဘူး"

"ရယ်တယ်ကွာ. . . ရယ်တော့ ဘာလုပ်ချင်လဲ"

"ရိုက်ချင်တယ်. . . ကဲ ကဲ"

ဘုတောသော သူ့စကားကြောင့် သူမက သူ့ပခုံးကို ခပ်ဖွဖွ ရိုက်သည်။

"သြ. . ညီမလေးက မောင့်ပခုံးကိုရိုက်တယ်ပေါ့. . . ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် မောင်ကလည်း ညီမလေးရဲ့ပခုံးကိုကိုက်တယ်ကွာ. . . ကဲ"

ပြောရင်းဆိုရင်း သူမကိုခပ်တင်းတင်းဖက်ကာ သူမ၏ပခုံးကို သူ ခပ်ဖွဖွကိုက်ဖြစ်သည်။

"အား - - အူယားတယ်ကွာ. . . မကိုက်နဲ့"

ခပ်ဖွဖွကိုက်သည်မို့ မနာသော်လည်း သူမက အူအတော်ယားသွားသည် ထင့်။ သူ့ကိုမသိစိတ်ဖြင့် ခဗ်တင်းတင်းပြန်ဖက်ကာ ထားသည်။ ပြီး

"ဘယ်လိုအကောင်တွေမှ ကိုက်တယ်ဆိုတာ မောင်သိတယ် မဟုတ်လား"

ဟုနောက်သည်။

"သိတယ်. . . ကြမ်းပိုးတွေလည်း ကိုက်တာပဲ. . . ခြင်လည်း ကိုက်တာပဲ. . . မောင်ကတော့ ဘာကောင်မှမဟုတ်ဘူး. . . အချစ်ကောင်မို့လို့ ကိုက်တာ"

"မကြားဖူးပေါင်"

သူမက သူ့ကိုတွန်းလွှတ်ရင်းဆိုသည်။

"မကြားဖူးဘူးလား. . . ဒါဆိုရင်လည်း ကြားဖူးသွားအောင် ကိုက်ရသေးတာပေါ့. . . ကဲကွာ. . . ဟမ်း"

"မောင်နော်. . . အား. . ."

သူမက 'အား'ခနဲအော်ရင်း

"မလုပ်နဲ့"

ဟုတားသည်။

"မကိုက်စေချင်ရင် မောင့်ကိုအာဘွားပေး. . . အဲဒါဆိုရင် မကိုက်ဘူး"

တဟဲဟဲရယ်ရင်း ညစ်ကျယ်ကျယ်ဆိုသော သူ့စကားကို သူမက

တော်ဝင်မြို့မ စာအုပ်တိုက်



"ဘာဆိုင်လို့ပေးရမှာလဲ. . . မပေးဘူး"

ဟု ညစ်ကျယ်ကျယ်ပင်တုံ့ပြန်သည်။

"ဟုတ်ပြီလေ. . . ဒါဆိုရင် ကိုက်လည်းကိုက်. . . ဂလိလည်း ထိုးရသေးတာပေါ့"

ပြောပြောဆိုဆို ဟန်ပြင်သောသူ့ကို သူမက

"ဟိုးထား ဆရာ"

ဟုဆိုရင်း တားသည်။

"ဘယ်လိုလဲ. . . အပေးအယူကိစ္စ သဘောတူပြီလား"

"မတူဘူး"

"မတူရင် ကိုက်မှာနော်"

လက်နှစ်ဖက်ကို ဆန့်ချည်ကွေးချည်လုပ်ရင်းဆိုသော သူ့စကားကြောင့် သူမက

"တူတယ်. . တူတယ်"

ဟု ကမန်းကတန်းဆိုသည်။ ကြည့်လိုက်တော့ သူမမျက်နှာမှာ ရှက်သွေးတို့ စို့ကာနေသည်။

ဘာပဲပြောပြော တိုက်ခတ်သမျှသောလေညင်းတို့တွင် အခုပန်းခြံမှာတိုက်ခတ်သောလေညင်းက ပို၍လတ်ဆတ်သည်ဟု ထင်သည်။ ချစ်သူ၏ရှက်သွေးစိုသောပါးပြင်နုကိုဖြတ်ကာ သူ့ဆီသို့တိုက်ခတ်လာသည်ကိုး။

အမှန်အကန် "ပြီးပါပြီ"
ပြည့်ပိုင်မှူးအိမ်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ထုတ်ဝေပြီးသော လုံးချင်းဝတ္ထုများ

♥ ♥ ♥


- မိုးကောင်းကင်ကို လှည့်စားတဲ့ကြယ်
- အချစ်ရဲ့ နက္ခတ်
- ကုန်ကြမ်း
- ပန်းနုရောင်ပြကွက်ထဲက ကကြိုးလုတဲ့ သတို့သမီး
- သတ္တုမပြောက် နတ်သမီး
- အချစ်ကို ကြက်ခြေခတ်ကြေး
- ချစ်သူဆံစမှာမှ ကြွေခချင်တဲ့နှင်း
- ကျူးပစ်ဒ်၏ ရင်ဖွင့်မြား
- ရန်တစ်စင်း၏ တောင်ပံခတ်သံ
- မိုးမျှော်မြစ်ကမ်းမှာ ချစ်သူကိုနမ်းတဲ့ကောင်လေး
- ချစ်သူကိုယ်တိုင် သွန်းခတ်ခဲ့သော သစ်သီးများ
- ခြံခုနစ်တဲ့ကြယ်
- နွေရင်ခွင်အတွက် နှင်းစက်အနမ်း
- မိုးရထားပေါ်က လက်ပြတဲ့ ကောင်မလေး
- လေအနှောမှာ ခြေဆော့တဲ့လိပ်ပြာ
- ကုန်ကြမ်း
- ဆောင်း...သို့
- ကြယ်စီးသံနားထောင်ရင်း လင်းခဲ့သော ရင်ဘတ်များ
- ရန်ကုန်သူနဲ့ တောင်ကြီးသား
- ကောင်းကင်ခြုံထားတဲ့ ညီမလေး
- ချယ်ရီပွင့်ရန် တစ်လအလို
- ဂစ်တာတီးချင်တဲ့ကဗျာ


BURMESE CLASSIC .com

www.burmeseclassic.com